# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့။ Tuesday, 24 December 2024 ၁၁၆၈၀


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။


၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ၏ ဒုတိယမြောက် မြေအောက်လမ်းကူးလူသွားဥမင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## ဥမင်အလျားစုစုပေါင်း ၄၆၁ ပေရှိပြီး ဝင်ပေါက်၊ ထွက်ပေါက် လေးခုပါဝင်ကာ တစ်နာရီလျှင် လူဦးရေ ၁၄၀၀၀ ခန့် ဖြတ်သန်းသွားလာနိုင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြေအောက်လမ်းကူးလူသွားဥမင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသ ကြီး ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်နှင့် ပြည်သူ့ရင်ပြင် ပန်းခြံအကြား ဦးဝိစာရလမ်းတွင် ဖောက်လုပ်ထားသည့် မြန်မာနိုင်ငံ၏ ဒုတိယမြောက် မြေအောက်လမ်းကူး လူသွားဥမင်(Underpass) ဖွင့်ပွဲ အခမ်း အနားသို့ တက်ရောက်ချီးမြှင့် ဖွင့်လှစ်ပေး သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီး များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်နှင့် တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြ သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

**ရှေ့သို့ချီတက် အောင်ပွဲဆက်စေ တပ်မတော်(ရေ)**

ဆောင်းပါး စာမျက်နှာ » ၈



**ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈) သင်တန်း ဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ် အသီးသီး၌ ကျင်းပ**

စာမျက်နှာ » ၁၈

**ရူပဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆို ကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် ရူပဗေဒဘာသာရပ် ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တွင် ဖော်ပြထားပါသည်။

ကြေးမုံ

# ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကိုပြု၍ လောကကောင်းကျိုးဆောင်ကြဉ်း

"မည်သူမဆို မိမိ၏ကိုယ်မှု နှုတ်မှု စိတ်မှုတို့ကို ကောင်းသည်ထက်ကောင်းအောင် အစဉ်ပြုပြင်နေသင့်သည်။ သေသည်အထိ အမြဲပြုပြင်နေရမည်"ဟု မဟာဂန္ဓာရုံ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသက အစဉ်ဆုံးမတော်မူလေ့ရှိသည်ကို မှတ်သားဖူးသည်။ ထိုအဆုံးအမသည် လူတိုင်းလူတိုင်း ကိုယ်ကျင့်တရားကောင်းမွန်စေရေးအတွက် လမ်းညွှန်ဖြစ်သည်။ ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက် မိမိသည်သာ ပဓာနဖြစ်သည်။ သို့သော် ဆိုင်ရာဘာသာတရားတို့၊ အဆုံးအမတို့နှင့် ပေါင်းစပ်လိုက်ပါက ပို၍သာလွန်ကောင်းမွန်ပေ၏။

လူတိုင်း ကိုယ်ကျင့်တရားကောင်းမွန်လာအောင် ကျင့်ကြံအားထုတ်ကြပါက ဤကမ္ဘာလောကတစ်ခုလုံး အေးချမ်းသာယာဝပြောပြီး နှစ်လိုဖွယ်ရာ လောကအသိုက်အဝန်းများကို ကိုယ်စီ ဆောင်ကြဉ်းနိုင်မည်ဖြစ်၏။ ကိုယ်ကျင့်တရားဟူသည် လောဘ၊ ဒေါသ၊ မောဟများကို ပါးလျားသည်ထက်ပါးလျားအောင် ထိန်းသိမ်းစောင့်ရှောက်ပြီး ပြုသင့်၊ မပြုသင့် ဆင်ခြင်တုံတရားဖြင့် လောကလူသားသတ္တဝါအများအပေါ် မေတ္တာတရားများ လွှမ်းခြုံစေခြင်းဖြစ်သည်။ လောက၌ ကိုးကွယ်ယုံကြည်ကြသော မည်သည့်ဘာသာမဆို မေတ္တာတရားအပေါ် အခြေခံထားပြီး လောကကောင်းကျိုးကို ရှေးရှုနေသည်။

မျက်မှောက်ကာလ လူ့ဘောင်လောက၌ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ အတ္တ၊ ဣဿာ၊ မစ္ဆရိယ အားကြီးလာသဖြင့် လူအချင်းချင်း အမုန်းပွားပြီး ရန်စစ်ခင်းနေသည်မှာ စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်၏။ 'ငါနဲ့မတူ ငါ့ရန်သူ' ဟု သဘောထားပြီး အမုန်းတရားများက အဆုံးမသတ်နိုင်ဘဲ နောက်ဆုံးကြေပြုန်းရသည့် အဖြစ်ဆိုးများမှာ မေတ္တာတရားကို မပွားများနိုင်ခြင်း၏ အဓိကအကြောင်းရင်းဖြစ်ပေသည်။ ထို့ကြောင့် လောကလူသားကောင်းကျိုးများ၍ ငြိမ်းချမ်းသာယာဝပြောရေးအတွက် ဘာသာတရားတိုင်း၏ အဆုံးအမနှင့်အညီ လူတိုင်းလူတိုင်း ကိုယ်စီကိုယ်စီ မေတ္တာဓာတ်များ ကိန်းဝပ်အပ်ပြီး နေ့စဉ်ဆတိုးပွားများ အားထုတ်သင့်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၂၂ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ St. Mary's Cathedral Church ၌ ကျင်းပသော ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး "ဘာသာတရားဟူသည်မှာ လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစေရေးအတွက် အဆုံးအမတစ်ခုပင်ဖြစ်သည်ဟု မိမိယုံကြည်ပါကြောင်း၊ အသိတရားတစ်ခုလည်းဖြစ်ပြီး ဘာသာတရားမှတစ်ဆင့် ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးရမည်ဖြစ်ကြောင်း၊ လူသားတို့၏ အတွင်းစိတ်သန္တာန် အေးချမ်းမှသာ လူမှုဝန်းကျင်တစ်ခုလုံး ငြိမ်းအေးမှုအရသာကို ခံစားကြရမည်ဖြစ်ကြောင်း၊ ကိုးကွယ်သည့်ဘာသာတရားများ မတူကွဲပြားသော်လည်း လူအချင်းချင်းကြားတွင် မေတ္တာတရားများ ဖုံးလွှမ်းနေရေးအတွက် ဘာသာတရားများ၏ အခြေခံဖြစ်သည့် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းတို့ကို လိုက်နာရမည်ဖြစ်သကဲ့သို့ အစွန်းရောက်ခြင်း၊ တစ်ယူသန်ခြင်းတို့ကိုလည်း ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် မည်သည့်ဘာသာကိုမဆို လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ရနေသော လွတ်လပ်သည့်နိုင်ငံတွင် မှီတင်းနေထိုင်ကြသူများဖြစ်သည်။ အထူးသဖြင့် အများစုယုံကြည်ကြသော ဘာသာကြီးလေးမျိုး၏ နေ့ကြီးရက်ကြီးများတွင် ဆိုင်ရာဘာသာအလိုက် ပွဲလမ်းသဘင်များနှင့် ဆုတောင်းမေတ္တာပို့သပွဲများ ပြုလုပ်လေ့ရှိသည်။ ယေရှုခရစ်တော်မွေးဖွားခြင်းကို အထိမ်းအမှတ်ပြုသည့် ခရစ္စမတ်ကာလတွင် လူအများကို ပြုံးပျော်စေသည့်၊ ပျော်ရွှင်ချမ်းမြေ့စေသည့် ကောင်းသောအမှုကိုပြုကြသည်။ မြန်မာနိုင်ငံတွင် ဘာသာသာသနာနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် ပုဒ်မများပြဋ္ဌာန်းထားပြီး ဥပဒေကြောင်းအရ အာမခံချက်များပေးထားသည်။ နိုင်ငံသားတိုင်း၏ ဘာသာ၊ သာသနာရေးတွင် အညီအမျှ အခွင့်အရေးများ ပြဋ္ဌာန်းလုပ်ကိုင်ခွင့်ပြုထားသည်။

မြန်မာနိုင်ငံတွင် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ယုံကြည်မှုပေါင်းစုံတို့ဖြင့် သဟဇာတဖြစ်စွာ အတူယှဉ်တွဲ စုစည်းနေထိုင်ခဲ့ကြသည်မှာ အားလုံးအသိပင်ဖြစ်သည်။ ထိုသို့ မတူကွဲပြားမှုများကြားတွင် တစ်ဦးနှင့်တစ်ဦး သဘောထားကြီးစွာ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်သည်းခံမှု၊ တစ်ဦးနှင့်တစ်ဦး မေတ္တာတရားထားမှုများဖြင့် စည်းလုံးညီညွတ်မှုကို တည်ဆောက်ထားကြသည်။ ဤသို့ မွန်မြတ်သော လူ့အဖွဲ့အစည်းကြီးအတွင်း မိမိတို့၏ လိုအင်ဆန္ဒများကို မေတ္တာတရားအရင်းခံဖြင့် ဆောင်ကြဉ်းသင့်သည်။ ရန်လိုမုန်းပွား အမုန်းတရားများဖြင့် မိမိတို့ လိုအင်ဆန္ဒများကိုရယူခြင်းသည် ငြိမ်းချမ်းသာယာဝပြောသော လူ့ဘောင်လောကသစ်ကို မည်သည့်အခါမျှ တည်ဆောက်နိုင်မည်မဟုတ်ပေ။

သို့ဖြစ်ရာ ငြိမ်းချမ်းသာယာဝပြောသော လူ့ဘောင်လောကသစ်ကို တည်ဆောက်နိုင်ရန်အတွက် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသူ နိုင်ငံသားများအနေဖြင့် မိမိတို့၏ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ကောင်းသည်ထက်ကောင်းအောင် အစဉ်ပြုပြင်၍ မေတ္တာတရားများ တိုးပွားရှင်သန်စေပြီး ပြည်ထောင်စုကြီးကောင်းကျိုးကို ဆောင်ကြဉ်းကြစေလိုပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျန မှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား"ဖြင့် ဆောင်ရွက်ရေး။

၅။ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

## တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဒီဇင်ဘာ ၂၃

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးမျိုးတင့်၊ ဦးမျိုးမောင်၊ ဒေါ်ပြုံးပြုံးအေးနှင့် ဒေါက်တာကိုကိုနိုင် တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၅၉/၂၀၂၄ (ရန်ကုန်)၊ ၆၀/၂၀၂၄ (ရန်ကုန်)၊ ၆၁/၂၀၂၄ (ရန်ကုန်)၊ ၆၈/၂၀၂၄ (ရန်ကုန်)၊ ၇၂/၂၀၂၄ (မွန်) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၄/၂၀၂၄ (ရှမ်း) နှင့် တရားမအထူးအယူခံမှုအမှတ် ၇၀/၂၀၂၄ (မန္တလေး)၊ ၇၃/၂၀၂၄ (မွန်)၊ ၇၄/၂၀၂၄ (စစ်ကိုင်း) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှုတစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## (၂၃.၁၂.၂၀၂၄)ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ငွေကျပ် ၅၂၄၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးဦးကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၃ - ၁၂ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၃၀၀ | ၅၄၅ | ၄,၅၄၀,၃၀၀ |
| MTSH | ၃,၁၅၀ | ၃,၂၀၀ | ၃၈၁ | ၁,၂၀၆,၀၅၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၁ | ၈,၄၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၁,၆၇၇ | ၃,၂၂၁,၃၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၂၇ | ၈၁,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၆၅၀ | ၁,၃၅၂ | ၂,၂၇၀,၈၀၀ |
| AMATA | ၄,၄၀၀ | ၄,၅၀၀ | ၂၃၃ | ၁,၀၂၆,၂၀၀ |
| MAEX | ၃,၁၅၀ | ၃,၁၀၀ | ၁,၄၀၀ | ၄,၃၆၀,၀၀၀ |
| MADPL(PLB) | ၃,၁၅၀ | ၃,၁၅၀ | ၁ | ၃,၁၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ရန်ကုန်မြို့၏ ညအလှ ဓာတ်ပုံ - အောင်ကျော်မိုး

**နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် အစဉ်ထာဝရတံခါးဖွင့် ကြိုဆိုလျက်ရှိပြီး အခက်အခဲမှန်သမျှကို လက်နက်ကိုင်လမ်းစဉ်ဖြင့် မဖြေရှင်းဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးကို အမြဲလက်ကမ်းဖိတ်ခေါ် ကြိုဆိုလျက်ရှိတယ်၊ မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၁၁-၁-၂၀၂၄ ရက်နေ့ ကရင်အမျိုးသား နှစ်သစ်ကူးနေ့သို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြေအောက်လမ်းကူးလူသွားဥမင် အဆောက်အအုံဝင်ပေါက်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

★ **ရှေ့ဖုံးမှ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖွင့်ပွဲအခမ်းအနားပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြို့တော်ဝန် ဦးဗိုလ်ငွေးက မြေအောက်လမ်းကူးလူသွားဥမင်(Underpass) တည်ဆောက်ခဲ့သည့် ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ မြန်မာနိုင်ငံသား အင်ဂျင်နီယာပညာရှင်များဖြင့် တည်ဆောက်ခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဦးဝိစာရလမ်း မြေအောက်လမ်းကူး လူသွားဥမင်(Underpass) တည်ဆောက်ခဲ့မှုနှင့် ပတ်သက်သည့် Video Clip ကို ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက မြေအောက်လမ်းကူး လူသွားဥမင်(Underpass) ဖွင့်ပွဲ အထိမ်းအမှတ် အမှတ်တရ လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က (Underpass) တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်ခဲ့သည့် အင်ဂျင်နီယာများအား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က မြေအောက်လမ်းကူး လူသွားဥမင်(Underpass) အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြေအောက်လမ်းကူး လူသွားဥမင် (Underpass) အဆောက်အအုံ ဝင်ပေါက်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖွင့်ပွဲအခမ်းအနားတွင်ပါဝင်ခဲ့သည့် ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြေအောက်လမ်းကူး လူသွားဥမင် တည်ဆောက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများနှင့် လူသွားဥမင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

**စာမျက်နှာ ၄ သို့** ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြေအောက်လမ်းကူး လူသွားဥမင် တည်ဆောက်ရေးလုပ်ငန်းတွင်ပါဝင်ခဲ့သည့် အင်ဂျင်နီယာများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။

- ★ **မြေအောက်လမ်းကူးလူသွားဥမင် (Underpass) အတွင်းရွေ့လျားစက်လှေကားလေးစင်း၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအသုံးပြုရန် ဓာတ်လှေကားနှစ်စင်း ထည့်သွင်းတည်ဆောက်ထားခြင်းကြောင့် သက်ကြီးရွယ်အိုများအတွက်လည်း အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်မည်**
- ★ **မြေအောက်လမ်းကူး လူသွားဥမင် ဖွင့်လှစ်ခဲ့ခြင်းကြောင့် အများပြည်သူများ၊ ဘုရားဖူးလာပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်မည်ဖြစ်ပြီး ဦးဝိစာရလမ်းပေါ်၌ ဖြတ်သန်းသွားလာလျက်ရှိသည့် မော်တော်ယာဉ်များအနေဖြင့်လည်း ယာဉ်ကြောပိတ်ဆို့မှုကို အထိုက်အလျောက်လျှော့ချပေးနိုင်မည်**

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)ရှိ ပြည်ထောင်စုခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)ကျောင်းအုပ်ကြီးနှင့် မှော်ဘီတပ်နယ်မှတာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သင်တန်းဆင်းအမျိုးသမီးအရာရှိများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းအမျိုးသမီးအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်း အမျိုးသမီးအရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဂုဏ်ပြုစစ်တီးဝိုင်းတပ်ခွဲ၏ ဂုဏ်ပြုတီးမှုတ်မှုအား ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်း အမျိုးသမီးအရာရှိများနှင့်အတူမြဝတီသဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဇနီးဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ သင်တန်းဆင်းအမျိုးသမီးအရာရှိများနှင့်အတူ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

✯ စာမျက်နှာ ၃ မှ

အဆိုပါ မြေအောက်လမ်းကူး လူသွားဥမင်နေရာသည် ရွှေတိဂုံစေတီတော်သို့ ဝင်ရောက်ဖူးမြော်မှုများပြားသည့် နေရာတစ်ခုဖြစ်သဖြင့် ဘုရားဖူးလာပြည်သူများ စိတ်ချမ်းသာစွာဖြင့် ရွှေတိဂုံစေတီတော်နှင့် ပြည်သူ့ရင်ပြင်သို့ သွားရောက်ရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းပြီး သက်သောင့်သက်သာ ဖြတ်သန်းသွားလာနိုင်စေရန်နှင့် ခေတ်မီအခြေခံအဆောက်အအုံတစ်ခု ထပ်မံပေါ်ပေါက်လာစေရန် ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြေအောက်လမ်းကူး လူသွားဥမင်(Underpass) အမျိုးအစားဖြစ်ပြီး ပင်မဥမင်အမြင့် ၁၁ ပေ၊ အကျယ် ၂၃ ပေ၊ ဥမင်အလျားစုစုပေါင်း ၄၆၁ ပေရှိပြီး ဝင်ပေါက်၊ ထွက်ပေါက် လေးခုပါဝင်ကာ တစ်နာရီလျှင် လူဦးရေ ၁၄၀၀၀ ခန့် ဖြတ်သန်းသွားလာနိုင်မည် ဖြစ်ကြောင်း၊ မြေအောက်လမ်းကူးလူသွားဥမင် (Under-pass) အတွင်း ရွေ့လျားစက်လှေကား လေးစင်း၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအသုံးပြုရန် ဓာတ်လှေကား နှစ်စင်း ထည့်သွင်းတည်ဆောက်ထားခြင်းကြောင့် သက်ကြီးရွယ်အိုများအတွက်လည်း အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မြေအောက်လမ်းကူး လူသွားဥမင် ဖွင့်လှစ်ခဲ့ခြင်းကြောင့် အများပြည်သူများ၊ ဘုရားဖူးလာပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်မည်ဖြစ်ပြီး ဦးဝိစာရလမ်းပေါ်၌ ဖြတ်သန်းသွားလာလျက်ရှိသည့် မော်တော်ယာဉ်များအနေဖြင့်လည်း ယာဉ်ကြောပိတ်ဆို့မှုကို အထိုက်အလျောက် လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်ခဲ့သည့် မြေအောက်လမ်းကူး လူသွားဥမင်(Underpass) သည် အများပြည်သူများအတွက် အကျိုးကျေးဇူးများစွာရရှိနိုင်သော အဆောက်အအုံဖြစ်ရုံသာမက ရန်ကုန်မြို့၏ တိုးတက်သော မြို့အင်္ဂါပြယုဂ်တစ်ခုလည်း ဖြစ်ကြောင်း သိရသည်။



မြေအောက်လမ်းကူး လူသွားဥမင်ကို တွေ့ရစဉ်။

**သတင်းစဉ်**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၂၃**

တပ်မတော်၏ အမျိုးသမီးစစ်မှုထမ်းများ၏ အခန်းကဏ္ဍကို အားသစ်လောင်းမည့် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ကျောင်းအုပ်ကြီးနှင့် မှော်ဘီတပ်နယ်မှတာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း လပြည့်ဝင်းအား အကောင်းဆုံး ဗိုလ်လောင်းဆု ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် တပ်မတော်အနေဖြင့် **"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ကာကွယ်ရေး တာဝန်ကို ထမ်းဆောင်ရာ၌ အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ထမ်းရွက်စေနိုင်ရန်အတွက် အမျိုးသမီးစစ်မှုထမ်း (အရာရှိ)များအား လေ့ကျင့်သင်ကြား မွေးထုတ်ပေးရန်"** ဟူသည့် ရည်ရွယ်ချက်ဖြင့် အမျိုးသမီး ဗိုလ်လောင်းသင်တန်းကို ဖွင့်လှစ်မွေးထုတ်ပေးခဲ့သည်မှာ ယခုဆိုပါက သင်တန်းအမှတ်စဉ် (၁၁)အထိ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် တပ်မတော်တစ်ခုတည်းဖြင့်သာ သက်ဆိုင်သည် မဟုတ်ဘဲ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်း ယောကျ်ား၊ မိန်းမ အသက်အရွယ် မရွေးထမ်းရွက်ကြရမည့် မွေးရာပါ သမိုင်းပေး တာဝန်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသမီးစစ်မှုထမ်း တပ်ဖွဲ့ဝင်များကို လေ့ကျင့်မွေးထုတ်ပေးနေခြင်းပင်ဖြစ်ကြောင်း။

မြန်မာ့သမိုင်းစဉ် တစ်လျှောက် အမျိုးသမီးများသည် မြန်မာ့လွတ်လပ်ရေးသမိုင်း၊ အမျိုးသားရေးသမိုင်း၊ နိုင်ငံရေးလှုပ်ရှားမှုသမိုင်းစဉ် အဆက်ဆက်တွင် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး စွန့်လွှတ်အနစ်နာခံမှု၊ ရဲဝံ့စွန့်စားမှုများဖြင့် ပါဝင်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မျက်မှောက်ကာလ ပြည်ထောင်စုတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြရာတွင်လည်း ပြည်ထောင်စုဖွား တိုင်းရင်းသား မြန်မာအမျိုးသမီးထုစွမ်းအားကြီးကို မြင်တွေ့နေကြရပြီဖြစ်ကြောင်း။

**စာမျက်နှာ ၆ သို့** ✪





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထူးချွန်ဆုရရှိခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

# မိမိတို့တပ်မတော် အမျိုးသမီးစစ်မှုထမ်းများ၏ ကောင်းမွန်သည့် သမိုင်းအစဉ်အလာများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရမည်ဖြစ်သည့်အပြင် ပိုမိုကောင်းမွန်သည့် သမိုင်းမှတ်တိုင်များကို စိုက်ထူနိုင်အောင်လည်း ဆက်လက်ကြိုးပမ်း

✪ စာမျက်နှာ ၅ မှ

၂၀၁၄ ခုနှစ်မှစပြီး တပ်မတော်တွင် အမျိုးသမီးအရာရှိများ ခန့်အပ်တာဝန် ပေးအပ်နိုင်ရေး ဆောင်ရွက်ခဲ့သည့် အတွက် လက်ရှိအချိန်တွင် တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးဝန်ထမ်း တပ်ဖွဲ့အသီးသီးတွင် အမျိုးသမီးအရာရှိများ တာဝန်ထမ်းဆောင်လျက်ရှိနေသည်ကို တွေ့မြင်ရမည် ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်နှင့် တပ်မတော်အတွက် ယုံကြည်အားကိုးရသည့် အခြားအဆင့် အမျိုးသမီးစစ်မှုထမ်းများကိုလည်း တာဝန်ပေးခန့်အပ်လျက်ရှိကြောင်းကို အသိပေးပြောကြားလိုကြောင်း။

ထိုကဲ့သို့ အမျိုးသမီးစစ်မှုထမ်းတပ်ဖွဲ့ဝင်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိသောကြောင့် သက်ဆိုင်ရာတပ်ဖွဲ့ အသီးသီး၏ တာဝန်များအပြင် ကြမ်းတမ်းခက်ခဲလှသည့် အထူးတာဝန် တပ်ဖွဲ့(အမျိုးသမီး) တာဝန်များ၊ မိုင်ထောင်ချီ ဝေးကွာသည့် ပင်လယ်သမုဒ္ဒရာများကို စစ်ရေယာဉ်များဖြင့် ဖြတ်ကျော်ပြီး ပြည်ပနိုင်ငံများနှင့် ချစ်ကြည်ရေး ခရီးစဉ်များ၊ ရေကြောင်းလုံခြုံရေး ပင်လယ်ပြင် ပူးတွဲလေ့ကျင့်ခန်းများ၊ အမျိုးသမီးလေသူရဲ ပျံသန်းရေးတာဝန်များနှင့် လေထီးစစ်သမီးတာဝန်များကို ရဲဝံ့ပြောင်မြောက်စွာ ထမ်းဆောင်နေကြသည်ကိုလည်း တွေ့ရမည်ပင်ဖြစ်ကြောင်း။

အာဆီယံနိုင်ငံများ၏ အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းလေ့ကျင့်ခန်းများတွင်လည်း တပ်မတော်အမျိုးသမီးစစ်မှုထမ်းများသည် နိုင်ငံတကာ တပ်ဖွဲ့ဝင်များနှင့်အတူ ရင်ပေါင်တန်းပြီး စွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့ကြောင်း၊ ထို့ပြင်မကြာသေးခင်ကာလက ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၂)ကြိမ်မြောက်အာဆီယံနိုင်ငံတပ်မတော် (ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင်လည်း အမျိုးသမီးအရာရှိ၊ စစ်သည်များသည် ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် ခုနစ်ခု ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် မိမိတို့မြန်မာအမျိုးသမီးစစ်မှုထမ်းများ၏ ကိုယ်ရည်ကိုယ်သွေးနှင့် စွမ်းဆောင်ရည် မနိမ့်ကျဘူးဆိုသည်ကို လက်တွေ့ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့တပ်မတော် အမျိုးသမီး စစ်မှုထမ်းများ၏ ကောင်းမွန်သည့် သမိုင်းအစဉ်အလာများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရမည်ဖြစ်သည့်အပြင် ပိုမိုကောင်းမွန်သည့် သမိုင်းမှတ်တိုင်များကို စိုက်ထူနိုင်အောင်လည်း ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

## လေ့ကျင့်သင်ကြား

လေ့ကျင့်ရေးနှင့် ပတ်သက်၍ ယခုတက်ရောက် အောင်မြင်ခဲ့ပြီးဖြစ်သည့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ တစ်ဦးချင်း၊ အဖွဲ့လိုက် လိုက်ပါလုပ်ဆောင်တတ်စေရေး လေ့ကျင့်သင်ကြား ပေးလိုက်ပြီးဖြစ်ကြောင်း၊ တက္ကသိုလ်အသီးသီးမှ ဘွဲ့ရရှိခဲ့ကြသူများဖြစ်ပြီး မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက်လာသူများ ဖြစ်သည့်အတွက် ခံယူချက်များ အခြေခံအားဖြင့် ကောင်းမွန်ကြပြီး ဖြစ်ကြောင်း။

သင်တန်း တက်ရောက်စဉ်ကာလအတွင်း ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်မာမှုရှိစေရေးအတွက် **“ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်မှုရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်”**ဟူသည့် လေ့ကျင့်ရေးမူဝါဒများနှင့်အညီ စနစ်တကျ လေ့ကျင့်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းကသင်ကြားပေးလိုက်သည့် အတတ်ပညာများကို မမေ့မလျော့အောင် **“အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်ရမည်”** ဟူသည့် မြဲသုံးမြဲကို လက်ကိုင်ထားပြီး သင်တန်းကျောင်းတွင် သာမက တာဝန်ထမ်းဆောင်ချိန်များတွင်လည်း ပြန်လည်လေ့ကျင့်နေရန်လိုအပ်သကဲ့သို့ လက်တွေ့နယ်ပယ်တွင်လည်း ထိရောက်စွာ အသုံးချကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

မည်သည့်အဖွဲ့အစည်းတွင်မဆို ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် မိမိအဖွဲ့အစည်းက အားကိုးရသည့် ခေါင်းဆောင်ကောင်းများ ဖြစ်စေရန်နှင့် မိမိအရည်အသွေးကို တိုးတက်အောင် အမြဲကြိုးစား ဆောင်ရွက်နေကြရန် လိုအပ်ကြောင်း၊ မှန်ကန်သည့်ခေါင်းဆောင်မှုပေးနိုင်ရေး အတွက် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် အသိပညာ၊ အတတ်ပညာများကို မိမိကိုယ်တိုင် တတ်မြောက် ပြည့်စုံနေရမည်ဖြစ်သကဲ့သို့ တည်ကြည်ရိုးသားမှုနှင့် တော်တည့် ဖြောင့်မတ်သည့် ကိုယ်ကျင့်တရား မြင့်မားရန်လည်း လိုအပ်ကြောင်း၊ ရဲရင့်ပြတ်သားသည့် ဆုံးဖြတ်ချက်၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် အတူ လက်အောက် ငယ်သားများအပေါ် အဂတိကင်းကင်းဖြင့် မှန်ကန်မျှတစွာ ကွပ်ကဲအုပ်ချုပ်သွားရမည်ဖြစ်ကြောင်း၊ အရာရှိငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ရတော့မည့်သူများ အနေဖြင့် မိမိဦးဆောင်သည့် အဖွဲ့အစည်းကို ပိုမိုကောင်းမွန်အောင် ကြိုးပမ်းတည်ဆောက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေး တာဝန်များအပြင် သမိုင်းက ပေးအပ်လာသည့် အမျိုးသား နိုင်ငံရေးတာဝန်များကိုပါ အောင်မြင်စွာထမ်းရွက်နိုင်ရေးအတွက် တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေးကို ခိုင်မာစွာ တည်ဆောက်ထားရန်လိုအပ်မည်ဖြစ်ကြောင်း၊ **“ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်”** ဟူသည့် ဆောင်ပုဒ်အတိုင်း တပ်မတော်သားများနှင့် မိသားစုဝင်များသည် စုစည်းညီညွတ်ရန် အထူးလိုအပ်ကြောင်း။

ထို့ကြောင့် အဆင့်ဆင့်သော ခေါင်းဆောင်များ အနေဖြင့် တပ်တွင်း စည်းလုံးညီညွတ်ရေးကို အလေးထားတည်ဆောက်သွားရမည်ဖြစ်ပြီး ထိုသို့ တည်ဆောက်သည့်နေရာတွင် ညီညွတ်မျှတသည့် အမိန့်နှင့် တာဝန်များ ပေးအပ်ကာ မှန်ကန်သည့် ခေါင်းဆောင်မှု၊ လူ့သဘောသဘာဝကို နားလည်စွာ ကွပ်ကဲအုပ်ချုပ်မှုတို့ဖြင့် ပုံဖော်တည်ဆောက်သွားရမည်ပင်ဖြစ်ကြောင်း၊ တပ်မတော်၏ အားသည်စည်းလုံးညီညွတ်မှုအပေါ်တွင်သာ အခြေတည်လျက်ရှိသည့်အတွက် တပ်တွင်းစည်းလုံးညီညွတ်မှုရှိပါက မည်သူကမျှ တပ်မတော်ကို ဖြိုခွဲ၍ရမည် မဟုတ်သည်ကို ပြောကြားလိုကြောင်း။

## ခိုင်မာအောင်တည်ဆောက်

ထိုကဲ့သို့ အခြေခံကျသည့် တပ်တွင်းစည်းလုံးရေးကို ခိုင်မာအောင် တည်ဆောက်ကြရမည် ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း လက်တွေ့ဆန်သည့် တပ်ပြင်စည်းရုံးရေးကို တိုးမြှင့်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်များတွင် ကူညီကယ်ဆယ်ထောက်ပံ့ပေးခြင်းများသည် ပြည်သူလူထုအပေါ် လက်တွေ့ပါသည့် စည်းရုံးရေးဆောင်ရွက် ပေးခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ တပ်ပြင်စည်းရုံးရေးကိစ္စရပ်များ ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားများအတွက် ရေးရှုဆောင်ရွက်ရသည့် လုပ်ငန်းများ ဖြစ်သည့်အတွက် တပ်မတော်သား အမျိုးသမီးအရာရှိ အားလုံးကလည်း အလေးထား ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စာမျက်နှာ ၇ သို့ ✪

❖ မည်သည့်အဖွဲ့အစည်းတွင်မဆို ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် မိမိအဖွဲ့အစည်းက အားကိုးရသည့် ခေါင်းဆောင်ကောင်းများဖြစ်စေရန်နှင့် မိမိအရည်အသွေးကို တိုးတက်အောင် အမြဲကြိုးစား ဆောင်ရွက်နေကြရန်လိုအပ်

❖ မှန်ကန်သည့်ခေါင်းဆောင်မှုပေးနိုင်ရေးအတွက် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် အသိပညာ၊ အတတ်ပညာများကို မိမိကိုယ်တိုင် တတ်မြောက်ပြည့်စုံနေရမည်ဖြစ်သကဲ့သို့ တည်ကြည်ရိုးသားမှုနှင့် တော်တည့်ဖြောင့်မတ်သည့် ကိုယ်ကျင့်တရားမြင့်မားရန်လည်း လိုအပ်

❖ ရဲရင့်ပြတ်သားသည့် ဆုံးဖြတ်ချက်၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်အတူ လက်အောက်ငယ်သားများအပေါ် အဂတိကင်းကင်းဖြင့် မှန်ကန်မျှတစွာ ကွပ်ကဲအုပ်ချုပ်သွားရမည်၊ အရာရှိငယ်များအဖြစ် စတင်တာဝန် ထမ်းဆောင်ရတော့မည့်သူများအနေဖြင့် မိမိဦးဆောင်သည့် အဖွဲ့အစည်းကို ပိုမိုကောင်းမွန်အောင် ကြိုးပမ်းတည်ဆောက်

✪ စာမျက်နှာ ၆ မှ

အဖွဲ့အစည်းတစ်ခု ခိုင်ခိုင်မာမာဖြင့် အဓွန့်ရှည်ကြာစွာ ရပ်တည်နေနိုင်ခြင်းသည် မှန်ကန်သည့်မူဝါဒ၊ တိကျခိုင်မာသည့် စည်းမျဉ်း၊ စည်းကမ်း၊ လိုက်နာစောင့်ထိန်းရမည့် ဥပဒေများနှင့် စနစ်တကျ ဖွဲ့စည်းလေ့ကျင့်ထားမှုများ ရှိခြင်းတို့ကြောင့်ပင်ဖြစ်ကြောင်း၊ တပ်မတော်သည် လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်သောကြောင့် စည်းကမ်းလိုက်နာမှုနှင့် အမိန့်နာခံတတ်မှုများကို ခါးဝတ်ပုဆိုးပမာ မြဲမြံခိုင်ခံ့နေရမည်ဖြစ်ကြောင်း။

**ပေးအပ်လာသည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်**

ထို့ကြောင့် တပ်မတော်သားတွေအနေဖြင့်လည်း စစ်သည်တော်ကျင့်ဝတ် အပါး ၆၀ နှင့်အညီ နေထိုင်ကျင့်ကြံပြီး စစ်ဘက်နှင့် နယ်ဘက်ဆိုင်ရာ ဥပဒေများကို သာမက နိုင်ငံတကာက လိုက်နာကျင့်သုံးနေကြသည့် ဂျီနီဗာကွန်ဗင်းရှင်းအပါအဝင် စစ်ပွဲဆိုင်ရာ ဥပဒေများနှင့် ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်းများကိုပါ လိုက်နာကြရမည် ဖြစ်ကြောင်း၊ စည်းကမ်းဆိုရာတွင် လိုက်နာလုပ်ဆောင်ရန် တိုက်တွန်းချက် စည်းကမ်းနှင့် ရှောင်ကြဉ်ရန် သတ်မှတ်ထားသည့် တားမြစ်ချက် စည်းကမ်းဟူ၍ နှစ်မျိုးသာရှိကြောင်း၊ ချမှတ်ထားသည့် စည်းကမ်းများကို အသိတရားဖြင့် လိုက်နာစောင့်ထိန်းတတ်သည့် နိုင်ငံကြီးသား အလေ့အကျင့်ကောင်းများ ကိန်းအောင်းလာစေရန် ကျင့်ကြံဆောင်ရွက်ပြီး ပေးအပ်လာသည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန် အလေးထား မှာကြားလိုကြောင်း။

**"ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး"** ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးတို့အတွက် မိမိကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ အမျိုးသမီးစစ်မှုထမ်းများ၏ ကောင်းမွန်သည့် သမိုင်းအစဉ်အလာများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရမည် ဖြစ်သည့်အပြင် ပိုမိုကောင်းမွန်သည့် သမိုင်းမှတ်တိုင်များကို စိုက်ထူနိုင်အောင်လည်း ဆက်လက်ကြိုးပမ်းသွားကြရန်၊ ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ချက်ကို တိတိကျကျလိုက်နာကာ အထက်က ယုံကြည်စိတ်ချရပြီး လက်အောက်က လေးစားအားထားရသည့် ထူးချွန်ထက်မြက်သည့် ခေါင်းဆောင်ကောင်းများ ဖြစ်အောင်၊ နိုင်ငံတော်နှင့် တပ်မတော်မှ အားကိုးအားထားပြုရသည့် အမျိုးသမီးအရာရှိကောင်းများဖြစ်အောင် ကြိုးစားသွားကြရန်၊ တပ်တွင်း၊ တပ်ပြင် စည်းရုံးရေး လုပ်ငန်းများကို ကျစ်လျစ်ခိုင်မာအောင် ညီညွတ်မှုတသော အုပ်ချုပ်ရေးစနစ်နှင့် မှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်ပြီး ရေပက်မဝင်သောစည်းရုံးရေးဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

❖ **အဖွဲ့အစည်းတစ်ခု ခိုင်ခိုင်မာမာဖြင့် အဓွန့်ရှည်ကြာစွာ ရပ်တည်နေနိုင်ခြင်းသည် မှန်ကန်သည့်မူဝါဒ၊ တိကျခိုင်မာသည့် စည်းမျဉ်း၊ စည်းကမ်း၊ လိုက်နာစောင့်ထိန်းရမည့် ဥပဒေများနှင့် စနစ်တကျဖွဲ့စည်းလေ့ကျင့်ထားမှုများ ရှိခြင်းတို့ကြောင့်ပင်ဖြစ်၊ တပ်မတော်သည် လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်သောကြောင့် စည်းကမ်းလိုက်နာမှုနှင့် အမိန့်နာခံတတ်မှုများကို ခါးဝတ်ပုဆိုးပမာ မြဲမြံခိုင်ခံ့နေရမည်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုး သီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မော်ဘီ) ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသူများဖြစ်သည့် အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း လပြည့်ဝင်း၊ သေနတ်ပစ် အကောင်းဆုံးဆုရ ဗိုလ်လောင်း အေးသီတာ၊ စစ်ရေးပြ အကောင်းဆုံးဆုရ ဗိုလ်လောင်း နန္ဒာကျော်နှင့် ကြံ့ခိုင်ရေး အကောင်းဆုံးဆုရ ဗိုလ်လောင်း အိဖြူမောင်တို့အား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများ ရရှိခဲ့ကြသဖြင့် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သင်တန်းကာလတစ်လျှောက် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်မှုနှင့် မိမိကိုယ်ကို ထိန်းသိမ်းဆောင်ရွက်တတ်သည့် အခြေခံကောင်းများကိုလည်း ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ ယခု ဗိုလ်လောင်းသင်တန်း မတက်ရောက်မီ တက္ကသိုလ်ပညာ၊ ဘွဲ့လွန်ပညာတို့ကို အသီးသီး ဆည်းပူးလေ့လာအောင်မြင်ခဲ့ကြပြီးဖြစ်သဖြင့် အတွေးအခေါ်ပိုင်းနှင့် လူနေမှုပုံစံများကို လေ့လာခဲ့ကြရပြီး အရည်အချင်းနှင့် အတွေ့အကြုံများရှိပြီး ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ရန်နှင့် တက္ကသိုလ်ပညာ၊ ဘွဲ့လွန်ပညာများကို အောင်မြင်ရန် ကြိုးစားခဲ့ကြရပြီး ယခုဗိုလ်လောင်းသင်တန်း တက်ရောက်ခဲ့ရာတွင်လည်း ကြိုးစားအားထုတ်မှုရလဒ်များကြောင့် ထူးချွန်စွာအောင်မြင်ပြီး အမျိုးသမီးအရာရှိများအဖြစ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

ငယ်စဉ်ကလေးဘဝမှ ယခုအချိန်အထိ ကျွေးမွေးစောင့်ရှောက်ထိန်းသိမ်း သွန်သင်ပေးခဲ့သည့် မိဘဆရာသမားများ၏ ကျေးဇူးကို မမေ့ရန်နှင့် မိသားစုမှ ဂုဏ်ယူရသည့်၊ နိုင်ငံတော်နှင့် တပ်မတော်မှ အားထားရသည့် တပ်မတော်အရာရှိကောင်းများ ဖြစ်အောင်ကြိုးစားသွားကြရန် လိုကြောင်း၊ မိမိတို့တွင်ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း၍ မိမိဘဝ တိုးတက်အောင်၊ မိမိရည်မှန်းချက်များ မပျောက်ပျက်ရအောင် ဆက်လက်ကြိုးစား အားထုတ်သွားရန်လိုကြောင်းနှင့် မိမိတို့ တာဝန်ကျသည့် မည်သည့်နယ်ပယ်တွင်မဆို တိုင်းပြည်ကောင်းရာကောင်းကျိုးကို အကျိုးပြုနိုင်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနား ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**တောင်ကြီး ဒီဇင်ဘာ ၂၃**

(၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနား ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က ရှမ်းပြည်နယ်နေ့ အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်စရာ ရှိသည်များ ဆောင်ရွက်နိုင်ရန်နှင့် အခမ်းအနားကို ယခင်နှစ်အတိုင်း ဆောင်ရွက်ထားရှိမှုများ၊ ဒေသထွက်ကုန်များ ပြသပေးရန်၊ MSME ပြခန်းများ၊ ဈေးရောင်းပွဲတော်များ ထည့်သွင်းဆောင်ရွက်ပေးနိုင်ရန်နှင့် ကော်မတီများအလိုက် ဆွေးနွေးတင်ပြပေးကြရန်ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ တက်ရောက်လာကြသော လုပ်ငန်းကော်မတီများဖြစ်သည့် အခမ်းအနားပြင်ဆင်ရေးကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး လုပ်ငန်းကော်မတီ၊ သတင်းမှတ်တမ်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီ၊ ဆုချီးမြှင့်ရေးကော်မတီ၊ ဘဏ္ဍာငွေကြေးကြပ်ရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊ ညစာစားပွဲနှင့် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းကော်မတီ၊ ဖျော်ဖြေရေး လုပ်ငန်းကော်မတီ၊ ပြခန်းများ ခင်းကျင်းပြသရေး လုပ်ငန်းကော်မတီတို့က ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လုပ်ငန်းအလိုက် အတည်ပြုပေးပြီး ကော်မတီများအနေဖြင့် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြစရာများရှိပါက တင်ပြပေးကြရန်နှင့် ကြိုတင်ပြင်ဆင်ရမည့်ကိစ္စရပ်များကို ဆောင်ရွက်ပေးကြရန်၊ ဌာနဆိုင်ရာများအနေဖြင့် ပေါင်းစပ်ဆောင်ရွက်ပေးကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**မုံရွာ ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တိုင်းဒေသကြီးအတွင်းရှိအငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ချင်းတွင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသည့် အငြိမ်းစားဝန်ထမ်းများအား နံနက်စာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာအသီးသီးမှ အငြိမ်းစားဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံမိတ်ဆက်စကားများပြောကြားကာ တာဝန်ရှိသူများနှင့်အတူ အငြိမ်းစားဝန်ထမ်း ၆၅၀ အား အာဟာရဖြည့်စွက်စာ ကြက်ဥများ လက်ရောက်ပေးအပ်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း၌ မုံရွာခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အငြိမ်းစားဝန်ထမ်းများအား ဆီးချို/သွေးချိုရောဂါ၊ သွေးတိုးရောဂါ၊ အကြောနာအကြောတက်ရောဂါ၊ နှလုံးရောဂါ၊ ချောင်းဆိုးရင်ကျပ်ရောဂါများကို စစ်ဆေးကုသပေးနေမှုများအား ကြည့်ရှုအားပေးခဲ့ကြပြီး ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါခန်းမဝင်းအတွင်း၌ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့မှ အငြိမ်းစားဝန်ထမ်းများအား အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ စားသုံးဆီနှင့် ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုများအား လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ရေ့သို့ချီတက် အောင်ပွဲဆက်စေ တပ်မတော်(ရေ)

ရဲလွင် (တိုင်းတာရေး)

အမိတပ်မတော်(ရေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ရောက်ပြန်ခဲ့လေပြီ။ တပ်မတော်၏ အမျိုးသားနိုင်ငံရေးခံယူချက်ဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဦးလည်မသုန် ခံယူကျင့်သုံးကာ သစ္စာ(၄)ချက်ကို ရင်ဝယ်သံမှိုနှက်သကဲ့သို့ ပေးအပ်သောအမိန့်နှင့် တာဝန်များကို ဦးဆွေးဆံမြည့် ထမ်းဆောင်လျက်ရှိသည့် တပ်မတော်(ရေ)ကား ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် (၇၇)နှစ် သက်တမ်းတိုင်ခဲ့လေပြီ။

တပ်မတော်(ရေ)သည် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အထိ အပြည့်အဝကာကွယ်နိုင်သော သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့်ရေတပ်(Three Dimensional Combat Ready Navy) အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး ရှေ့သို့အခိုင်အမာ ဆက်လက်ချီတက်လျက်ရှိ၏။ ထို့ပြင် နိုင်ငံတော်အား ပင်လယ်ပြင်မှရှေ့တန်းကျကျကာကွယ်ရေး၊ နိုင်ငံတော်၏ ရေကြောင်းအကျိုးစီးပွား များအား ကာကွယ်စောင့်ရှောက်ရေးနှင့် ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်နိုင်စွမ်းရှိရေး ဆိုသည့် ရည်မှန်းချက်တာဝန်(၃)ရပ်ဖြင့်လည်း မမှိတ်မသုန် အားကောင်းမောင်းသန် ချီတက်လျက်ရှိလေ၏။

၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သော တပ်မတော်(ရေ)သည် ယခု (၇၇)နှစ်သက်တမ်း ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း အမှန်တကယ် စတင်တာဝန်ထမ်းဆောင်ခဲ့သောကာလမှာ ထို့ထက်စောခဲ့လေ၏။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ မြန်မာ့တပ်မတော်၏အမြုတေ ဗမာ့လွတ်လပ်ရေးတပ်မတော်(Burma Independence Army – BIA)ကို မဖွဲ့စည်းမီကပင် ဗမာပြည် ဘုရင့်အပျော်တမ်းအရန်ရေတပ် (Burma Royal Naval Volunteer Reserve – BRNVR)သည် မွေးဖွားနှင့်ပြီးဖြစ်၏။ BRNVR ကို ၁၉၄၀ ပြည့်နှစ် ဇွန်လတွင် ဗြိတိသျှတို့က စတင်ဖွဲ့စည်းပေးခဲ့ခြင်းပင်။ ဗြိတိသျှတို့ ဆုတ်ခွာသွားပြီးနောက် ဂျပန်တို့က ၁၉၄၂ ခုနှစ် ဇွန်လတွင် ဗမာ့လွတ်လပ်ရေး ရေတပ်မတော် (Burma Independence Navy – BIN) ကို ဖွဲ့စည်းပေးခဲ့ရာ BRNVR နှင့် BIN သည် ယနေ့တပ်မတော်(ရေ) မတိုင်မီကပင် အမြုတေရေတပ်များ



အဖြစ် သမိုင်းအစဉ်အလာကောင်းများကို ပိုင်ဆိုင်ခဲ့ပြီးဖြစ်လေ၏။

သမိုင်းအထောက်အထားများအရ ရှေးမြန်မာတို့သည် ဘာသာရေး၊ ယဉ်ကျေးမှု၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့ကိုအခြေခံသော ပင်လယ်ရေကြောင်း သွားလာမှုနှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီး ဖြစ်ကြ၏။ ၁၂ ရာစုအစပိုင်းကပင် မြန်မာ့ရေကြောင်းသွားလာမှု အစပြုခဲ့ပြီး ၁၅ ရာစု အလယ်ပိုင်းတွင် မုတ္တမမှ ထုတ်လုပ်ခဲ့သော မုတ္တမစဉ့်အိုး (Martaban Jar)သည် အရှေ့တောင်အာရှနိုင်ငံများနှင့် အာရပ်နိုင်ငံများအထိ ပျံ့နှံ့ရောက်ရှိခဲ့ကြောင်း သိရှိရ၏။ ပုဂံခေတ်တွင် အလောင်းစည်သူမင်းသည် ပုသိမ်သင်္ဘောဆိပ်မှတစ်ဆင့် သီဟိုဠ်ကျွန်းနှင့် မလေးကျွန်းဆွယ်များသို့ တိုင်းခန်းလှည့်လည်ခဲ့ကြောင်း၊ နရပတိစည်သူမင်းလက်ထက်တွင် သံဃာတော်များ သီဟိုဠ်ကျွန်းနှင့် အဆက်အဆံမပြတ်ခဲ့ကြောင်း အထင်အရှားတွေ့ရှိရ၏။ ၁၈ ရာစု ကုန်းဘောင်မင်းဆက် ရတနာပုံခေတ်တွင် ရေတပ်ကို ရာထူးဌာနန္တရ၊ ဂုဏ်ထူး အဆောင်အယောင်များဖြင့် စနစ်တကျဖွဲ့စည်းနိုင်ခဲ့ရာ သာယာဝတီမင်းလက်ထက် သာယာဝတီ–ဒဂုံ ရေကြောင်းချီစစ်သည် မြန်မာ့ရေတပ်၏အရည်အသွေးကို အထင်အရှား ထုတ်ဖော်ပြသလျက် မှတ်ကျောက်တင်နိုင်ခဲ့၏။ အေဒီ ၁၈၇၁ ခုနှစ်တွင် မြန်မာ့ရေယာဉ်တည်ဆောက်ရေး ဗိသုကာ "ဆရာရှမ်း" တည်ဆောက်ခဲ့သော အမြောက် ၁၄ လက်ပါ ရေနွေးငွေ့စက်တပ် တိုက်သင်္ဘောရေချနိုင်ခဲ့ခြင်းမှာ မြန်မာ့ရေယာဉ်တည်ဆောက်မှုသမိုင်းအတွက် အထူးဂုဏ်ယူရမည့် သမိုင်းမှတ်တမ်းပင်ဖြစ်၏။

**တပ်မတော်(ရေ)သည် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အထိ အပြည့်အဝကာကွယ်နိုင်သော သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့်ရေတပ်(**Three Dimensional Combat Ready Navy**)အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး ရှေ့သို့အခိုင်အမာ ဆက်လက်ချီတက်လျက်ရှိ၏။ ထို့ပြင် နိုင်ငံတော်အား ပင်လယ်ပြင်မှရှေ့တန်းကျကျကာကွယ်ရေး၊ နိုင်ငံတော်၏ ရေကြောင်းအကျိုးစီးပွားများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်နိုင်စွမ်းရှိရေးဆိုသည့် ရည်မှန်းချက်တာဝန်(၃)ရပ်ဖြင့်လည်း မမှိတ်မသုန်အားကောင်းမောင်းသန် ချီတက်လျက်ရှိလေ၏။**

စစ်နှင့်သက်ဆိုင်သော စာပေများတွင် စစ်အင်္ဂါလေးပါးသည် အခြေခံဖြစ်၏။ ဆင်လည်းတစ်ပါး၊ မြင်းလည်းတစ်ပါး၊ ရထားလည်းတစ်ပါး၊ ခြေသည်လည်းတစ်ပါးဖြစ်သော စစ်အင်္ဂါလေးပါးသည်ပင် သေနင်္ဂမည်၏။ စစ်အင်္ဂါလေးပါးမှာ ပါဠိကျမ်း၊ သက္ကတကျမ်းများကိုမှီကြောင်း၊ သို့သော်မြန်မာ့သမိုင်း၌ "ရထားတပ်"ဟူ၍ မရှိခဲ့ကြောင်း၊ ပါဠိကျမ်း၊ သက္ကတကျမ်းများတွင် "လှေသင်္ဘောတပ်(ရေတပ်)" ပါမြဲဖြစ်ကြောင်း လေ့လာသိရှိရ၏။

ရှေးမြန်မာမင်းများ လက်ထက်က အမြဲတမ်းတပ်မတော်အဖြစ် ဖွဲ့စည်းခန့်အပ်ထားခြင်းမရှိဘဲ နိုင်ငံအတွက် လိုအပ်ချိန်မှသာ ဆင့်ခေါ်စစ်မှုထမ်းစေ၏။ ထိုသို့ဆင့်ခေါ်နိုင်ရန် ထောင်ပြုမြို့၊ ရာပြုမြို့၊ ဆယ်ပြုမြို့များခွဲခြားသတ်မှတ်ပေးထား၏။ ဖွဲ့စည်းပေါ်ပေါက်လာသောတပ်မတော်၌ ရာထူးခန့်အပ်ရာတွင်လည်း လုပ်ရည်ကိုင်ရည်၊ အရည်အသွေးပေါ်မူတည်ပြီး ခန့်အပ်လေ့ရှိ၏။ "ခြေလျင် ၁၀ ပွဲရမှ မြင်းတင်၏၊ မြင်း ၁၀ ပွဲရမှ ဆင်သို့တင်၏၊ ဆင် ၁၀ ပွဲရမှ လှေသို့တင်၏၊ လှေ ၁၀ ပွဲရမှ မြို့ပြကံကျွေးပေးပြီး သူကောင်းပြု၏" ဟူသော မှတ်တမ်းများအရ လှေတပ်(ရေတပ်)သည် အရေးကြီးဆုံးနှင့် အခက်ခဲဆုံးအဆင့်ဖြစ်ပြီး အရည်အသွေးအပြည့်ဝဆုံးစစ်သည်တော်များဖြင့် ဖွဲ့စည်းထားကြောင်း လေ့လာတွေ့ရှိရ၏။

ရှေးမြန်မာဘုရင်များ လက်ထက် မြန်မာ့ရေတပ်သည် တိုင်းတစ်ပါးကို ကျူးကျော်လိုသော ရည်ရွယ်ချက်ဖြင့် အခိုင်အမာဖွဲ့စည်းထားခြင်း မဟုတ်ဘဲ ပဒေသရာဇ်အချင်းချင်း အားပြိုင်ရန်အတွက်သာ အသုံးပြုခဲ့ကြ၏။ မြစ်၊ ချောင်းပေါများသောနိုင်ငံဖြစ်၍ မြစ်၊ ချောင်းများကိုအခြေခံသော ရေကြောင်းတိုက်ပွဲများပေါ်ပေါက်ခဲ့၏။ မြန်မာသက္ကရာဇ် ၉၀၂ ခုနှစ်တွင် တပင်ရွှေထီးနှင့် မုတ္တမစား စောဗညားတို့ တိုက်ခိုက်ခဲ့သော မုတ္တမတိုက်ပွဲသည် ထင်ရှားခဲ့၏။ ထို့ပြင် သမိုင်းတွင်ထင်ရှားခဲ့သော ဘုရင့်နောင် ကျော်ထင်နော်ရထာ၏ နောင်ရိုးတိုက်ပွဲသည် မြစ်၊ ချောင်းကို အခြေခံလျက် စိတ်ဓာတ်ခိုင်မာပြတ်သားမှု၊ ကြံရည်ဖန်ရည်နှင့် လုံ့လအရဲအစွမ်းကို မှတ်ကျောက်တင်သော ရေကြောင်းတိုက်ပွဲ တစ်ခုဖြစ်၏။ အလားတူ ကုန်းဘောင်ခေတ် အင်းဝတိုက်ပွဲ၊ သန်လျင်တိုက်ပွဲ၊ ဒေါပုံတိုက်ပွဲတို့သည်လည်း မြန်မာ့သမိုင်းဝင် ထင်ရှားသော ရေကြောင်းတိုက်ပွဲများဖြစ်ခဲ့၏။

ထိုသို့ သမိုင်းအစဉ်အလာကောင်းခဲ့သော မြန်မာ့ရေတပ်သည် နယ်ချဲ့ဗြိတိသျှတို့၏ မတရားကျူးကျော်စစ်သုံးကြိမ်ကြောင့် လွတ်လပ်ရေးဆုံးရှုံးမှုနှင့်အတူ တိမ်မြုပ်ပျောက်ကွယ်ခဲ့ရ၏။ ကိုလိုနီခေတ် မြန်မာ့ကမ်းရိုးတန်းရေပြင်ကာကွယ်ရေးကို ဗြိတိသျှတို့၏ အရှေ့အိန္ဒိယရေတပ်က တာဝန်ယူခဲ့ပြီး ၁၉၃၄ ခုနှစ် အောက်တိုဘာလတွင်အိန္ဒိယရေတပ်က လွှဲပြောင်းတာဝန်ယူခဲ့၏။ ၁၉၄၀ ပြည့်နှစ် BRNVR ကို စတင်ဖွဲ့စည်းခဲ့ရာ ဗြိတိသျှတော်ဝင်ရေတပ်မှ ဗိုလ်မှူးကြီး ကေအက်စ်လိုင်းက တပ်မှူးကြီး၊ ဘုရင်ခံ Sir Reginald Dorman Smith က စစ်ဦးစီးဗိုလ်ချုပ်ကြီးအဖြစ် တာဝန်ယူခဲ့ကြ၏။

ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ခုနှစ် ဂျပန်တို့ မြန်မာနိုင်ငံကိုကျူးကျော်တိုက်ခိုက်လာချိန်တွင် ဗြိတိသျှတို့ အိန္ဒိယသို့ဆုတ်ခွာရာ၌ BRNVR လည်း လိုက်ပါသွားခဲ့၏။ ဂျပန်တို့က BRNVR တပ်ဖွဲ့ဝင်ဟောင်းများကို စည်းရုံးပြီး ဗမာ့လွတ်လပ်ရေးရေတပ်မတော်(BIN) ကို ၁၉၄၂ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့၏။ ၁၉၄၅ ခုနှစ် နှစ်ဦးပိုင်းတွင် ဗြိတိသျှမဟာမိတ်တို့က မြန်မာ့မြေပေါ်ရှိ ဂျပန်တို့ကို တန်ပြန်တိုက်စစ်ဆင်နွှဲခဲ့ရာ BRNVR လည်း ပါဝင်တိုက်ခိုက်ခဲ့ပြီး ရခိုင်ပြည်နယ် မေယုမြစ်တစ်လျှောက် တပ်စွဲထားသော ဂျပန်တို့ကို ဗြိတိသျှတို့နှင့်အတူ ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်မောင်းထုတ်ခဲ့၏။ ၁၉၄၅ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ဆိပ်ကမ်း ကာကွယ်ရေးရေယာဉ် (Habour Defence Motor Launch – HDML)ကိုးစင်းနှင့်အတူ ရန်ကုန်မြို့သို့ ရောက်ရှိခဲ့၏။ **စာမျက်နှာ ၉ သို့** ☆







☆ စာမျက်နှာ ၈ မှ

ဗြိတိသျှတို့က ဗမာပြည်ဘုရင့်အပျော်တမ်းအရန်ရေတပ်ကို အရာရှိ ၇၄ ဦး၊ အခြားအဆင့် ၇၆၃ ဦး၊ ဖရီဂိတ်စစ်ရေယာဉ်တစ်စင်း၊ HDML ၁၃ စင်းတို့ဖြင့် အမြဲတမ်းရေတပ်မတော်ဖွဲ့စည်းရန် ဆောင်ရွက်ခဲ့၏။ ထို့ကြောင့် ၁၉၄၇ ခုနှစ် မေလ ၂၅ ရက်နေ့တွင် ရန်ကုန်မြစ်လယ်၌ ဖရီဂိတ်စစ်ရေယာဉ် HMS Fal အား ဗြိတိသျှရေတပ်မတော်မှ ဗမာပြည်ဘုရင့်အပျော်တမ်းအရန်ရေတပ်သို့ လွှဲပြောင်းပေးအပ်ခဲ့ရာ ထိုစဉ်က စစ်သေနာပတိဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တက်ရောက်လက်ခံခဲ့၏။ HMS Fal မှာ စစ်ကြီးအတွင်းက အမှုထမ်းဆောင်ခဲ့သည့်အပြင် ရခိုင်ပြည်နယ် မေယုမြစ်တစ်လျှောက် ဗမာ့တပ်မတော်သားများက ဂျပန်တို့ကို နှိမ်နင်းအောင်မြင်ခဲ့သည်ကို မမေ့နိုင်သည့်အတွက် အမည်ထင်ရှားစေရန် **"စစ်ရေယာဉ်(မေယု)"**ဟု အမည်ပြောင်းလဲလိုက်ကြောင်း၊ ထို့အတွက် မြန်မာလူမျိုးအနေဖြင့် မိမိဂုဏ်ယူကြောင်း ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့၏။ စစ်ရေယာဉ်(မေယု) လွှဲပြောင်းလက်ခံသည့်အခမ်းအနားတွင် ရေတပ်ထုံးတမ်းစဉ်လာအရ စစ်ရေယာဉ်ပိုင်ဆိုင်သောနိုင်ငံ၏ ရေတပ်အလံကိုလွှင့်ထူရသည်ဖြစ်ရာ စစ်ရေယာဉ်ဦးပိုင်းအလံတိုင်မှ ဗြိတိသျှရေတပ်အလံကို လျှော့ချပြီး ဗမာပြည် ဘုရင့်အပျော်တမ်းအရန်ရေတပ်အလံကို လွှင့်တင်ခဲ့၏။ မြန်မာ့လွတ်လပ်ရေးအကြို ရောင်နီဦးသည် မြန်မာ့တပ်မတော်(ရေ) စစ်ရေယာဉ်(မေယု)၌ စတင်ကွန့်မြူးခဲ့ပြီး မကြာမီလွတ်လပ်ရေးရရှိမည့် အတိတ်ကောင်း၊ နိမိတ်ကောင်းအဖြစ် မြန်မာတစ်မျိုးသားလုံး၊ မြန်မာတစ်နိုင်ငံလုံးက ဝမ်းမြောက်ဝမ်းသာ မှတ်ယူကြိုဆိုကြကုန်၏။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန် ရက်ပိုင်းအလို ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၂၄ရက်နေ့တွင် ဖွဲ့စည်းမိန့်အမှတ်(၄၂၄) (Burma Gazette, No. 424) ဖြင့် ဗမာပြည်ဘုရင့်အပျော်တမ်း အရန်ရေတပ်အား **"ဗမာ့ရေတပ်မတော်"**အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့၏။ ရေတပ်ဦးစီးချုပ်အဖြစ် စစ်ရေယာဉ်(မေယု)၏ပထမဦးဆုံးသော မြန်မာနိုင်ငံသား စစ်ရေယာဉ်မှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဘိုက ဗြိတိသျှ ဗိုလ်မှူးကြီးကေအက်စ်လိုင်းထံမှ တာဝန်များလွှဲပြောင်းလက်ခံခဲ့၏။ လွတ်လပ်ရေးရရှိပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်ယူဝင့်ကြွားစွာရပ်တည်နိုင်မှုနှင့်အတူ အရာရှိ၊ စစ်သည်အင်အား၊ စစ်ရေယာဉ်အင်အား၊ လက်နက်ခဲယမ်း အင်အားတို့ဖြင့် ကိုယ်ပိုင်ရပ်တည်နိုင်သော တပ်မတော်(ရေ)သည် အခိုင်အမာဖြစ်တည်ပေါ်ပေါက်လာခဲ့၏။

သို့သော် လွတ်လပ်ရေးနှင့်အပြိုင်ပေါ်ပေါက်လာသော ပြည်တွင်းလက်နက်ကိုင် ဆူပူသောင်းကျန်းမှုများကြောင့် တပ်မတော်(ရေ)သည် တပ်မတော်(ကြည်း၊ လေ)တို့နှင့်အတူ နိုင်ငံလုံခြုံရေးနှင့် ပြည်သူလူထု ကာကွယ်ရေးအတွက် လက်တွဲညီညီရှေ့တိုးချီခဲ့၏။ မြစ်ဝကျွန်းပေါ်တိုက်ပွဲများ၊ ရခိုင်ကမ်းရိုးတန်းတိုက်ပွဲများ၊ တနင်္သာရီကမ်းရိုးတန်းတိုက်ပွဲများ၌ မကြောက်မရွံ့ နောက်မတွန့်စတမ်း ရှပ်ရှပ်ချုံချုံဆင်နွှဲခဲ့၏။ တစ်တိုင်းပြည်လုံး ပြည်တွင်းသောင်းကျန်းမှုများ ကြီးစိုးခဲ့သည့်အတွက် ရန်ကုန်အစိုးရဟု နိုင်ငံတကာက နှိမ့်ချဆက်ဆံခံခဲ့ရချိန်တွင် ရန်ကုန်မြို့ကို အပြီးသိမ်းပိုက်ရန် ဦးတည်ချီတက်လာသော သောင်းကျန်းသူများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များအပြင် ဘီးတပ် ၄၀ မမ အမြောက်များက မဆုတ်မနစ်စွမ်းစွမ်းတမံ ခုခံကာကွယ်ခဲ့ကြ၏။ တပ်မတော်(ရေ)၏ ကြောက်ခမန်းလိလိ တံမြက်စည်း၊ ရေဘီလူး၊ ရေသူရဲ၊ ရေသဘက်အမည်တွင်သော ဘီးတပ်အမြောက်များသည် အကြမ်းဖက် သောင်းကျန်းသူတို့၏ ထိုးစစ်မှန်သမျှကို ရိုက်ချိုးချေမှုန်းလက်စတုံးနိုင်ခဲ့၏။ စစ်ရေယာဉ်(မေယု)မှ လေးလက်မအမြောက်ကြီး၏ တိကျထိရောက်သောပစ်ကူပေးမှုသည် နာမည်ကျော်ခဲ့ပြီး အင်းစိန်၊ သန်လျင်ကျိုက်ခေါက်၊ ပုသိမ်၊ ကျောက်ဖြူနှင့် မော်လမြိုင်တိုက်ပွဲတို့တွင် သောင်းကျန်းသူများ ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့တုန်လှုပ်စေခဲ့၏။

တပ်မတော်(ရေ)သည် ပွဲဦးထွက်ကပင် ရန်ဆူးရန်ငြောင့်မှန်သမျှ အမှုန့်ချေပြခဲ့သည့်အပြင် အစဉ်အဆက် ပြည်သူ့တွက်လျှင် ပေးဆပ်စွန့်စား အောင်ပွဲများကို ဝင့်ကြွားပိုင်ပိုင်ရယူနိုင်ခဲ့ပေ၏။ တပ်မတော်(ရေ) အရာရှိ၊ စစ်သည်များ၏ သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်မှုများကြောင့် တပ်မတော်(ရေ) စတင်ဖွဲ့စည်းချိန်မှသည် ယနေ့အထိ သီဟသူရဘွဲ့တစ်ဦး၊ သူရဘွဲ့ ၁၇ ဦး၊ သီဟဗလတံဆိပ်နှစ်ဦး၊ သူရဲကောင်းမှတ်တမ်းဝင် ၆၈ ဦး၊ ပြည်သူ့သားကောင်းတံဆိပ်တစ်ဦး၊ စစ်သေနာပတိချုပ်၏သူရဲကောင်းလက်မှတ် ၁၉ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ် ၄၁ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် ၁၅၁ ဦးရရှိခဲ့သည်မှာ တပ်မတော်(ရေ)အတွက် ဂုဏ်ယူဖွယ်သမိုင်းမော်ကွန်းပင်ဖြစ်ပါ၏။

အောင်မြင်စွာ ဖြတ်ကျော်လာသော (၇၇) နှစ်တာကာလ သက်တမ်းတစ်လျှောက်ရရှိခဲ့သည့် အတွေ့အကြုံ အသိအမြင်များဖြင့် တပ်မတော်(ရေ)သည် ရေမြင့်၍ ကြာတင့်ခဲ့လေပြီ။ ရင့်ကျက်တည်ငြိမ်သော၊ ခေတ်မီဆန်းသစ်သော၊ တိုးတက်ခိုင်မာသော အခြေအနေသို့ရောက်ရှိလာပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော၊ ဒေသတွင်းရေတပ်များက ခန့်ညားလေးစားရသော တန်းဝင်တပ်မတော်(ရေ)အဖြစ် တက်လှမ်းနိုင်ခဲ့လေပြီ။

ရေမိုင်ပေါင်း ၁၂၆၀ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် စတုရန်းရေမိုင်ပေါင်း တစ်သိန်းလေးသောင်းကျော် ကျယ်ဝန်းသော မြန်မာ့ပင်လယ်ပြင်၏ အဖိုးတန်သယံဇာတများကား ပေါကြွယ်ဝသည်ထက်ပိုလေ၏။ ထို့ပြင် မျက်မှောက်ခေတ်နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးတွင် အဓိကကျသော အိန္ဒိယသမုဒ္ဒရာ၏ အစိတ်အပိုင်းဖြစ်သည့် ဘင်္ဂလားပင်လယ်အော်နှင့်ကပ္ပလီပင်လယ်တို့၏ ထိန်းချုပ်မှတ် (Choke Point) နေရာတွင်လည်း တည်ရှိနေပြန်၏။ မည်သည့်ရှုထောင့်က ကြည့်ကြည့် မြန်မာ့ပင်လယ်ပြင်သည် **"ရွှေနိုင်ငံ၏ ရွှေပင်လယ်"** အစစ်ပင်ဖြစ်ပါ၏။ တန်ဖိုးသိလေ တန်ဖိုးရှိလေပင်။

မြန်မာ့ရွှေပင်လယ်၏ တန်ဖိုးကြီးမားပုံကို အလေးထားသော တပ်မတော်အကြီးအကဲက တပ်မတော်(ရေ)၏ တိုက်စွမ်းအားများဖြစ်သော စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်နိုင်ရန် လမ်းညွှန်မှုပြုခဲ့၏။ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဟူသော ဆောင်ပုဒ်နှင့်အညီ တပ်မတော်(ရေ) ရေတပ်သင်္ဘောကျင်း ဌာနချုပ်တွင် နိုင်ငံတကာစံချိန်စံညွှန်းမီ စစ်ရေယာဉ်များကို ကိုယ်တိုင်ဒီဇိုင်းရေးဆွဲတည်ဆောက်စေခဲ့၏။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ပံ့ပိုးဖြည့်ဆည်းပေးမှု၊ တပ်မတော်(ရေ) အရာရှိ၊ စစ်သည်များ၏ ကြိုးပမ်းအားထုတ်မှုတို့ကြောင့် အဆင့်အတန်းမီ စစ်ရေယာဉ်များကို စဉ်ဆက်မပြတ် တည်ဆောက်၊ ရေချ၊ တပ်တော်ဝင်နိုင်ခဲ့ကြ၏။ **"ဝယ်ယူအသုံးပြုသူမှ တည်ဆောက်သူ(Buyer to Builder)"** အဖြစ် တစ်မုဟုတ်ချင်း ပြောင်းလဲနိုင်ခဲ့ပြီး နိုင်ငံတော်၏ဘဏ္ဍာငွေကို များစွာ ခြိုးခြံချွေတာနိုင်ခဲ့၏။ အမြော်အမြင်မှ နည်းလမ်း၊ နည်းလမ်းမှ လက်တွေ့၊ လက်တွေ့မှ အောင်မြင်မှုသို့ လှမ်းတက်နိုင်ခဲ့ခြင်းပင်ဖြစ်၏။

တပ်မတော်(ရေ)၏ ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်နိုင်ရန် တိုက်စွမ်းအား မြင့်မားသောစစ်ရေယာဉ်များအပေါ် များစွာမှီတည်နေ၏။ ရေပြင်ရန်စစ်ဆင်ရေး၊ ဝေဟင်ရန်စစ်ဆင်ရေး၊ ရေအောက်ရန်စစ်ဆင်ရေးနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေးဟူ၍ နယ်ပယ်(၄)ရပ်လုံး ထိရောက်စွာ စစ်ဆင်နိုင်ရန် မလွဲမသွေလိုအပ်၏။ ထို့ပြင် ရေတပ်စွမ်းအားသည် ပင်လယ်ပြင်မှကုန်းမြေအပေါ် အကျိုးသက်ရောက်မှုပေးနိုင်ရေးနှင့် နိုင်ငံတစ်နိုင်ငံ၏ ရေကြောင်းဆိုင်ရာ အရင်းအမြစ်များ (Maritime Resources)ကို ကာကွယ်မှုပေးနိုင်ရေးဟူသည့် စွမ်းအားနှစ်ရပ်ပြည့်စုံကာ Naval Power ကို Fighting Power အဖြစ် အသုံးချနိုင်ရန်အတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက်နှင့်လက်နက်စနစ်အသင့်ဖြစ်မှု၊ ရေတပ်သားအသင့်ဖြစ်မှုဟူသော အသင့်(၃)ရပ်ဖြင့် ပြည့်စုံရန်လည်း ကြိုးပမ်းဖြည့်ဆည်းတည်ဆောက်လျက်ရှိပါ၏။

မည်မျှပင် ခေတ်မီတန်ဖိုးကြီးမားသော စစ်လက်နက်ပစ္စည်းများ တပ်ဆင်အသုံးပြုစေကာမူ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးမပြုနိုင်ပါက အချည်းနှီးပင်။ သို့ကြောင့် တပ်မတော်(ရေ) အရာရှိ၊ စစ်သည်များ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရန်လည်း အလေးအနက်ထား ဆောင်ရွက်လျက်ရှိ၏။ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ အရာရှိဗဟုသုတတိုးပွားရေး ဟောပြောပွဲများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများဖြင့် ဘက်စုံထောင့်စုံ အရှိန်အဟုန်ဖြင့် မြှင့်တင်လျက်ရှိ၏။ ထို့ပြင် ပြည်ပ အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများ၊ နှီးနှောဖလှယ်ပွဲများ၊ သင်တန်းများသို့လည်း စဉ်ဆက်မပြတ်စေလွှတ်ပါဝင်တက်ရောက်စေလျက်ရှိ၏။ နိုင်ငံတကာရေတပ်များ၊ ဒေသတွင်းရေတပ်များ၊ အိမ်နီးချင်းရေတပ်များနှင့် ပူးတွဲလေ့ကျင့်ခြင်း၊ ပူးတွဲကင်းလှည့်ခြင်း၊ ပူးတွဲရေကြောင်း တိုင်းတာခြင်းများဖြင့်လည်း တန်းယှဉ်တန်းမီ ပါဝင်ဆောင်ရွက်လျက်ရှိ၏။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုသည့် လမ်းညွှန်ချက်အတိုင်း အရာရှိ၊ စစ်သည်များအနေဖြင့် လေ့လာမှတ်သားမှုများ၊ ကျွမ်းကျင်ရန် လေ့ကျင့်မှုများ၊ လုပ်ငန်းခွင်တွင် လက်တွေ့လိုက်နာကျင့်သုံးမှုများဖြင့် အောင်မြင်မှုအသီးအပွင့်များ ဖွံ့ဖြိုးဝေစည်စေခဲ့ပြီး အမျိုးသား၊ အမျိုးသမီးအရာရှိ၊ စစ်သည်များအားလုံး လူ့စွမ်းအားအရင်းအမြစ်ဟန်ချက်ညီတိုးတက်စေရေးကိုပါ ကွဲကူးရေပါမြှင့်တင်ဆောင်ရွက်လျက်ရှိ၏။

တပ်မတော်(ရေ)၏ လုပ်ငန်းတာဝန်ကဏ္ဍကြီး(၄)ရပ်ဖြစ်သည့် စစ်ရေးကဏ္ဍ (Military Role)၊ တရားဥပဒေစိုးမိုးရေးကဏ္ဍ(Constabulary Role)၊ သံတမန်ရေးရာကဏ္ဍ (Diplomatic Role)၊ စာနာအကူအညီပေးရေးကဏ္ဍ(Benign Role) တို့ကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် စွမ်းဆောင်နိုင်ရေး ရည်မှန်းအကောင်အထည်ဖော်လျက်ရှိ၏။

ကဏ္ဍကြီး(၄)ရပ်အနက် စစ်ရေးကဏ္ဍသည်တပ်မတော်(ရေ)၏ အဓိကတာဝန်ကြီးဖြစ်ပြီး **"အမြဲတမ်းလေ့ကျင့်နေရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင် အသင့်ဖြစ်ရမည်"** ဟူသည့်

စာမျက်နှာ ၁၀ သို့ ☆





> **"လွတ်လပ်ရေးနှင့်အပြိုင်ပေါ်ပေါက်လာသော ပြည်တွင်းလက်နက်ကိုင်ဆူပူသောင်းကျန်းမှုများကြောင့် တပ်မတော်(ရေ)သည် တပ်မတော်(ကြည်း၊ လေ)တို့နှင့်အတူ နိုင်ငံလုံခြုံရေးနှင့် ပြည်သူလူထုကာကွယ်ရေးအတွက် လက်တွဲညီညီရှေ့တိုးချီခဲ့၏။ မြစ်ဝကျွန်းပေါ်တိုက်ပွဲများ၊ ရခိုင်ကမ်းရိုးတန်းတိုက်ပွဲများ၊ တနင်္သာရီကမ်းရိုးတန်းတိုက်ပွဲများ၌ မကြောက်မရွံ့ နောက်မတွန့်စတမ်း ရှပ်ရှပ်ချုံချုံဆင်နွှဲခဲ့၏။ တစ်တိုင်းပြည်လုံး ပြည်တွင်းသောင်းကျန်းမှုများ ကြီးစိုးခဲ့သည့်အတွက် ရန်ကုန်အစိုးရဟု နိုင်ငံတကာက နှိမ့်ချဆက်ဆံခံခဲ့ရချိန်တွင် ရန်ကုန်မြို့ကို အပြီးသိမ်းပိုက်ရန် ဦးတည်ချီတက်လာသော သောင်းကျန်းသူများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များအပြင် ဘီးတပ် ၄၀ မမ အမြောက်များက မဆုတ်မနစ်စွမ်းစွမ်းတမံ ခုခံကာကွယ်ခဲ့ကြ၏။ တပ်မတော်(ရေ)၏ ကြောက်ခမန်းလိလိ တံမြက်စည်း၊ ရေဘီလူး၊ ရေသူရဲ၊ ရေသဘက်အမည်တွင်သော ဘီးတပ်အမြောက်များသည် အကြမ်းဖက်သောင်းကျန်းသူတို့၏ ထိုးစစ်မှန်သမျှကို ရိုက်ချိုးချေမှုန်းလက်စတုံးနိုင်ခဲ့"**

☆ စာမျက်နှာ ၉ မှ

**“မြဲသုံးမြဲ”ကို လက်ကိုင်ထားကာ “လေ့ကျင့်ကျွမ်းကျင်၊ အောင်ပွဲဆင်”** ဆိုသည့် ဆောင်ပုဒ်အတိုင်း ပင်လယ်ပြင်ကျူးကျော်လာသူများကို ချေမှုန်းနိုင်ရန် အမြဲလေ့ကျင့်လျက်ရှိ၏။ တပ်မတော်(ရေ) စစ်ရေယာဉ်အမျိုးအစားပေါင်းစုံ စုပေါင်းပါဝင်သော စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့်ခန်း (Combined Fleet Exercise– Sea Shield) ကို ၂၀၁၄ ခုနှစ်မှ စတင်လေ့ကျင့်ခဲ့ပြီး တပ်မတော်(ရေ)၏ ပထမဦးဆုံး ရေပြင်မှရေပြင်ပစ်ဒုံးပျံကို အောင်မြင်စွာပစ်ခတ်လေ့ကျင့်နိုင်ခဲ့၏။ တပ်မတော်(ရေ)၏ အဆိုပါလေ့ကျင့်ခန်းများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုထိရောက်အစွမ်းထက်လာခဲ့၏။ ပါဝင်လေ့ကျင့်ကြရသော တပ်မတော်(ရေ) အရာရှိ၊ စစ်သည်များအတွက် တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံ၊ အလေ့အကျင့်ကောင်းများကို ရရှိပိုင်ဆိုင်စေခဲ့၏။

စစ်ရေးကဏ္ဍအတွက် အဓိကတိုက်စွမ်းအားများဖြစ်သော စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်သည်သာမက ပြင်ပနိုင်ငံများမှလည်း အမျိုးအစားစုံလင်အောင် ဝယ်ယူဖြည့်တင်းအားဖြည့်ပေးလျက်ရှိ၏။ တပ်မတော်(ရေ)အတွက် အထင်ကရမှတ်တိုင်ဖြစ်သည့် တိုက်ခိုက်ရေးရေငုပ်သင်္ဘော စစ်ရေယာဉ် “မင်းရဲသိခ်သူ” နှင့် “မင်းရဲကျော်ထင်” တို့ကို (၇၃)နှစ်မြောက်နှင့် (၇၄)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့များတွင် အသီးသီးတပ်တော်ဝင်နိုင်ခဲ့၏။ ရေအောက်ရန် စစ်ဆင်ရေးနယ်ပယ်ကို တိုးချဲ့နိုင်ခဲ့သည့်အပြင် Submarine Arm ပိုင်ဆိုင်ခြင်းဖြင့် ဒေသတွင်းရေတပ်များနှင့် ရင်ပေါင်တန်းနိုင်ခဲ့၏။ သုံးဖက်မြင် စစ်ဆင်နိုင်စွမ်းရှိသော ရေတပ်(Three Dimensional Navy) အဆင့်သို့တက်လှမ်းကာ စစ်ရေးကဏ္ဍကို တောင့်တင်းခိုင်မာစေမည်ဖြစ်၏။ စစ်ရေးကဏ္ဍ အားကောင်းမောင်းသန်ဖြစ်စေရေးအတွက် စစ်ရေယာဉ်များကို အမျိုးအစားစုံလင်စွာ နိုင်ငံတကာအဆင့်မီ ကိုယ်ပိုင်ဒီဇိုင်းရေးဆွဲကာ ပြီးပြည့်စုံသောရေတပ်တစ်ခုအဖြစ် တည်ဆောက်လျက်ရှိ၏။ ပြီးပြည့်စုံသော ရေတပ်တစ်ခု၏ သွင်ပြင်လက္ခဏာများဖြင့် ဂုဏ်ယူ၍မဆုံးလေပြီ။

နိုင်ငံနှင့်ပြည်သူအတွက် တရားဥပဒေစိုးမိုးရေးကဏ္ဍသည်လည်း အရေးကြီး၏။ ရေကြောင်းသွားလာမှု တိုးတက်များပြားလာမှုနှင့်အတူ ပင်လယ်ပြင်အခြေပြုဖြစ်ပေါ်လာသော အကြမ်းဖက်မှုများ၊ ရာဇဝတ်မှုများ၊ တရားမဝင်ရွှေ့ပြောင်းသွားလာမှုများ၊ လက်နက်နှင့်မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုများ၊ လူမှောင်ခိုကုန်ကူးမှုများ ပိုမိုဖြစ်ပေါ်လျက်ရှိရာ ၎င်းတို့ကို ထိရောက်စွာ တားဆီးကာကွယ်ရန် လိုအပ်လာ၏။ ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော် (ရေ)နှင့် လက်တွဲဆောင်ရွက်မည့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့က စတင်ဖွင့်လှစ်တပ်တော်ဝင်ခဲ့၏။ ထို့ကြောင့် တပ်မတော် (ရေ)နှင့်အတူ မြန်မာနိုင်ငံကမ်းခြေစောင့် တပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့နှင့် အခြားရေကြောင်းဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်း၍ မြန်မာ့ပင်လယ်ပြင်အဝှမ်း တရားဥပဒေစိုးမိုးရေးကို လက်တွဲညီညီ ထိရောက်စွာ အကောင်အထည်ဖော်ရမည်ဖြစ်၏။ ထို့ပြင် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၏ ရေတပ်၊ ကမ်းခြေစောင့်တပ်ဖွဲ့၊ အခြားရေကြောင်းဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်း ဆက်သွယ်ပူးပေါင်း ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်၏။

သံတမန်ရေးရာ ကဏ္ဍသည်လည်း ကမ္ဘာ့နိုင်ငံအသီးသီးရှိ ရေတပ်များအတွက် အဓိကကျ၏။ နိုင်ငံအချင်းချင်း ဖြစ်ပွားနေသော ပဋိပက္ခအငြင်းပွားမှုများဝယ် စစ်ဆင်တိုက်ခိုက်စရာမလိုဘဲ ရေတပ်အင်အားပြသခြင်းဖြင့် အသာစီးရရှိရန် စွမ်းဆောင်နိုင်၏။ ကမ္ဘာ့သမိုင်းတစ်လျှောက် အသုံးပြုခဲ့သော အလွန်ထိရောက်အကျိုးရှိသည့် အင်အားပြသမှုလည်းဖြစ်၏။

ယနေ့ တပ်မတော်(ရေ)သည် မိမိကမ်းရိုးတန်းကိုသာ ကာကွယ်နိုင်စွမ်းရှိသော Coastal Navy အဆင့်မဟုတ်တော့ဘဲ မိမိတို့၏သီးသန့်စီးပွားရေးဇုန်အထိ ကာကွယ်စောင့်ရှောက်နိုင်သော ရေတပ်အဆင့်သို့ ရောက်ရှိနေပြီဖြစ်၏။ နိုင်ငံတကာ ရေတပ်အခမ်းအနားများသို့ မိမိ တို့၏ စစ်ရေယာဉ်များ စေလွှတ်တက်ရောက်စေခြင်း၊ အပြန်အလှန် လည်ပတ်စေခြင်း၊ အိမ်နီးချင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာရေတပ်များနှင့် နီးကပ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့ဖြင့် သံတမန်ရေးရာကဏ္ဍကို ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်ခဲ့၏။

ထို့ပြင် နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သော အာဆီယံရေတပ်ဦးစီးချုပ်များ တွေ့ဆုံဆွေးနွေးပွဲ (ASEAN Naval Chiefs Meeting–ANCM) များကိုလည်း နှစ်စဉ်ပါဝင်တက်ရောက်၍ သံတမန်ရေးရာကဏ္ဍတွင် လစ်ဟင်းမှုမရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ၏။ မိမိတို့နိုင်ငံက အလှည့်ကျ အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးရမည့် 9th ANCM ကို ၂၀၁၅ ခုနှစ်ကလည်းကောင်း၊ 18th ANCM ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလကလည်းကောင်း နေပြည်တော်၌ အောင်မြင်စွာကျင်းပနိုင်ခဲ့၏။ တပ်မတော်(ရေ) ၏ သံတမန်ရေးကဏ္ဍကို ပိုမိုအသက်ဝင် ရှင်သန်စေခဲ့ခြင်းပင်ဖြစ်၏။

တပ်မတော်(ရေ)အနေဖြင့် စာနာအကူအညီပေးရေးကဏ္ဍတွင်လည်း ပိုမိုထိရောက်စွာ ဆောင်ရွက်လျက်ရှိ၏။ မျက်မှောက်ကာလတွင် ပိုမိုဖြစ်ပွားလာသည့် သဘာဝဘေးအန္တရာယ်များကြောင့် အတိဒုက္ခရောက်ကြရသော ပြည်သူလူထုကို ကိုယ့်နှယ်ထပ်တူ အလေးမူလျက် ဖေးကူပံ့ပိုး စောင့်ရှောက်မိုးလျက်ရှိ၏။ အထူးသဖြင့် ကမ်းရိုးတန်းနေ ပြည်သူများ ပိုမိုခံစားလာရသော မုန်တိုင်းဘေး၊ ရေကြီး၊ ရေလျှံဘေး၊ မြေပြိုမှုဘေး၊ ဆူနာမီရေလှိုင်းဘေးတို့မှ သက်သာလွတ်ကင်းရန် ဘက်စုံထောင့်စုံ နည်းလမ်းစုံဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိ၏။ တပ်မတော်အကြီးအကဲကလည်း လူ့အသက်ထက် အရေးကြီးတာ ဘာမျှမရှိ၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ဒုက္ခရောက်နေသော ပြည်သူကို စာနာကူညီပေးရန်အတွက် အထက်ဌာန၏အမိန့်ကို စောင့်နေစရာမလို၊ အမြန်ဆုံးသွားရောက် အကူအညီပေးရန် လမ်းညွှန်မှာကြားထားပြီးဖြစ်လေ၏။

ထို့ပြင် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမမီသော ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင်နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများကို ခေတ်မီရောဂါရှာဖွေရေးပစ္စည်းကိရိယာများ တပ်ဆင်ထားသည့် ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)နှင့် မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်) တို့မှ ကျွမ်းကျင်ပါရဂူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာဝန် ဆရာမများဖြင့် အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိ၏။ ကျေးဇူးတင်ကြည်နူးစိတ်ဖြင့် အလှပဆုံးပွင့်လန်းနေသော ပြည်သူတို့၏ အပြုံးပန်းများအကြားဝယ် ရေတပ်သားတို့ အားသစ်အင်သစ်ဖြစ်ကြရ၏။ ၂၀၁၃ ခုနှစ်မှ ယနေ့အထိ ဆေးရုံရေယာဉ်များ၏ ဆေးကုသပေးမှုခရီးစဉ် ၃၅ ကြိမ်အတွင်း စုစုပေါင်း အမျိုးသား အမျိုးသမီး လူနာ ၃၃၅၈၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့၏။ မိုးခေါင်ရေရှားရပ်ဝန်း၌ ရွာချခဲ့သော မိုးတစ်ပေါက်၏ တန်ဖိုးကို ဒေသခံပြည်သူများက အသိဆုံးဖြစ်ပေလိမ့်မည်။ ပြည်ပနိုင်ငံများတွင် အတိဒုက္ခရောက်နေကြသည့် အမိမြန်မာနိုင်ငံသားများအား တပ်မတော်(ရေ) စစ်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီး ကွဲကွာနေကြသောမိသားစုများ ပြန်လည်ဆုံဆည်းနိုင်အောင်၊ ကြမ်းတမ်းခါးသီးသည့် အိပ်မက်ဆိုးများလွန်မြောက်ပြီး နွေးထွေးလုံခြုံသည့် အမိမြေ၌ အိပ်မက်လှလှမက်နိုင်အောင် အကျိုးဆောင်ပေးနိုင်ခဲ့ပါ၏။

တောင်တရုတ် ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း ရာဂီ၏အရှိန်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်၏ အရှိန်တို့ကြောင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့မှစတင်၍ နေရာအနှံ့အပြား မိုးအဆက်မပြတ်ရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး ချောင်းရေနှင့် မြစ်ရေများ အဆက်မပြတ်မြင့်တက်လာမှုနှင့်အတူ နိုင်ငံအနှံ့အပြား၌ ရုတ်တရက်ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ရေတပ်သားများသည် တပ်မတော်(ကြည်း)၊ တပ်မတော်(လေ) တပ်ဖွဲ့များနှင့်အတူ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို တွန့်ဆုတ်မဲ့ကင်း စာနာခြင်းဖြင့် ရိုင်းပင်းကူထောက် ထိရောက်စွာစွမ်းဆောင်ပေးနိုင်ခဲ့၏။

မြန်မာ့တပ်မတော်(ရေ) အပါအဝင် နိုင်ငံတကာရေတပ်များသည် ယနေ့ခေတ်ကာလတွင် ခြိမ်းခြောက်မှု၊ စိန်ခေါ်မှုများနှင့် ပိုမိုရင်ဆိုင်ရလျက်ရှိ၏။ အကြီးမားဆုံးခြိမ်းခြောက်မှုမှာ သဘာဝဘေးအန္တရာယ်ပင်ဖြစ်၏။ ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲမှုများကြောင့် ပြင်းထန်သည့် မုန်တိုင်းကြီးများ၊ ဆူနာမီရေလှိုင်းများ၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုများကို ဖြစ်ပေါ်စေပြီး ပင်လယ်ကမ်းရိုးတန်းနေ ဘဝများကို ကြီးမားစွာ ခြိမ်းခြောက်လျက်ရှိ၏။ ထို့ပြင် ပင်လယ်ပြင်ညစ်ညမ်းမှု၊ တရားမဝင်ငါးခိုးဖမ်းမှု၊ သဘာဝသယံဇာတများ အလွန်အကျွံထုတ်ယူမှု၊ ပင်လယ်ပြင်မှ တရားမဝင်မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်းသယ်ဆောင်ရောင်းဝယ်မှု၊ လူများအစုလိုက်အပြုံလိုက်ရွှေ့ပြောင်းဝင်ရောက်မှု၊ ပင်လယ်ပြင်အခြေပြု အကြမ်းဖက်တိုက်ခိုက်မှုစသည့် အခြားခြိမ်းခြောက်မှုများကိုလည်း ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုးပမ်းရမည်ဖြစ်၏။ ဖြတ်သန်းကျော်လွှားပြီးခဲ့သည့် စိန်ခေါ်မှုများ၊ ခြိမ်းခြောက်မှုများကို အတွေ့အကြုံကောင်းများ၊ အောင်မြင်မှုအတွက် လှေကားထစ်များအဖြစ် ခံယူလျက် ဆက်လက်ကျော်ဖြတ်သွားရမည်သာ ဖြစ်၏။

ယနေ့ တပ်မတော်(ရေ)သည် အထက်ဖော်ပြပါ ခြိမ်းခြောက်မှုများ၊ စိန်ခေါ်မှုများကို အောင်မြင်စွာ ရင်ဆိုင်ဖြတ်ကျော်ပြီး ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်သော၊ ရည်မှန်းချက်တာဝန်(၃)ရပ်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်သော၊ အစဉ်အဆက်သမိုင်းအစဉ်အလာကောင်းများကို ပိုမိုမြှင့်တင်ထိန်းသိမ်းနိုင်သော၊ နိုင်ငံနှင့်ပြည်သူတစ်ရပ်လုံးက အားကိုးရသော တပ်မတော်(ရေ)အဖြစ် အရည်အချင်းပြည့်အရာရှိ၊ စစ်သည် လူသားအရင်းအမြစ်များနှင့်အတူ **“ရှေ့သို့ချီတက်၊ အောင်ပွဲဆက်စေ တပ်မတော်(ရေ)”** ဖြစ်ပါစေကြောင်း (၇၇) နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါ၏။

**ရေညီမှသည်၊ ရေပြာဆီသို့**
**လှမ်းချီရှေ့ဆက်၊ လက်နက်ရေယာဉ်**
**စစ်သည်အင်အား၊ တိုးပွားခေတ်မီ**
**စွမ်းရည်ထက်မြက်၊ မျိုးဆက်ဆက်တို့**
**တိုးတက်အောင်မြင် ပါစေသော်။**
**ပြည်သူချစ်တဲ့ ရေတပ်မတော်။**
**ရေပြာထက်က အောင်လံတော်။** ။





**“တပ်မတော်(ရေ)အနေဖြင့် စာနာအကူအညီပေးရေးကဏ္ဍတွင်လည်း ပိုမိုထိရောက်စွာ ဆောင်ရွက်လျက်ရှိ၏။ မျက်မှောက်ကာလတွင် ပိုမိုဖြစ်ပွားလာသည့် သဘာဝဘေးအန္တရာယ်များကြောင့် အတိဒုက္ခရောက်ကြရသော ပြည်သူလူထုကို ကိုယ့်နှယ်ထပ်တူ အလေးမူလျက် ဖေးကူပံ့ပိုး စောင့်ရှောက်မိုးလျက်ရှိ၏။ အထူးသဖြင့် ကမ်းရိုးတန်းနေ ပြည်သူများ ပိုမိုခံစားလာရသော မုန်တိုင်းဘေး၊ ရေကြီး၊ ရေလျှံဘေး၊ မြေပြိုမှုဘေး၊ ဆူနာမီရေလှိုင်းဘေးတို့မှ သက်သာလွတ်ကင်းရန် ဘက်စုံထောင့်စုံ နည်းလမ်းစုံဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိ၏။ တပ်မတော်အကြီးအကဲကလည်း လူ့အသက်ထက်အရေးကြီးတာ ဘာမျှမရှိ၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ဒုက္ခရောက်နေသော ပြည်သူကို စာနာကူညီပေးရန်အတွက် အထက်ဌာန၏အမိန့်ကို စောင့်နေစရာမလို၊ အမြန်ဆုံးသွားရောက် အကူအညီပေးရန် လမ်းညွှန်မှာကြားထား”**

## ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅)ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ညီလာခံကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅)ကို ဇန်နဝါရီ ၉ ရက်မှ ၁၀ ရက်အထိ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီအသီးသီးမှ ဥက္ကဋ္ဌများအနေဖြင့် လစ်ဟာမှုမရှိစေရန် မိမိတို့တာဝန်ယူထားသော လုပ်ငန်းကဏ္ဍများအလိုက် ဘက်ပေါင်းစုံမှ ပူးပေါင်းပါဝင် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခုအခါတွင် စာတမ်းများကို အပြီးသတ်စိစစ်ရွေးချယ်ပြီး ဖြစ်ပါကြောင်း၊ ပြခန်းများ ခင်းကျင်းပြသရာတွင် ပိုစတာနှင့် Table Show ပြသခြင်းနှင့်ပတ်သက်ပြီး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေး ဆုံးဖြတ်ပေးကြစေလိုကြောင်း၊ နိုင်ငံတကာအဆင့် သုတေသန ညီလာခံဖြစ်သဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရည်အသွေး မြင့်မားသော အသုံးချသုတေသန ညီလာခံဖြစ်ထွန်းလာစေရေးကို ဝိုင်းဝန်းပူးပေါင်း ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က လုပ်ငန်းများဆောင်ရွက်နေမှု အဆင့်ဆင့်နှင့် ဆုံးဖြတ်ရန် အချက်များကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများက မိမိတို့ ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၁၁) ပြန်တမ်းဝင် အရာရှိခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) မြဝတီခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် တိုးဝင်းနှင့် ကျောင်းဆင်း ဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ တပ်မတော် အရာရှိကြီးများနှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်း ဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်သည်။

ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ်ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ယနေ့ကျင်းပသည့် ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားတွင် ကျောင်းဆင်း ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအား ဒုတိယဗိုလ်အဆင့်ဖြင့် ရာထူးခန့်အပ်ပေးအပ်ခြင်းဖြစ်သည်။ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်း သင်တန်းကို တပ်မတော်အတွက် အရည်အချင်းပြည့်ဝသည့် ဦးစီးအရာရှိများ မွေးထုတ်ပေးရန် ဆိုသည့် ရည်ရွယ်ချက်ဖြင့် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)၌ ၂၀၁၄ ခုနှစ်မှ စတင်ဖွင့်လှစ်သင်ကြားခဲ့ကာ ယခုအခါ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၁၁) အထိ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် သင်တန်းဆင်း အမျိုးသမီးအရာရှိများအနေဖြင့် သက်ဆိုင်ရာ(ကြည်း၊ ရေ၊ လေ) လက်ရုံးတပ်ဖွဲ့များတွင် အသီးသီး တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း (အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းလွန်- တမီးလ်နာဒူးမြောက်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်တောင်ဘက်သို့ရွေ့လျားနိုင်ပြီး ဒီဇင်ဘာ ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း (အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေအနီး)သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

## တပ်မတော်(ရေ)

☆ ၁၉၄၇ ခုနှစ်
ထုဆစ်ခဲ့ကမ္ပည်းစာ
ဒီဇင်ဘာ ၂၄
ရေးထိုးခဲ့တာ၊
သမိုင်းဖွဲ့အစဉ်အလာ
ယခုအခါ ၇၇ ခုနှစ်..။
ပြည်အကျိုး
သယ်ပိုးကာ ရှုမငြီးခဲ့ပါဘူး
ဖွဲ့စည်းကာ စွမ်းရည်သစ်တွေနဲ့
ပြည်ချစ်ကာ တာဝန်ထမ်း
ပွင့်လန်းဂုဏ်တင့်..။

☆ ခေတ်မီစွာ စွမ်းအင်တိုး
နိုးကြားခဲ့ ရင်မကွာ၊
မြတ်မွေအစဉ်ထိန်း
မယိမ်းစေရာ၊
စိတ်ဓာတ်နဲ့စည်းကမ်းဖြာ
အဏ္ဏဝါခရီးလမ်း..။
မုန်တိုင်းဘယ်လိုညံလဲ
လေပြင်း ဘယ်လိုထန်လဲ
ခွဲအားမာန် သတ္တိသွေးတွေနဲ့
ထွေးဖွဲ့ပြုံးပန်း..။

☆ တပ်မတော်(ရေ)ကမ္ပည်းသစ်
ဖွင့်လှစ်ခဲ့ဂုဏ်ရည်
ပြည်သူက မွေးဖွား
ပြည်သူ့သားပီပီ
တာဝန်ကျေအားသွန်ထမ်း
စိတ်ဝမ်းညီညီ
ဒို့တိုင်းပြည် အစွန့်တည်
ရဲဝံ့ညီ ကြည်ဖြူလှမ်း..။
နှလုံးသားအမိဋ္ဌာန်တွေနဲ့
ဒို့နိုင်ငံပြည်သာရေးကိုဖြင့်
မြော်တွေးကာ မပျက်မယွင်းပါဘဲ
သက်စွန့်ကြိုးပမ်း..။

**(၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့သို့**

**ဌေးကျော်ဦး**

# တရားမအမှုလိုက် (လက်တွေ့) သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

တရားမအမှုလိုက်(လက်တွေ့) ဘာသာရပ် သင်တန်းဖွင့်ပွဲနှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး မြေညီထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်တွင်ရှိသော ဥပဒေအရာရှိများသည် နိုင်ငံတော်က တရားလို သို့မဟုတ် တရားပြိုင်အဖြစ် ပါဝင်သော တရားမမှုများတွင် ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရန် တာဝန်ရှိကြောင်း၊ တရားမမှုများသည် သဘောသဘာဝအရ အမှားမခံနိုင်သည့်အပြင် နိုင်ငံတော်ပိုင် ငွေကြေး၊ ပစ္စည်းများ ဆုံးရှုံးမှုမရှိစေရေးအတွက် အရေးကြီး၍ ဥပဒေအရာရှိများအနေဖြင့် ဥပဒေနှင့်အညီ မှန်ကန်စွာ အကြံပြုနိုင်ရေး၊ လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်၍ ယနေ့ သင်တန်းကို ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဤသင်တန်းက ပို့ချပေးသော သင်ခန်းစာများကို ကြိုးစားလေ့လာ သင်ယူကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့ကာလ အခြေအနေအရပ်ရပ်အရ ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်သည့်အတွက် လမ်းညွှန်ချက်နှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေအကြံပြုခြင်းနှင့် တရားစွဲအမှုလိုက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ် ဒေါ်ဖြူမာဝေနှင့် ခရိုင်ဥပဒေအရာရှိ၊ မြို့နယ်ဥပဒေအရာရှိများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။




ယနေ့ဖွင့်လှစ်သည့် တရားမအမှုလိုက်(လက်တွေ့) ဘာသာရပ်သင်တန်းကို ရက်သတ္တတစ်ပတ်လျှင် နှစ်ရက်ဖြင့် နှစ်လကြာဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ တိုင်းဒေသကြီးဥပဒေချုပ်ရုံးရှိ ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများနှင့် ဒုတိယခရိုင် ဥပဒေအရာရှိများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မူပိုင်ခွင့်ဦးစီးဌာန၏ လေးနှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန၏ လေးနှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃) ညီလာခံခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံကဝန်ကြီးဌာန၏ "စီးပွားရေးဂေဟစနစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်မီကောင်းမွန်သော မူပိုင်ခွင့်စနစ်တစ်ရပ်တည်ထောင်ရန်" ရည်မှန်းချက်နှင့်အညီ နိုင်ငံတော်ကို အထောက်အပံ့ဖြစ်စေမည့် မူပိုင်ခွင့်စနစ်တစ်ရပ်ကို အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မူပိုင်ခွင့်ဥပဒေ (၄) ရပ်အနက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေတို့ကို ၂၀၂၃ ခုနှစ်တွင် အာဏာတည်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် တီထွင်မှုမူပိုင်ခွင့်ဥပဒေအာဏာသက်ဝင်နိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။




မူပိုင်ခွင့်လျှောက်ထားချက်များ စစ်ဆေးဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ စစ်ဆေးရေးအရာရှိ ဝန်ထမ်းများအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး ဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့်လည်း စွမ်းရည်ပြည့်ဝသော ဝန်ထမ်းကောင်းများဖြစ်စေရေး အထူးကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ ဦးစီးဌာနအနေဖြင့် မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို ပြည်တွင်းတွင်သာမက ပြည်ပနိုင်ငံများအထိ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်များ၊ ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ဖြစ်စေမည့် ဌာနတစ်ခုအနေဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရေးအတွက် ခိုင်မာသော မူပိုင်ခွင့်စနစ်တစ်ရပ် တည်ထောင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မူပိုင်ခွင့်ဦးစီးဌာန၏ မူပိုင်ခွင့်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မူပိုင်ခွင့်ဦးစီးဌာန၏ မူပိုင်ခွင့်ခရီးလမ်းသမိုင်းမှတ်တမ်း Documentary ကိုပြသခြင်း၊ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ မွေးနေ့ကိတ်ခွဲခြင်းနှင့် ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ညစ်ညမ်းစာများဖော်ပြပါရှိသည့် ထုတ်ဝေစာများအား အရေးယူဆောင်ရွက်မှု အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည်ဟု သံသယရှိသောထုတ်ဝေစာကို ပုံနှိပ်၊ ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက်နှင့်အညီစစ်ဆေးပြီး ငြိစွန်းကြောင်းတွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်ကြောင်း ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၆ တွင် ပြဋ္ဌာန်းထားရှိပါသည်။

၂။ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိဘဲ ပုံနှိပ်ဖော်ပြခဲ့သည့် ပုံနှိပ်သူ ဒေါ်အေးမြတ်မွန်၏ Yangon Printing Service နှင့် ထုတ်ဝေသူ ဒေါ်ချိုဇင်သဲ(Maple စာအုပ်တိုက်-၀၃၂၉၅)တို့မှ ပုံနှိပ်၊ ထုတ်ဝေသော **မြမိုရ်**ရေးသားသည့် **"မေတ္တာနှောင်သီ ချစ်ကြိုးချည်"** နှင့် စာရေးသူ **DIDI ZAW** ရေးသားသည့် "Match Made in Clouds" စာအုပ်များတွင် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ)ပါ စည်းကမ်းချက်ကိုဖောက်ဖျက်၍ ဟီရိဩတ္တပ္ပကင်းသော၊ မြန်မာ့လူ့အဖွဲ့အစည်းက လက်မခံသော၊ လူငယ်များ၏ တွေးခေါ်မြော်မြင်မှုနှင့် ခံစားနားလည်မှုကို လွဲမှားစေနိုင်သော ညစ်ညမ်းစာများ ဖော်ပြပါရှိကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ)ပါ စည်းကမ်းချက်ကိုဖောက်ဖျက်၍ ပုံနှိပ်၊ ထုတ်ဝေဖြန့်ချိခဲ့သည့်အတွက် ထုတ်ဝေသူ ဒေါ်ချိုဇင်သဲ (Maple စာအုပ်တိုက်-၀၃၂၉၅)၏ ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ရုပ်သိမ်းခဲ့ပြီး ယင်းစာအုပ်များအား တရားမဝင်ထုတ်ဝေစာဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါကြောင်းနှင့် ပုံနှိပ်သူနှင့်ထုတ်ဝေသူတို့အား ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# တောင်တွင်းကြီးမြို့နယ်ရှိ ဆန်စပါးကြားပွဲစားများ ဈေးကစားမှုမရှိစေရေး အသိပညာပေးဟောပြောပွဲကျင်းပ

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၃**

တောင်တွင်းကြီး မြို့နယ်၌ ဆန်စပါးကြားပွဲစားများ ဈေးကွက်ကစားမှုမရှိစေရေးနှင့် ဈေးကွက်တည်ငြိမ်ရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၁ ရက်က စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရဲမျိုးလွင်က ဆန်စပါးကြားပွဲစားများ ဈေးကစားမှုမရှိစေရေးနှင့် ဈေးကွက်တည်ငြိမ်ရေးကို နိုင်ငံတော်က အထူးအလေးထား ဆောင်ရွက်လျက်ရှိရာ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဆန်စပါးကြားပွဲစားပြုလုပ်မည်ဆိုပါက ကြားပွဲစားမှတ်ပုံတင်ပြုလုပ်ထားရမည်ဖြစ်ကြောင်း၊ ကြားပွဲစားကတ်များကိုင်ဆောင်သူမှသာလျှင် ဆန်စပါးဝယ်ယူခွင့်ရရှိမည်ဖြစ်ကြောင်း၊ စပါးဝယ်ယူရာတွင် တစ်လတစ်ကြိမ် ထွက်ရှိသော ဆန်ရည်ညွှန်းဈေးထက် ပိုမိုဝယ်ယူလျှင် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် စပါးကြားပွဲစား မှတ်ပုံတင်ကတ်ကိုင်ဆောင်ထားခြင်း မရှိသည့် ကြားပွဲစားများအား ဒေသန္တရအမိန့်အရ ပုဒ်မ ၁၈၈ ဖြင့် အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပညာပေးဆွေးနွေးပြောကြားသည်။

အဆိုပါ ဆန်စပါးကြားပွဲစားများ ဈေးကစားမှုမရှိစေရေး အသိပညာပေးဆွေးနွေးပွဲသို့တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကြားပွဲစား ၁၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**နောင်နောင် (ဗိသုနိုးမြေ)**



# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ထံမှ ဩဝါဒခံယူ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ ဇမ္ဗူသီရိဗိမာန်တော်၌ ကျင်းပသည့် ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ထံမှ ဩဝါဒခံယူပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

အခမ်းအနားသို့ ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရအမှူးပြုသည့် ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ဆရာတော်ကြီး ၁၀ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပြည်ထောင်စုဝန်ကြီးက



သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုစိတ္တက "မြတ်ဗုဒ္ဓ၏ သာသနာပြုခရီး"ဆိုသည့် ဩဝါဒကထာကို မိန့်ကြားလိုကြောင်း၊ သာသနာပြုသည့် နေရာတွင် အချိန်အခါကို စောင့်ဆိုင်းခြင်း၊ စည်းရုံးရေးအားကောင်းခြင်း၊ အနစ်နာခံနိုင်ခြင်းတို့သည် အလွန်လိုအပ်သည်ဟု သင်ခန်းစာယူကြရမည်ဖြစ်ကြောင်း၊ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် မိမိတို့ စွမ်းအားရှိသမျှ နယ်စပ်တောင်တန်း သာသနာပြုလုပ်ငန်းများကို ပံ့ပိုးပေးကြစေလိုကြောင်း တိုက်တွန်းမိန့်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုလနန္ဒာဘိဝံသက ယုံကြည်ချက်မှန်ကန်မှုသည် အရေးကြီးကြောင်း၊ လူသားအားလုံးလျှောက်လှမ်းသည့် ဘဝလမ်းခရီးတွင် လမ်းဖြောင့်လမ်းမှန်အတွက် ယုံကြည်ချက်ဖြင့် လျှောက်လှမ်းလျှင် မိမိအတွက်ရော သူတစ်ပါးအတွက်ပါ အကျိုးရှိကြောင်း၊ ယုံကြည်ချက်သည် အုတ်မြစ်ပင်ဖြစ်ကြောင်း၊ ယုံကြည်ချက်ကို အကြောင်းပြု၍ ဘာသာ၊ သာသနာအကျိုးကို ဆောင်ရွက်နိုင်ပါစေကြောင်း ချီးမြှင့်သည့် အနုမောဒနာတရားကို နာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော် ပြုပြင်ဆောင်ရွက်နေသည့် လုပ်ငန်းများကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ဆွေနှင့် အတူ ယနေ့တွင် ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော် ပြုပြင်ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ကမ္ဘောဇသာဒီနန်းတော်ရှိ မြန်မာမှုပန်းဆွဲများ၊ အမိုး ၊ တိုင် ၊ မျက်နှာကြက်၊ ကြမ်းခင်းပျက်စီးမှုတို့ကို ရှေးမူမပျက် ပြင်ဆင်ရာတွင် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံဖြစ်၍ အရည်အသွေးပြည့်မီစေရေး၊ လက်ရာသေသပ်ကောင်းမွန်စေရေးဆောင်ရွက်ရန်၊ ပြုပြင်ဆောင်ရွက်ပြီးစီးပါက သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် နှစ်စဉ်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Max Highway ကုမ္ပဏီက B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ရန်ကုန် – မန္တလေး ပြည်ထောင်စုလမ်းမကြီး (လမ်းဟောင်း) (ရန်ကုန် – ပဲခူး) လမ်းပိုင်းတွင် နိုင်လွန်ကတ္တရာ(AC) ခင်းခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး နိုင်လွန်ကတ္တရာ(AC) ခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေးပြည့်မီအောင်ဆောင်ရွက်ရန် ၊ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရေး အထူးဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် ရန်ကုန် – မန္တလေး အမြန်လမ်း



(ရန်ကုန် – နေပြည်တော်) လမ်းပိုင်းတွင် ဦးစားပေးအလိုက် နိုင်လွန်ကတ္တရာ (AC) ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု ၊ လမ်းလယ်ကျွန်း နှင့် လမ်းဘေးဝဲ/ယာ တို့တွင် သန့်ရှင်းသပ်ရပ်စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးမှူးရုံးတွင် မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှု (ဆင့်ပွား)သင်တန်း ဖွင့်လှစ်

**ဇမ္ဗူသီရိ ဒီဇင်ဘာ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်မီးသတ်ဦးစီးမှူးရုံးတွင် မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှု (ဆင့်ပွား) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် နေပြည်တော်တိုင်း မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြတ်သီဟက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ သင်တန်း၌ အရေးပေါ် မီးငြိမ်းသတ်ရေး၊ အန္တရာယ်ရှိဓာတုပစ္စည်းများ၊ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်နှင့် အထပ်မြင့်အဆောက်အအုံများအား မီးဘေးလုံခြုံမှုရှိစေရေးနှင့် အရေးပေါ်လွတ်မြောက်မှုအတွက် ထည့်သွင်းတပ်ဆင်ထားရမည့် ခေတ်မီ Fire Protection System များ၊ လျှပ်စစ်သုံးယာဉ် (Electric Vehicle) မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဆိုင်ရာ ဘာသာရပ်များကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ပြီး မြို့နယ်မီးသတ်ဦးစီးဌာနများမှ မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။



**ဟိန်းသူအောင်(ပြန်/ဆက်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# မူဆယ်မြို့၌ မေတ္တာတော်စံအိမ်မိဘမဲ့ဂေဟာ အဆောက်အအုံအသစ် ဆောက်လုပ်လှူဒါန်း

**မူဆယ် ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက် မေတ္တာတော်စံအိမ် မိဘမဲ့ဂေဟာ သုံးထပ် အဆောက်အအုံအသစ် လွှဲပြောင်း လှူဒါန်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာမူဆယ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးဦးအောင်ဇော်မိုးက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ သုံးထပ်ဆောင် ဆောက်လုပ်လှူဒါန်း ပေးခြင်းဖြစ်ကြောင်း၊ မေတ္တာတော်စံအိမ်မိဘမဲ့ဂေဟာ တစ်ခုတည်းသာမကဘဲ အခြားသော ပရဟိတဂေဟာများကိုလည်း လိုအပ်သည်များ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။ ထို့နောက် မိဘမဲ့ဂေဟာ သုံးထပ်ဆောင် အဆောက်အအုံသစ်အား လွှဲပြောင်းပေးအပ်ခြင်းနှင့် ခရစ္စမတ်လက်ဆောင်ပေးအပ်ခြင်းများ ဆောင်ရွက်သည်။

ဆက်လက်ပြီး မိဘမဲ့ဂေဟာအတွက် လိုအပ်လျက်ရှိသည့် နှစ်ထပ် ခုတင်၊ စောင်၊ ခေါင်းအုံး၊ အဝတ်အထည်များအား အလှူရှင်များကပေးအပ်လှူဒါန်းသည်။ ထို့နောက် မေတ္တာတော် စံအိမ်မိဘမဲ့ဂေဟာ တာဝန်ခံဆရာမအားနန်က မိဘမဲ့ဂေဟာအတွက် သုံးထပ်ဆောင် ဆောက်လုပ်လှူဒါန်းပေးခြင်း၊ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းအတွက် သက်ဆိုင်ရာ တာဝန်ရှိသူအားလုံးအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ မေတ္တာတော်စံအိမ်မိဘမဲ့ဂေဟာ သုံးထပ်ဆောင်အား တန်ဖိုးငွေကျပ်သိန်းသုံးထောင်ငါးရာတိတိ အကုန်ကျခံ၍ မူဆယ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ ဆောက်လုပ် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**



# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားသမားများနှင့် ပါဝင်ဆောင်ရွက်ခဲ့သည့်ဝန်ထမ်းများအား ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားသမားများနှင့် ပါဝင်ဆောင်ရွက်ခဲ့သည့်ဝန်ထမ်းများအား ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ စက်မှုဝန်ကြီးဌာနကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သည့် အားကစားသမားများနှင့် ပါဝင်ဆောင်ရွက်ခဲ့သည့်ဝန်ထမ်းများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားသမားများနှင့် ပါဝင်ဆောင်ရွက်ခဲ့သည့်ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနအနေဖြင့် အလွတ်တန်းပိုက်ကျော်ခြင်း (အမျိုးသား) ပြိုင်ပွဲ၊ အလွတ်တန်းပြေးခုန်ပစ်ပြိုင်ပွဲ၊ ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ စက်မှုဝန်ကြီးဌာနကိုယ်စားပြု ပိုက်ကျော်ခြင်း (အမျိုးသား) အသင်းအနေဖြင့် နှစ်ယောက်တွဲ၊ သုံးယောက်တွဲနှင့် လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ၊ အလွတ်တန်းပြေးခုန်ပစ်ပြိုင်ပွဲများအနေဖြင့် သံလုံး/ သံပြားပစ်၊ တန်းကျော်၊ အပြေး၊ လမ်းလျှောက်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ဂေါက်သီးရိုက်ပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အတွက် ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်နည်းအနက် သုံးနည်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရာတွင် အားကစားကဏ္ဍသည် ပင်မတာဝန်မဟုတ်သော်လည်း ထိုက်သင့်သည့်အောင်မြင်မှုများရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲများတွင် အားကစားနည်းအားလုံးကို ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ ဦးစီးဌာနလုပ်ငန်းများအနေဖြင့် တာဝန်ယူရသည့် အားကစားနည်းအလိုက် အောင်မြင်မှုများရရှိရေးအတွက် ထူးချွန်ပြီး အလားအလာရှိသည့် အားကစားသမားများကို စနစ်တကျရွေးချယ်၍ အချိန်ယူလေ့ကျင့်ပံ့ပိုးပေးခြင်းဖြင့် စက်မှုဝန်ကြီးဌာန၏ အားကစားကဏ္ဍ အောင်မြင်ထွန်းပေါက်စေရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ တာဝန်ယူဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲများတွင် စက်မှုဝန်ကြီးဌာနအနေဖြင့် အဆင့်အတန်းမီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ဦးစီးဌာနလုပ်ငန်းများအား အားကစားနည်းများ ခွဲဝေတာဝန် ပေးအပ်ထားရှိမှုအခြေအနေတို့ကိုလည်းကောင်း၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် တာဝန်ခံများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေတံဆိပ်ဆုရရှိခဲ့သည့် အားကစားသမား ရဲထွန်းနောင်နှင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် Logo၊ Mascot နှင့် တေးရေး/တေးဆို ပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

(၁၅)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် အားကစားသမား ရဲထွန်းနောင်နှင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် Logo၊ Mascot နှင့် တေးရေး/တေးဆို ပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)ရုံ၌ ကျင်းပသည်။



ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် မော်လ်ဒိုက်နိုင်ငံ၌ ကျင်းပခဲ့သည့် (၁၅) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ အမျိုးသား ကာယဗလ ၇၅ ကီလိုတန်းပြိုင်ပွဲတွင် ၄၁ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ ရဲထွန်းနောင်သည် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့သည့်အပြင် အခြားနိုင်ငံတကာပြိုင်ပွဲများတွင်လည်း ဆုတံဆိပ်များစွာကို နိုင်ငံတော်အတွက် ဆွတ်ခူးရယူပေးနိုင်ခဲ့သည့်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့်များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယနေ့အခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲများကိုယ်စား ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်၍ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင်လည်း အလားတူ အောင်မြင်မှုများ ရရှိအောင် ဆက်လက်ကြိုးစားသွားကြရန် အထူးတိုက်တွန်းမှာကြားလိုကြောင်း၊ မကြာသေးမီက ကျင်းပပြီးစီးခဲ့သည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် Logo ရွေးချယ်နိုင်ရေးအတွက် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူ ၃၁ ဦးတို့၏ ပြိုင်ပွဲဝင် Logo ၆၈ ပုံကို အဆင့်ဆင့် စိစစ်ရွေးချယ်ခဲ့ကြခြင်းဖြစ်ပြီး အထိမ်းအမှတ် Logo ဆုရရှိခဲ့သူ၊ Mascot နှင့် တေးရေး/တေးဆို ပညာရှင်များအား ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံ့ဂုဏ်ဆောင်နိုင်ပြီး အောင်မြင်မှုဆုတံဆိပ် ရရှိခဲ့ကြသူများအားလည်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခြင်းများသာမက အသက်(၆၀)ပြည့်မြောက်ချိန်မှစ၍ သက်ရှိထင်ရှားရှိနေသမျှ ကာလပတ်လုံး လစဉ်ချီးမြှင့်ငွေပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အားကစားတိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်က အစွမ်းကုန်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်ရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားကို စိတ်ပါဝင်စားလာစေရေးအတွက် ဝိုင်းဝန်းစည်းရုံးဆောင်ရွက်ပေးသွားရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ (၁၅)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် အားကစားသမား ရဲထွန်းနောင်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၃၀၀၊ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် Logo ပြိုင်ပွဲတွင် ဆုရရှိသည့် ဦးစိုးသီဟကျော်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၂၅ သိန်းနှင့် Mascot ရေးဆွဲသူ ဦးသန်းဇော်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၂၀ တို့ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံကလည်းကောင်း၊ တေးသီချင်းရေးသားသူ ဦးသန်းလင်းဇော် (ဇေလင်းနိုင် တေးရေး KZO)အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၂၀ ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်ကလည်းကောင်း၊ တေးသီချင်းသီဆိုသူ မဇွန်မိုးစက်လင်း (တေးဆို မိုးစက်လင်း)အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀ ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းကလည်းကောင်း ပေးအပ်ချီးမြှင့်ကြရာ ဂုဏ်ပြုဆုရရှိခဲ့ကြသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားသမားများအား ဂုဏ်ပြုအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်သည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် မိမိတို့ရုံးအနေဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာန ၃၅ ခုတွင် ပြေးခုန်ပစ်(အမျိုးသား/အမျိုးသမီး)၊ ဖူဆယ် (အမျိုးသား) အားကစားနည်းတို့တွင် အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ အားကစားသမားများအနေဖြင့် အနိုင်အရှုံးကို အဓိကမထားဘဲ အားကစားစိတ်ဓာတ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သည်ကိုအသိအမှတ်ပြုပါကြောင်း၊ နောင်တွင်လည်း ယခုကဲ့သို့ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တက်တက်ကြွကြွ၊ Team Work စိတ်ဓာတ်အပြည့်အဝဖြင့် အားကစားနည်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာပြီး အကောင်းဆုံး ပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြရန်နှင့် ဆုရရှိစေရေး စဉ်ဆက်မပြတ် ကြိုးစားလေ့ကျင့်သွားစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အားကစားသမားအသင်းအုပ်ချုပ်သူက အားကစားပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်က အားကစားနည်းပြသုံးဦးနှင့် ထူးချွန်အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဂုဏ်ပြုအခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားအုပ်ချုပ်သူ၊ နည်းပြ၊ လက်ထောက်နည်းပြများ၊ အားကစားသမားမောင်/မယ်များ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် စာရင်းစစ်ချုပ်ရုံးများမှ တာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# မြန်မာ့တပ်မတော်စစ်တီးဝိုင်းအဖွဲ့ ဗီယက်နမ်နိုင်ငံ၌ ပြုလုပ်သည့် နိုင်ငံတကာတပ်မတော်များ၏ တေးဂီတဖလှယ်ရေးအစီအစဉ်-၂၀၂၄ အခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၃



ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ကျင်းပမည့် နိုင်ငံတကာ တပ်မတော်များ၏ တေးဂီတ ဖလှယ်ရေးအစီအစဉ် (Military Music Exchange–2024) သို့ ဝင်ရောက်ဖျော်ဖြေရန် မြန်မာ့ တပ်မတော်မှ ဗိုလ်မှူးချုပ် တင်ဇော်လတ် ဦးဆောင်သည့် စစ်တီးဝိုင်းအဖွဲ့သည် ဒီဇင်ဘာ ၁၄ ရက်နံနက်ပိုင်းတွင် နေပြည်တော် လေဆိပ်မှထွက်ခွာရာ တာဝန်ရှိ သူများက လိုက်ပါပို့ဆောင်ကြ သည်။

အဆိုပါနိုင်ငံတကာတပ်မတော် များ၏ တေးဂီတဖလှယ်ရေး အစီအစဉ်–၂၀၂၄ ဖွင့်ပွဲအခမ်းအနား ကို ဒီဇင်ဘာ ၁၉ ရက် ညပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ Imperial Citadel of Thang Long ၌ ကျင်းပရာ ဗီယက်နမ် ပြည်သူ့တပ်မတော်မှ ဗိုလ်ချုပ်ကြီး NguyenTan Cuong (Member of the Party Cenetral Committee၊ Member of the Central Military Commission၊၊ Chief of the General Staff of the Vietnam People's Army၊ Deputy of Minister of National Defence)ကအဖွင့်အမှာ စကား ပြောကြားကာ အခမ်းအနားအား ဖွင့်လှစ်ခဲ့ပြီး အခမ်းအနားတွင် မြန်မာ့ တပ်မတော်စစ်တီးဝိုင်း အဖွဲ့က တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အိမ်ရှင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတ နိုင်ငံမှ စစ်တီးဝိုင်းအဖွဲ့ ၁၁ ဖွဲ့နှင့် အတူ တက်ရောက်ခဲ့သည်။ မြန်မာ့တပ်မတော် စစ်တီးဝိုင်း အဖွဲ့သည် Imperial Citadel of Thang Long ခံတပ်တွင် အောင်လံဝေဝေ(ကြည်း/ရေ/လေ) အောင်လံလွှင့်မယ့် ဒို့တပ်မတော် စစ်ချီသီချင်း၊ မြန်မာပြည်သား၊ Hat Mai Khuc Quan Hanh ဗီယက်နမ်စစ် သီချင်းတို့ဖြင့် တီးမှုတ်ဖျော်ဖြေ ခဲ့သည်။

ထို့နောက် ကျန်အဖွဲ့များနှင့် အတူခံတပ်မှ သတ်မှတ်ပေးထား သော လမ်းကြောင်းအတိုင်း လီနင်ရုပ်တုသို့အထက်ပါ စစ်ချီ သီချင်းများဖြင့် ချီတက်ဖျော်ဖြေရာ ဗီယက်နမ် ပြည်သူများက လိုက်လံကြည့်ရှု အားပေးခဲ့ကြ သည်။

မြန်မာ့တပ်မတော်စစ်တီးဝိုင်း အဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက်တွင် ဟနွိုင်းမြို့ Long Bein ခရိုင် Gai Lam Airport ၌ ပြုလုပ်သည့် ဗီယက်နမ်နိုင်ငံတကာကာကွယ် ရေးပြပွဲ (Vietnem Defence Expo 2024) တွင် နိုင်ငံတကာမှ စစ်တီးဝိုင်းအဖွဲ့ ငါးဖွဲ့နှင့် အိမ်ရှင် ဗီယက်နမ်ပြည်သူ့ တပ်မတော်မှ စစ်တီးဝိုင်းအဖွဲ့ ခြောက်ဖွဲ့နှင့် အတူ ဖျော်ဖြေတင်ဆက်ခဲ့သည်။ ထို့ပြင် မြန်မာ့တပ်မတော် စစ်တီးဝိုင်းအဖွဲ့သည် ညပိုင်းတွင် ဟနွိုင်းမြို့လယ်ရှိ Sword Lake ရေကန်ပတ်လမ်း တစ်လျှောက် တွင် ဖိတ်ကြားထားသော နိုင်ငံ တကာမှ စစ်တီးဝိုင်းအဖွဲ့များ နှင့်အတူ လမ်းလျှောက်ချီတက် ကာသတ်မှတ်ပေးထားသောနေရာ လေးနေရာတွင် အောင်လံဝေဝေ (ကြည်း/ရေ/လေ)၊ အောင်လံလွှင့် မယ့် ဒို့တပ်မတော်စစ်ချီသီချင်း၊ မြန်မာပြည်သား၊ The Ballad of Ho Chi Minh Hat Mai Khuc Quan Hanh ဗီယက်နမ်စစ်သီချင်း တို့ဖြင့် သီဆိုဖျော်ဖြေခဲ့ရာ ပြည်သူ များက တစ်ခဲနက်လိုက်လံသီဆို အားပေးခဲ့ကြသည်။

ဒီဇင်ဘာ ၂၂ ရက် ညပိုင်းတွင် ဟနွိုင်းမြို့ရှိ Military History Museum၌ နိုင်ငံတကာတပ်မတော် များ၏ တေးဂီတဖလှယ်ရေး အစီအစဉ်–၂၀၂၄ပိတ်ပွဲအခမ်းအနား ကိုပြုလုပ်ရာ မြန်မာ့တပ်မတော် စစ်တီးဝိုင်းအဖွဲ့သည် နိုင်ငံတကာ တပ်မတော်များမှ စစ်တီးဝိုင်းအဖွဲ့ များနှင့် ဗီယက်နမ်ပြည်သူ့ တပ်မတော်မှ စစ်တီးဝိုင်းများနှင့် အတူ အောင်လံဝေဝေ(ကြည်း/ ရေ/လေ)၊ အောင်လံလွှင့်မယ့်ဒို့ တပ်မတော်စစ်ချီသီချင်း၊ စည်းလုံး ခြင်းအတွက် သီချင်းတစ်ပုဒ်၊ Hat Mai Khuc Quan Hanh ဗီယက်နမ်စစ်သီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီး ဗီယက်နမ် ပြည်သူ့တပ်မတော်မှ ဒုတိယ ဗိုလ်ချုပ်ကြီး Nguyen Van Nghia (Deputy Cheif of the General Staff of the Vietnam People's Army၊Head of the Organization Committe of the Military Music Exchange) မှ ပိတ်ပွဲ အခမ်းအနားမိန့်ခွန်းပြောကြားပြီး အခမ်းအနားအား ပိတ်သိမ်း ခဲ့သည်။

နိုင်ငံတကာ တေးဂီတဖလှယ် ရေးအစီအစဉ် (Military Music Exchange –2024) သို့ဝင်ရောက် ဖျော်ဖြေခဲ့သော မြန်မာ့တပ်မတော် မှ ဗိုလ်မှူးချုပ်တင်ဇော်လတ် ဦးဆောင်သည့် စစ်တီးဝိုင်းအဖွဲ့ သည် ဒီဇင်ဘာ ၂၃ ရက်တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ နိုဘိုင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၅၀ တွင် ပြန်လည်ထွက်ခွာ လာရာ မြန်မာနိုင်ငံဆိုင်ရာ (ကြည်း/ ရေ/လေ) စစ်သံမှူး ဗိုလ်မှူးချုပ် မြင့်ထွန်းနိုင်နှင့် အဖွဲ့များကလိုက်လံ ပို့ဆောင်နှုတ်ဆက်ကြပြီး မြန်မာ နိုင်ငံ နေပြည်တော်လေဆိပ်သို့ ယနေ့မွန်းလွဲပိုင်းတွင် ပြန်လည် ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၂၃

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရား ဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများအား သဇင်FM၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **"တော်လှန်ရေး ခေါင်းစဉ်ပြပြီး အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးသတ်ဖြတ်မှုများကို မစွန့်လွှတ်နိုင်သေးသူများ"** ခေါင်းစဉ်ဖြင့် ၂၅–၁၂–၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ်ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **"ပြည်ပနိုင်ငံ များမှာ ခိုလှုံခွင့်ရရှိစေရေး အသည်းအသန်ကြိုးစားနေရတဲ့ သစ္စာဖောက် ပြည်ပြေးအစိုးရနှင့် အပေါင်းအပါများ"** ခေါင်းစဉ်ဖြင့်ဆွေးနွေးတင်ဆက် မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များ အနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်းဖုန်း နံပါတ် ၀၉၈၉၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင် နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါ ဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ် များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ် ကြောင်း သိရသည်။

**သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၃၁၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၂၃-၁၂-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ် ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၁၅–၁၂–၂၀၂၄ ရက်နေ့ ည ၈:၀၀ နာရီမှ ၂၂–၁၂–၂၀၂၄ ရက်နေ့ ည ၈:၀၀ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၃၁၂ ခုအားစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ်နှစ်ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန

(Myanmar CDC)

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

## ရေပြောထက်က အောင်လံတော်

❖ လှိုင်းကြားလေကြား
စွန့်စားတိုးဝင်၊ ခရီးနှင်လျက်
စစ်ဆင် စစ်ထိုး
စိုးမိုးလှုပ်ရှား၊ ရေတပ်သား. . ။

❖ ပိုင်နက်ပင်လယ်၊ ကျယ်ကျယ်သရွေ့
ရှေ့တန်းစွန်ဖျား၊ မုန်တိုင်းကြားမှာ
မားမားမတ်မတ်၊ သတိချပ်လျက်
စောင့်ကြပ်ကာထား၊ ရေတပ်သား..။

❖ ရေပေါ်ရေအောက်၊ မျှော်ထောက်ဝေဟင်
သုံးဖက်မြင်ထိ
စစ်ဆင်နိုင်စွမ်း၊ လေ့ကျင့်ကျွမ်းကျင်
အသင့်ပြင်ထား၊ ရေတပ်သား.. ။

❖ သားငါး ပုစွန်၊ ပေါပြည့်လွန်ကဲ
ပုလဲ ရေနံ၊ ဓာတ်ငွေ့လျှံသည့်
ပြည့်ဘဏ္ဍာသိုက်၊ ရေပြင်၌လျှင်
သိုက်မြိုက်အေးချမ်း၊ ဘေးမသန်းအောင်
စွမ်းဆောင်ကာထား၊ ရေတပ်သား..။

❖ ရေပြင်ပိုက်နက်၊ ပြည့်အသက်မို့
လှေခွက်ချည်းကျန်၊ အလံမလှဲ
မာန်ဇွဲ သတ္တိ၊ ပြည့်စုံဘိသည်
ပြည့်သားကောင်းများ၊ ရေတပ်သား.. ။

❖ ရေညိုမှသည်၊ ရေပြာဆီသို့
လှမ်းချီရှေ့ဆက်၊ လက်နက် ရေယာဉ်
စစ်သည်အင်အား၊ တိုးပွား ခေတ်မီ
စွမ်းရည်ထက်မြက်၊ မျိုးဆက်ဆက်တို့
တိုးတက်အောင်မြင် ပါစေသော်။
ပြည်သူချစ်တဲ့ ရေတပ်မတော်။
ရေပြာထက်က အောင်လံတော်။ ။

ဇော်မင်းမင်းဦး

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ရူပဗေဒဘာသာရပ် သိကောင်းစရာများ

ဒေါက်တာယဉ်မောင်မောင်၊ ပါမောက္ခ(ဌာနမှူး) ရူပဗေဒဌာန

အခြေခံပညာအဆင့် စနစ်သစ်ပညာရေး ပြုပြင်ပြောင်းလဲမှု အစီအစဉ် KG + 12 အရ Grade 12 အတန်းသည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှာ စတင်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအနေနဲ့ ဒုတိယနှစ်မြောက် ကြုံတွေ့ရခြင်း ဖြစ်ပါသည်။ ဤအတန်းသည် အဆင့်မြင့်ပညာရပ်များ၏ အခြေခံအချက်အလက်များကို မိတ်ဆက်ပေးရမည် ဖြစ်သည့်အတွက် ဘာသာရပ်တစ်ခုစီ၏ သဘောတရား အသေးစိတ်ကို လေ့လာရမည်ဖြစ်ပါသည်။ ပထမဦးဆုံးအနေဖြင့် Grade 12 ရူပဗေဒဘာသာရပ် Text book တွင် အဓိကအားဖြင့် Mechanics, Energy, Electricity & Magnetism နဲ့ Modern Physics ဆိုပြီး အပိုင်း (၄)ပိုင်း ခွဲထားပြီး အဆိုပါ အပိုင်း (၄)ပိုင်းအတွက် သင်ခန်းစာ အခန်း(၁၃)ခန်း ပါရှိပါသည်။

Mechanics အပိုင်းတွင် Chapter သုံးခု သင်ကြားရမှာဖြစ်ပြီး Chapter (1) Rotational Motion, Chapter (2) Forces in Circular Motion နှင့် Chapter (3) Fluid Dynamics တို့ဖြစ်သည်။

အသေးစိတ်ပြောရလျှင် Chapter (1) သည် Rotational Motion အခန်းဖြစ်ပြီး Rotational motion under constant angular acceleration (ကိန်းသေထောင့်ပြောင်းအရှိန်ဖြင့် လည်ပတ်ရွေ့လျားခြင်း)၊ Relations between the linear and rotational quantities (မျဉ်းဖြောင့်အတိုင်းရွေ့ခြင်းနှင့် ထောင့်ပြောင်းရွေ့ခြင်းတို့၏ မတ္တာများဆက်စပ်မှုများ)နှင့် Centripetal acceleration (ဗဟိုချဉ်းရှိန်) စသည့် အပိုင်းများ အဓိကပါဝင်ပါသည်။

Chapter (2) Forces in Circular Motion ဆိုသည့်ခေါင်းစဉ်တွင် စက်ဝိုင်းပုံပတ်လမ်းနှင့် လည်ပတ်နေသော ဝတ္ထုများအပေါ် သက်ရောက်နေသည့် အားများရဲ့အကြောင်းကို လေ့လာရမှာဖြစ်ပါသည်။ Causes of centripetal forces(ဗဟိုချဉ်းရှိန်ကြောင့် ဖြစ်ပေါ်စေသောအားများ)၊ Centripetal and centrifugal forces(ဗဟိုချဉ်းအားနှင့် ဗဟိုခွာအား) ဆိုပြီး အပိုင်း(၂) ပိုင်း ပါဝင်ပါသည်။ စက်ဝိုင်းပုံရွေ့လျားမှုတွင် မတူညီသော အား နှစ်ခုရှိသည်။ Centripetal force (ဗဟိုချဉ်းအား)နှင့် centrifugal force (ဗဟိုခွာအား)တို့ဖြစ်ပြီး ဗဟိုချဉ်းအားသည် စက်ဝိုင်း၏ ဗဟိုဆီသို့ ဝတ္ထုရွေ့နေသော လမ်းကြောင်းမှ သက်ရောက်သောအား ဖြစ်ပြီး ဗဟိုခွာအားသည် ဗဟိုဆီမှ ဝေးရာဘက်သို့ သက်ရောက်နေသလို ထင်ရသောအား ဖြစ်သည်။ ဗဟိုချဉ်းအား (Centripetal force) အတွက် ဥပမာများမှာ ကမ္ဘာပတ်လမ်းတွင် ရှိနေသော လအပေါ် သက်ရောက်နေသည့် ကမ္ဘာ၏ ဒြပ်ဆွဲအား၊ နေကိုလှည့်ပတ်နေသော ဂြိုဟ်များပေါ်တွင် သက်ရောက်နေတဲ့ နေ၏ဒြပ်ဆွဲအား၊ နယူကလိယကို လှည့်ပတ်နေသော အီလက်ထရွန်အပေါ် သက်ရောက်နေသော နယူကလိယ ၏ လျှပ်စစ်အားတို့ဖြစ်ကြပါသည်။ Centripetal Force ကို ဖြစ်စေသော အားအမျိုးမျိုးကိုလည်း ဥပမာများနှင့် လေ့လာနိုင်ပါသည်။

Chapter (3) Fluid Dynamics အခန်းမှာဆိုရင် Laminar flow and Turbulent flow, Equation of Continuity for Fluids, Bernoulli's Equation, Bernoulli's Theorem နှင့် ၎င်း၏ အသုံးပြုပုံများ, Viscosity နှင့် Surface Tension and Capillarity အပိုင်းများ အဓိကပါဝင်ပါသည်။ Fluid Dynamics ဆိုသည်မှာ အရည်နှင့် အငွေ့များအပေါ် သက်ရောက်သည့်အားများကို လေ့လာသည့်ပညာရပ် ဖြစ်ပါသည်။ Fluid တွေရဲ့ ရွေ့လျားမှု နှစ်ခုဖြစ်သော laminar flow (ပြေပြစ်စီးကြောင်း) နှင့် turbulent flow (ဝဲဂယက်စီးကြောင်း)ကို လေ့လာရပါမည်။ Continuity equation နှင့် Bernoulli's equation တို့ကို အသုံးပြုပြီး အရည်တွေ၏ ရွေ့လျားမှုကို လေ့လာရပါမည်။ ၎င်းအပြင် viscosity ဟုခေါ်သော စေးပျစ်မှုသည် Fluid များအတွက် အခြေခံကျသည့် parameter တစ်ခုဖြစ်ပါသည်။ ၎င်းသည် intermolecular force ကြောင့်ဖြစ်ပေါ်ပြီး အရည်အတွက်ကတော့ temperature မြင့်လေလေ viscosity ကျလေလေဖြစ်ပြီး အငွေ့အတွက်ဆိုရင်တော့ temperature မြင့်လေလေ viscosity မြင့်လေလေ ဖြစ်ပါသည်။ ထို့ပြင် အရည်တစ်ခု၏ Surface tension (မျက်နှာပြင်တင်းအား) နှင့် Capillarity (ဆံခြည်ပြွန်သက်ရောက်မှု) တို့ကိုလည်း လေ့လာရပါမည်။

Energy အပိုင်းတွင်မူ အခန်း (၅) ခန်း ခွဲပြီး လေ့လာရပါမည်။ Chapter (4) Sources of Energy and Environmental Impacts, Chapter (5) Heat Transfer and Thermodynamics, Chapter (6) Effects and Characteristics of Sound, Chapter (7) Applications of Light and Optical Instruments နှင့် Chapter (8) Interference and Diffraction of Light တို့ဖြစ်သည်။

Chapter (4) Sources of Energy and Environmental Impacts ဆိုသည့် ခေါင်းစဉ်အောက်တွင် Energy demand and crisis (စွမ်းအင်လိုအပ်ချက်နှင့် စွမ်းအင်အကျပ်အတည်း)၊ Renewable energy (ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်)နှင့် Non-renewable energy (ပြန်လည် မပြည့်ဖြိုးနိုင်သော စွမ်းအင်)၊ Environmental Impacts and Consequences (ပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်မှုများနှင့် အကျိုးဆက်များ) စသောအပိုင်းများ အဓိကပါဝင်ပါသည်။ ယခုမျက်မှောက်ခေတ်တွင် ရေပန်းစားသည့် Renewable energy များဖြစ်သော Solar energy, Wind energy, Hydro energy, Tidal energy, Geothermal energy နှင့် Biomass တို့ရဲ့ အကြောင်းကိုလည်း လေ့လာရမည်ဖြစ်သည်။

Non-Renewable energy sources များဖြစ်သော coal, natural gas, crude oil နှင့် nuclear fuel တို့ကိုလည်း လေ့လာရပါမည်။ Renewable energy များထဲမှာ တစ်ခုအပါအဝင်ဖြစ်သော solar energy ကို လေ့လာနိုင်ရန်အတွက် solar technology ကို သိရမှာဖြစ်ပါသည်။

Chapter (5) သည် Heat Transfer and Thermodynamics အခန်းဖြစ်ပြီး Modes of Heat transfer, Thermodynamics Processes နှင့် Heat engines အပိုင်းတို့ အဓိကပါဝင်ပါသည်။ သာမိုဒိုင်းနမစ်ဆိုသည်မှာ အပူစွမ်းအင်သုံးအင်ဂျင်များ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ဓာတုဆိုင်ရာ ဓာတ်ပြုခြင်း၊ ပြိုကွဲခြင်းနှင့် ရေခဲသေတ္တာကဲ့သို့သော အသုံးချပစ္စည်းများ စသည်တို့တွင် အလွန်အသုံးဝင်ပြီး အခြေခံကျသော ပညာရပ်ဖြစ်ပါသည်။

Chapter (6) Effects and Characteristics of Sound သည် အသံနှင့်သက်ဆိုင်သော အခန်းဖြစ်သည်။ Propagation of Sound in a Medium (ကြားခံနယ်တစ်ခုအတွင်း အသံပျံ့နှံ့သွားခြင်း)၊ Echo (ပဲ့တင်သံ)၊ Audibility (ကြားနိုင်ခြင်း)၊ the Doppler Effect (ဒေါ့ပလာအကျိုး)၊ Properties of Sound Wave (အသံလှိုင်း၏ဂုဏ်သတ္တိများ) စသည့်အပိုင်းများ ပါဝင်ပါသည်။ ထိုအခန်းအတွက် အသံလှိုင်း၏ ဂုဏ်သတ္တိများနှင့် ၎င်းတို့၏ effects များကို ဖော်ပြပါမည်။

Pitch (အသံအနိမ့်အမြင့်)သည် အသံလှိုင်းတွေရဲ့ ကြိမ်နှုန်း (frequency)နှင့် ဆုံးဖြတ်ခြင်း ဖြစ်၍ ကြိမ်နှုန်းကြီးလေလေ အသံမြင့်လေလေဖြစ်ပြီး melody နဲ့ harmony ဖြစ်မှုအပေါ် လေးနက်စွာ သက်ရောက်မှုရှိပါသည်။ Loudness (အသံကျယ်လောင်မှု)သည် အသံထုတ်လွှတ်သည့် လှိုင်း၏ amplitude (လွှဲခွင်) ပေါ်မူတည်ပြီး လွှဲခွင်ကြီးလေ အသံကျယ်လေဖြစ်သည်။ အသံလှိုင်း၏ amplitude နှစ်ဆကြီးလျှင် အသံလေးဆ ပိုကျယ်ပါသည်။ ဂီတနှင့် အခြားအသံများ၏ Loudness သည် intensity (ပြင်းအား) နှင့် emotional response (စိတ်ခံစားမှုဆိုင်ရာ တုံ့ပြန်မှု)အပေါ် လွှမ်းမိုးမှုတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ (ဆိုလိုသည်မှာ ကျယ်လောင်စွာ ပေါက်ကွဲသံများက အံ့အားသင့်ခြင်း သို့မဟုတ် စိတ်လှုပ်ရှားမှုများကို ဖြစ်ပေါ်စေနိုင်သည်။)

အသံ၏ "tone colour" သို့မဟုတ် "quality" ဟုခေါ်လေ့ရှိသော Timbre သည် pitch (အသံအနိမ့်)နှင့် loudness (ကျယ်လောင်မှု) ချင်းလည်းတူသည့် ကွဲပြားတဲ့ တူရိယာပစ္စည်းနှစ်ခုမှ ထွက်လာသည့် အသံများအကြား ခွဲခြားနိုင်စေသည့်အရာဖြစ်သည်။

အသံတစ်ခု၏ duration (ကြာချိန်)သည် တေးဂီတ၊ စကားသံနှင့် အသံဒီဇိုင်း၏ rhythm (စည်းချက်)နှင့် flow of sound (အသံ၏စီးဆင်းမှု)ကို လွှမ်းမိုးနိုင်ခြင်းဖြစ်ပါသည်။

Chapter 7 အခန်းသည် Applications of Light and Optical Instruments ဖြစ်ပြီး key factors များနှင့် ၎င်းတို့၏ application များကို ဖော်ပြထားပါသည်။

Camera သည် ရုပ်ပုံများကို ဖမ်းယူသိမ်းဆည်းခြင်း (image capture)ပြုလုပ်ရာတွင် အသုံးပြုသည်။ Microscopes သည် သာမန်မျက်စိဖြင့် မမြင်နိုင်သော သေးငယ်သည့် အစိတ်အပိုင်းများကို ချဲ့ထွင်နိုင်စွမ်းရှိသောကြောင့် ဇီဝဗေဒနှင့် သိပ္ပံပညာရပ်များ လေ့လာခြင်း (Magnification for biological and material studies)တွင် အသုံးပြုသည်။ Telescopes များကို ဝေးသောနေရာရှိ အရာဝတ္ထုများကို ကြည့်ရန်အသုံးပြုပြီး နက္ခတ္တဗေဒနှင့် အာကာသစူးစမ်းလေ့လာခြင်း အပြင် မြေပြင်လေ့လာခြင်း (Astronomical and terrestrial observation)တို့အတွက် အသုံးပြုသည်။ Lasers ကို စက်မှုလုပ်ငန်းတွင် သတ္တုများကိုဖြတ်ရန်အပြင် သတ္တုမျက်နှာပြင်တွင် တန်ဖိုး အတိအကျဖြင့် အပေါက်များဖောက်ရန် (Precision cutting) အတွက်လည်းကောင်း၊ ဆေးဘက်ဆိုင်ရာ ခွဲစိတ်မှုများ(medical surgeries) တွင်လည်းကောင်း၊ fiber optics cable ကြိုးများမှတစ်ဆင့် အလွန်ဝေးကွာသော နေရာများသို့ သတင်းအချက်အလက်များ ပေးပို့ရန် (communication) အတွက် လည်းကောင်း အသုံးပြုပါသည်။ data များ ပေးပို့ခြင်း(Data transmission)ကို Fiber Optics နည်းပညာဖြင့် ပြုလုပ်နိုင်ပါသည်။ Spectrometers များသည် အလင်းမှတစ်ဆင့် အရာဝတ္ထုများတွင် ပါဝင်ဖွဲ့စည်းမှုကို ခွဲခြမ်းစိတ်ဖြာခြင်း (Analyzing light for material composition)တွင် မရှိမဖြစ်လိုအပ်သည်။ Glasses/ Contact Lenses နှစ်ခုစလုံးသည် မျက်လုံးထဲသို့ အလင်းဝင်ရောက်သည့် လမ်းကြောင်းကို ပြုပြင်ပေးခြင်းဖြင့် ကြည်လင်ပြတ်သားသော ပုံရိပ်ကို ရရှိစေရန် (Vision correction)အတွက် အသုံးပြုပါသည်။ Projector များကို ပရိသတ် အများအပြားအား ရုပ်ပုံနှင့်ဗီဒီယိုပြသရာတွင် (Image and video display)အဖြစ် အသုံးပြုသည်။

Chapter (8) Interference and Diffraction of Light အခန်းတွင် Huygens' principle (ဟိုင်ဂင်းနိယာမ)၊ interference of light (အလင်းလှိုင်းထပ်ခြင်း)၊ diffraction of light (အလင်းကွေ့ခြင်း)၊ diffraction grating (အလင်းကွေ့ grating)စသော အပိုင်းများပါဝင်သည်။

Interference of light ဆိုသည်မှာ လှိုင်းနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော လှိုင်းများထပ်ခြင်း (Overlapping waves) ဖြင့် အလင်းစွမ်းအင်(ပြင်းအား) ဖြန့်ဝေမှု ပြုပြင်ပြောင်းလဲခြင်းကို ဆိုလိုသည်။ Path difference (လမ်းကြောင်းခြားနားခြင်း)သည် လှိုင်းအလျား ($\lambda$) ကိန်းပြည့်အဆဖြစ်လျှင် Constructive interference (အားဖြည့်အလင်းလှိုင်းထပ်ခြင်း)ကို ဖြစ်စေပြီး အလင်းစင်း(Bright fringe)ကို ဖြစ်ပေါ်စေသည်။ လှိုင်းအလျား($\lambda$) ကိန်းဝက်အဆဖြစ်လျှင် Destructive interference (အဖျက်လှိုင်းထပ်ခြင်း)ကို ဖြစ်ပေါ်စေပြီး အမှောင်စင်း (dark fringe)ကို ဖြစ်စေသည်။ Diffraction of light (အလင်းကွေ့ခြင်း)အပိုင်းတွင် အလင်းကွေ့ခြင်း အမျိုးအစားနှစ်ခုဖြစ်တဲ့ Fresnel diffraction နဲ့ Fraunhofer diffraction အကြောင်းကို ဖော်ပြထားပါတယ်။ Fraunhofer diffraction ဖြစ်သော Diffraction of Single Slit (ဟပေါက်တစ်ခုဖြင့် အလင်းကွေ့ခြင်း) အကြောင်းကိုလည်း လေ့လာရမှာဖြစ်သည်။ Diffraction grating ဆိုသည်မှာ အလင်းပိတ်ပစ္စည်းပေါ်တွင် အစိပ်အကျဲတူပြိုင်နေသော အလင်းဝင်ပေါက် အမြောက်အမြားပါဝင်တဲ့ optical device ဖြစ်ပြီး ၎င်းကို ရောင်စဉ်ကြည့်ကိရိယာများနှင့် အရာဝတ္ထုတစ်ခုအတွင်း atom နှင့် molecule များပါဝင်မှုကို လေ့လာသည့်အခါတွင် အသုံးပြုကြောင်း သိရှိနိုင်ပါသည်။

Electricity & Magnetism အပိုင်းတွင် အခန်း (၃) ခန်း (3 chapters) ပါရှိပါသည်။ Chapter (9) Capacitor and Capacitance, Chapter (10) Electrical Energy, Power and Heating Effect of Electric Current နှင့် Chapter (11) Electromagnetic Induction, Generation and Distribution of Electricity တို့ပါဝင်သည်။

Chapter (9) Capacitor and Capacitance တွင် capacitor အမျိုးမျိုး၏ တည်ဆောက်ထားပုံနှင့် ၎င်းတို့၏ အသုံးပြုပုံများကို လေ့လာရမှာဖြစ်ပါသည်။ Parallel-plate capacitor အကြောင်းနှင့် capacitance ပုံသေနည်းတွက်ထုတ်ခြင်း၊ capacitor တစ်လုံး သိုလှောင်ထားသော လျှပ်စစ်စွမ်းအင် တွက်ထုတ်ခြင်းအကြောင်း နှင့် လျှပ်စစ်သိုလှောင်ခြင်း၊ ပြန်လည်ထုတ်ပေးခြင်း (Charging and Discharging) အကြောင်းအရာများလည်း လေ့လာသိရှိနိုင်ပါတယ်။ Capacitor များကို series ဆက်ခြင်းနှင့် parallel ဆက်ခြင်းတို့ကြောင့် ရရှိလာသော capacitance တန်ဖိုးများကိုလည်း လေ့လာရပါမည်။

Chapter (10) Electrical Energy, Power and Heating Effect of Electric Current အခန်းတွင် Electromotive Force and Electric Currents (လျှပ်စစ်တွန်းအားနှင့် လျှပ်စီးပတ်လမ်းများ)၊ Batteries in Series and Parallel (ဘက်ထရီများကို တန်းဆက် ဆက်ခြင်းနှင့် ပြိုင်ဆက်ဆက်ခြင်း)၊ Electrical Energy and Electrical Power (လျှပ်စစ်စွမ်းအင်နှင့် လျှပ်စစ်စွမ်းအား)၊ Joule's Law of Electricity and Heat နဲ့ Some Applications of Heating Effect of Current (လျှပ်စီးကြောင့်ဖြစ်ပေါ်တဲ့ Heating Effect ကို အသုံးချမှုတချို့) စတဲ့ အပိုင်းများ ပါဝင်သည်။

Electromotive Force (emf) ဆိုသည်မှာ လျှပ်စစ်တစ်ယူနစ်ကို

စာမျက်နှာ ၁၇ သို့ »»

# စစ်တွေမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ချီးမြှင့်ငွေပေးအပ်ခြင်းနှင့် ခရစ္စမတ်အကြိုဂုဏ်ပြုချီးမြှင့်ခြင်းနှင့် မေတ္တာပို့ဆုတောင်းခြင်းအခမ်းအနား ကျင်းပ

စစ်တွေ ဒီဇင်ဘာ ၂၃

စစ်တွေမြို့နယ်အတွင်း အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ချီးမြှင့်ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပသည်။




## လှည့်လည်ကြည့်ရှု

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်အဖွဲ့သည် အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးနေမှု၊ စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနမှဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကြသည်။

စစ်တွေမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်ခြင်းများကို စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် ခိုင်သဇင်ခန်းမတို့တွင် အခါအားလျော်စွာ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ခရစ္စမတ်အကြို ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် မေတ္တာပို့ဆုတောင်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် ခရစ်ယာန်ဘာသာဝင် တိုင်းရင်းသားပြည်သူအပေါင်းတို့ အနေဖြင့် ခရစ်တော်ဟောကြားခဲ့သည့် အဆုံးအမများနှင့်အညီ လိုက်နာကျင့်သုံးနေထိုင်ကြပြီး မိမိတို့ မှီတင်းနေထိုင်ရာ ရခိုင်ပြည်နယ်၏အကျိုးကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးစွမ်းနိုင်ကြသည့် ဘုရားသခင်၏သားကောင်းသမီးရတနာများ ဖြစ်နိုင်ကြပါစေဟု ခရစ္စမတ်အကြို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ နှစ်ခြင်းခရစ်ယာန်အသင်းတော် သိက္ခာတော်ရ ဆရာဦးအောင်လင်းက ခရစ္စမတ်ဆုတောင်းမေတ္တာပို့သပြီး ပြည်နယ်ဝန်ကြီးချုပ်က ခရစ်ယာန်အသင်းတော်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဆန်များကို ပေးအပ်သည်။

ထို့နောက် ခရစ်ယာန်အသင်းတော်များ၊ ဘုရားရှိခိုးကျောင်းများမှ လူငယ်များက ခရစ္စမတ်သီချင်းဖြင့် သီဆိုဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဆွေဆွေမြတ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက သီဆိုဖျော်ဖြေပေးကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်အား သိက္ခာတော်ရ ဆရာဦးအောင်လင်းက ခရစ္စမတ်လက်ဆောင်ပေးအပ်ကာ ရှင်မာကုကသီဒြယ်ဘုရားကျောင်း အင်္ဂလီကန်အသင်းတော် ခရစ်ယာန်ဘုန်းတော်ကြီး ဖာသာလှိုင်ဝင်းက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**
**ဓာတ်ပုံ – ဝင်းမင်းစိုး**

---

»» စာမျက်နှာ ၁၆ မှ

ပတ်လမ်းတစ်ပတ်ပြည့် ရွေ့သွားနိုင်ဖို့ battery က ပေးရတဲ့ စွမ်းအင်ဖြစ်ပါသည်။ Electromotive Force and Electric Currents အပိုင်းတွင် Electromotive Force ကို ဖြစ်စေတဲ့ Source များ (ဥပမာ– battery, generator)၊ ၎င်းတို့၏ အဓိကလုပ်ဆောင်ချက်(main function)များနဲ့ လျှပ်စီးပတ်လမ်း equation အစရှိတဲ့ အကြောင်းအရာများကို လေ့လာရပါမည်။ emf source တစ်ခုဖြစ်သည့် battery များကို series ဆက်ခြင်း၊ parallel ဆက်ခြင်းမှ emf တန်ဖိုးတိုးခြင်း၊ လျော့ခြင်းများကိုလည်း Batteries in Series and Parallel အပိုင်းတွင် လေ့လာနိုင်ပါသည်။ Electrical Energy and Electrical Power အပိုင်းမှာတွင် electrical energy ဆိုသည်မှာ emf source တစ်ခုခုက ထုတ်ပေးသည့် စွမ်းအင်တစ်မျိုးဖြစ်ပြီး electrical energy ကို အဓိပ္ပာယ်ဖွင့်ဆိုရမည်ဆိုပါက resistor တစ်ခုကိုဖြတ်ပြီး လျှပ်စစ်ကို သယ်ယူရာတွင် battery က ပြုလုပ်သောအလုပ်ဖြစ်ပါသည်။ Electrical power ဆိုသည်မှာ electrical energy ကို distribution လုပ်ပေးတဲ့နှုန်း ဖြစ်ပါသည်။ Joule's Law of Electricity and Heat ကတော့ resistor တစ်ခုအတွင်း current ဖြတ်စီးသွားသောကြောင့် ဖြစ်ပေါ်လာတဲ့ အပူပမာဏသည် current တန်ဖိုးနှစ်ဆ၊ resistance တန်ဖိုး၊ resistor အတွင်းဖြတ်သွားသော ကြာချိန်တို့နှင့် တိုက်ရိုက် အချိုးကျပါသည်။ Joule's Law မှ တစ်ဆင့် လျှပ်စစ်စွမ်းအင်နှင့် အပူစွမ်းအင် ဆက်စပ်မှုကို လေ့လာနိုင်ပါသည်။ ယနေ့ခေတ် နေ့စဉ်ဘဝတွင် အသုံးပြုနေသော လျှပ်စစ်မီးဖို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူ၊ လျှပ်စစ်ရေနွေးအိုး စသည့် ပစ္စည်းများမှာ လျှပ်စီးကြောင်းကြောင့် ဖြစ်ပေါ်လာသော electrical energy ကနေ heat energy ကို ပြောင်းပေးခြင်းဖြစ်တဲ့အတွက် ၎င်းတို့သည် heating effectကို ဖြစ်စေတဲ့ပစ္စည်းများဖြစ်ကြောင်းကိုလည်း ဖော်ပြထားပါသည်။

Chapter (11) ဖြစ်သော Electromagnetic Induction, Generation and Distribution of Electricity အခန်းတွင် Electric Current အပိုင်း၌ Alternating Current (AC) နှင့် Direct Current (DC) အကြောင်း၊ AC လျှပ်စီးကြောင်း ထုတ်ယူနည်း (AC generation), Electromagnetic Induction အပိုင်းတွင် Faraday ၏ induced current လက်တွေ့စမ်းသပ်ချက်များ၊ magnetic flux နှင့် magnetic flux density အကြောင်းများ၊ ပြန်လှန်လျှပ်စီးရဲ့ပမာဏကို Faraday's law နဲ့ စဉ်းစားပုံနှင့် ပြန်လှန်လျှပ်စီးရဲ့ ဦးတည်ဘက်ကို Lenz's law နဲ့ စဉ်းစားပုံ၊ electromagnetic induction (လျှပ်စစ်သံလိုက် ညို့ခြင်း) ဖြစ်စဉ်ကို အသုံးပြုထားသော induction coil ၊ AC generator နှင့် Transformer အကြောင်းများ၊ Power transmission အပိုင်းတွင် power station များမှ စက်ရုံနှင့် နေအိမ်များသို့ လျှပ်စီးပို့လွှတ်ရာလမ်းတွင် power ဆုံးရှုံးမှု မရှိစေရန်အလို့ငှာ current တန်ဖိုးကို အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရန်အတွက် transformer များကို အသုံးပြုပြီး လျှပ်စစ်စွမ်းအားဖြန့်ဝေမှုပုံစံကိုလည်း လေ့လာရပါမည်။ Principle of House Wiring အပိုင်းတွင် အိမ်တွင်းသုံး လျှပ်စစ်ပတ်လမ်း (၃)မျိုးအကြောင်း၊ Circuit breaker နှင့် Earthing အကြောင်းများပါဝင်ပြီး Dangers of Electricity အပိုင်းတွင် လျှပ်စစ်အန္တရာယ် ဖြစ်နိုင်ခြေရှိသော damaged insulation ၊ overheating of cables နှင့် damp condition အကြောင်းအရာများအပြင် လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲဖြတ်စီးသော လျှပ်စစ်ပမာဏအရ ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများကိုလည်း ဖော်ပြထားပါသည်။

Modern Physics အပိုင်းတွင် Chapter ၂ ခု ပါဝင်သည်။ Chapter (12) Digital Electronics and Communication System နှင့် Chapter (13) Modern Physics တို့ဖြစ်သည်။

Chapter (12) Digital Electronics and Communication System အခန်းတွင် Electronic System အပိုင်း၌ electronic devices များဖြစ်သော Zener diode ၊ LED ၊ Photodiode ၊ LDR ၊ Thermistor နှင့် LCD တို့၏ အလုပ်လုပ်ပုံများနှင့် အသုံးပြုပုံများကို လေ့လာရပါမည်။ Digital Electronics အပိုင်းတွင် 0 (LOW) နှင့် 1(HIGH)စသည့် Binary data နှစ်မျိုးနှင့်သာ အလုပ်လုပ်သော Logic gates များ၏ function များ၊ Boolean Algebra ၏ အခြေခံနိယာမများ၊ De Morgan's theorem ၊ မီးသတိပေးစနစ်ကဲ့သို့သော Logic gates များ ပေါင်းစပ်၍ processors များပြုလုပ်ပုံစသည့် အကြောင်းအရာများကို စိတ်ဝင်စားဖွယ် လေ့လာရပါမည်။ Basic Electronic Communication အပိုင်းတွင် analog, digital, wired (line) နှင့် wireless ဆက်သွယ်ရေး နည်းလမ်းများအပြင် modulation နှင့် demodulation အကြောင်းအရာများကို လေ့လာနိုင်ပါသည်။

Chapter (13) Modern Physics အခန်းသည် Grade – 12 ရူပဗေဒဘာသာရပ်ရဲ့ နောက်ဆုံး အခန်းလည်းဖြစ်ပါသည်။ ဒီအခန်းမှာ အပိုင်း (၃) ပိုင်း ပါဝင်ပါသည်။ Nuclear Physics၊ Quantum Mechanics နဲ့ Special theory of relativity တို့ဖြစ်ပါသည်။

Nuclear Physics အပိုင်းတွင် radioactivity (ရေဒီယိုသတ္တိကြွခြင်း)၊ radioisotope များအကြောင်းနှင့် ၎င်းတို့၏အသုံးပြုပုံများအပြင် nuclear energy အကြောင်းတို့လည်း ပါရှိပါသည်။ Nuclear reaction တွင် ကြီးမားသောစွမ်းအင်ပမာဏကို ထုတ်လုပ်ပေးနိုင်သော fission reaction အကြောင်းကို ဖော်ပြထားပြီး nuclear reactor အကြောင်းနှင့် nuclear reactor တည်ဆောက်ရာတွင် လိုအပ်သော အရေးကြီးသည့် အစိတ်အပိုင်းများကိုလည်း လေ့လာနိုင်ပါသည်။ Nuclear energy ထုတ်လုပ်ရာတွင် မရှိမဖြစ် အရေးပါသော Uranium–235 (သို့) Plutonium–239 တို့၏ fission reaction အကြောင်းနှင့် စွန့်ထုတ်လိုက်သော radioactive waste များကြောင့် ဖြစ်ပေါ်လာသော environmental impacts များ အကြောင်းကိုလည်း ဆွေးနွေးထားပါသည်။

Quantum Mechanics အပိုင်းတွင် wave–particle dual nature နှင့် quantization of angular momentum in theory of hydrogen atom များအကြောင်းကို ထည့်သွင်း ဖော်ပြထားပါသည်။ ရူပဗေဒဘာသာရပ်၏ အနှစ်သာရတစ်ခုဖြစ်သော special theory of relativity ၏ အခြေခံနိယာမဖြစ်သော Einstein's Postulates ၊ Einstein's theory of relativity ရဲ့ အကျိုးဆက်များကိုလည်း Modern Physics ၏ အပိုင်းတစ်ပိုင်းအနေဖြင့် လေ့လာ သိရှိနိုင်ပါသည်။

Grade – 12 သည် 2023 – 2024 ပညာသင်နှစ်မှစပြီး matriculation examination နှင့် completion examination နှစ်မျိုးစလုံးတွင် မေးခွန်းပုံစံအသစ်ဖြင့် စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။ အမှတ် (၁၀၀) ဖိုး ဖြေဆိုရပါမည်။ Section (A) နှင့် Section (B) ဟူ၍ (၂)ပိုင်းခွဲထားရာ Section (A) အပိုင်းတွင် အမှတ် (၄၀) ဖိုး ဖြေဆိုရမှာဖြစ်ပြီး Section (B) အပိုင်းတွင်မူ အမှတ် (၆၀) ဖိုး ဖြေဆိုရမည် ဖြစ်သည်။ Section (A) အမှတ် (၄၀) ဖိုး အပိုင်းတွင် Answer All Questions ဖြစ်သည်။ မေးခွန်း No.(1) သည် True or False ရွေးချယ်ရပါမည်။ (၁)မှတ်တန် (၁၀)ပုဒ် ဖြေဆိုရပါမည်။ မေးခွန်း No.(2) သည် Fill in the blanks ဖြစ်ပြီး (၁) မှတ်တန် မေးခွန်း (၁၅)ပုဒ် ဖြေဆိုရပါမည်။ မေးခွန်း No.(3) သည် Multiple Choice Questions (MCQs) များဖြစ်ပြီး ရွေးချယ်စရာ (၃)ခုမှ Correct answer (၁)မျိုးတည်းကိုသာ ရွေးပေးရပါမည်။ (၁) မှတ်တန် (၁၅)ပုဒ် ဖြေဆိုရမှာ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ Section (A) Answer All Questions မှာ အမှတ် (၄၀) ဖိုး မေးထားပြီး (၄၀) မှတ်ဖိုးလုံး ဖြေဆိုရမှာ ဖြစ်ပါသည်။ Section (B) အပိုင်းတွင် (၁၅) မှတ်တန်မေးခွန်း(၆)ပုဒ်မေးထားပြီး (Answer Any Four Questions) ကြိုက်နှစ်သက်ရာ မေးခွန်း(၄)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာဖြစ်သည့်အတွက် Section (B) အပိုင်းသည် အမှတ် (၆၀)ဖိုး ဖြေဆိုရပါမည်။ Section (B)တွင် အပုဒ်တိုင်း၌ (a), (b) ဆိုပြီး ပါရှိပြီး နံပါတ် (a) သည် (၇) မှတ်တန် မေးခွန်းဖြစ်ပြီး နံပါတ် (b)သည် (၈) မှတ်တန် မေးခွန်း ဖြစ်ပါသည်။

မေးခွန်းတွင် Grade – 12 Text Book ထဲမှ Theory, Problems and Diagrams များကို အချိုးကျ ထည့်သွင်းမေးပါမည်။ မေးခွန်း၌ စုစုပေါင်းအမှတ် (၁၃၀)ဖိုး မေးထားသော်လည်း အမှတ် (၁၀၀) ဖိုးသာ ဖြေဆိုရမည်ဆိုသည်ကို သတိပြုရန် လိုအပ်ပါသည်။ Text Book တွင်ပါရှိသော အခန်းများအားလုံး နားလည်သဘောပေါက်မှသာ မေးခွန်းအားလုံးကို ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ ကျောင်းသားဗဟိုပြုချဉ်းကပ်သင်ယူနည်းကို ဦးတည်ထားသည့်အတွက် အလွတ်ကျက်မှတ်ခြင်းကို ရှောင်ရှားပြီး အတွေးအခေါ် အယူအဆအပိုင်းများကိုသာ ဦးစားပေး မေးသွားပါမည်။ Grade – 12 ရူပဗေဒ သင်ခန်းစာသဘောတရားများကို ကောင်းစွာနားလည် သဘောပေါက်ထားလျှင် ကောင်းမွန်စွာ ဖြေဆိုနိုင်မည် ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများအားလုံး တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာ ဖြေဆိုအောင်မြင်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၃

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ နိုင်ငံတော်အတွက် လိုအပ်ရင် ကာကွယ်မယ်ဆိုတဲ့စိတ်နဲ့ လာရောက်တက်ရောက်ခြင်းဖြစ်ပါတယ်။ နိုင်ငံသားတစ်ယောက်ရဲ့တာဝန်ကို ထမ်းဆောင်ရတဲ့အတွက်ပျော်မိပါတယ်။

စာမျက်နှာ ၁၉ သို့ ☆



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲသို့ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲကျင်းပစဉ်။





☆ စာမျက်နှာ ၁၈ မှ

နောက်ထပ်လာမယ့်ညီငယ်တွေကို ပြောချင်တာကတော့ ကျွန်တော်တို့ နိုင်ငံသားတိုင်းထမ်းဆောင်ရမယ့် တာဝန်တစ်ရပ်ဖြစ်ပြီး အပြင်မှာမရတဲ့ ပညာတွေကို ဒီမှာရပါတယ်။ လူတိုင်းအတွက်အကျိုးရှိပါတယ်။ လာရောက်တက်ရောက်ဖို့ဖိတ်ခေါ်ချင်ပါတယ်။

၂။ ပြောင်းလဲမှုတွေ၊ စိန်ခေါ်မှုတွေ ရှိလာပါတယ်။ ပြောင်းလဲမှုတွေကတော့ ကျွန်တော့်ရဲ့ နေထိုင်မှုပုံစံတွေ၊ ဆောင်ရွက်သွားလာမှုပုံစံတွေ အစစအရာရာ အကုန်လုံးပြောင်းလဲသွားပါတယ်။ စိန်ခေါ်မှုတွေကတော့ ကျွန်တော်တို့ရဲ့ မတူညီတဲ့အရပ်ဒေသနှစ်ခုဖြစ်နေတဲ့အတွက် တူညီအောင်လို့ အများကြီးတန်းညှိရတာရှိပါတယ်။ အဲဒါတွေကတော့ စိန်ခေါ်မှုတွေပါ။ ကိုယ့်ကိုယ်ကိုယ် ယောကျ်ားတစ်ယောက်ပီသတယ်လို့ ခံစားရတယ်။ ကိုယ်လုပ်ရတဲ့တာဝန်၊ ကိုယ်လုပ်ရတဲ့အလုပ်တွေကို ပိုပြီးတော့အာရုံစိုက်လာတယ်။ ကိုယ့်အတွက်ပိုပြီး ကောင်းလာပါတယ်။ စည်းနဲ့ကမ်းနဲ့ဘောင်နဲ့ ပိုပြီးတင်းတင်းကျပ်ကျပ်ရှိတယ်။ အပြင်ကကတ္တာက အရပ်သား၊ ဒီမှာက စစ်သား အများကြီးကွာတယ်။ အပြင်မှာက ကိုယ်သွားချင်တဲ့ဝတ်စုံနဲ့သွားလို့ရပေမယ့် ဒီမှာက ယူနီဖောင်းနဲ့ပဲရတယ်။ ကိုယ့်ကိုယ်ကိုယ် ယူနီဖောင်းဝတ်လိုက်ပြီဆိုတာနဲ့ ကိုယ့်မှာတာဝန်တွေ၊ ဝတ္တရားတွေ အများကြီးရှိသွားတယ်။ အဲဒီတော့ ကိုယ့်မှာတာဝန်ယူမှု တာဝန်ခံမှုရှိရမယ်။ အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း စစ်မှုထမ်းဆောင်ရမယ်လို့ဖြစ်သင့်တယ်။ ကိုယ့်နိုင်ငံကိုကာကွယ်မှ သူများတွေလာပြီးမထိပါးမှာ။ နောက်သင်တန်းလာတက်မယ့် ဂျူနီယာညီလေးတွေကို မှာချင်တာကတော့ ဒီနေရာတွေက ကျွန်တော်တို့လူငယ်ဘဝတွေကို အများကြီးတိုးတက်ပြောင်းလဲသွားစေတဲ့အတွက် ညီငယ်တွေကိုလာခဲ့ပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

သတင်းစဉ်



ပြည်သူ့စစ်မှုထမ်း
သင်တန်းအမှတ်စဉ်(၈)
သင်တန်းဖွင့်ပွဲ
ကျင်းပစဉ်။

## အင်းစိန်မြို့နယ် သတင်းစာဆရာအသင်း အမှုဆောင်သစ်ရွေးချယ်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် သတင်းစာဆရာအသင်း မြို့နယ်စုံညီအစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ- တောင်တွင်းကြီး)က ရွေးချယ်ခံရသော အမှုဆောင်သစ်များအနေဖြင့် အသင်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စတုတ္ထမဏ္ဍိုင်အဖြစ် ခိုင်မာစွာ ရပ်တည်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် မြို့နယ်သတင်းစာဆရာအသင်း ပြန်လည်ရွေးချယ်ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌ ဦးမြင့်ဦး (မြင့်ဦး-အင်းစိန်)၊ ဒုတိယဥက္ကဋ္ဌ ဦးမင်းခိုင် (ဖိုးတုတ်)၊ အတွင်းရေးမှူး ဦးစိုးဝင်းမောင်(ရွှေတိုက်စိုး)၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်အေး (ကွန်ဖူး-ခင်မောင်အေး)၊ ဘဏ္ဍာရေးမှူး ဦးမင်းမင်းဇော်(မင်းမင်း-အင်းစိန်)၊ စာရင်းစစ် ကိုဖြိုးစည်သူ(အင်းစိန်) အမှုဆောင်များအဖြစ် ဒေါ်အေးအေးသင်း (ရွှေဘုတ်-အင်းစိန်)နှင့် ဦးဇွဲထက်ကို (ဇွဲထက်ကို)တို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။ **မြင့်ဦး**



## မြနန်းစံကျော် ရွှေနန်းတော်နှင့် ရွှေကျောင်းကြီးသို့ ရန်ကုန်တိုင်းဒေသကြီးမှ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ



မန္တလေး ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ရွှေစေတီ(အခမဲ့)ပညာဒါနကျောင်းမှ အုပ်ချုပ်သူ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၅၀ သည် ဒီဇင်ဘာ ၂၂ ရက် ညနေပိုင်းက မန္တလေးမြို့ မင်းတုန်းမင်းတည်ထားခဲ့သော မြနန်းစံကျော် ရွှေနန်းတော်နှင့် ရွှေကျောင်းကြီးသို့လာရောက်လေ့လာခဲ့ကြသည်။

အဆိုပါ လာရောက်လေ့လာသူများအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ တာဝန်ရှိသူများက သမိုင်းဆိုင်ရာ အချက်အလက်များကို လိုက်လံရှင်းလင်းပြသကြသည်။

"ခုလို လာရောက်လေ့လာတဲ့ ကျောင်းသား ကျောင်းသူတွေ အစုအဖွဲ့တွေအနေနဲ့ လေ့လာရေးလာမယ်ဆိုရင် ဌာနကိုကြိုတင်ချိတ်ဆက်နိုင်ပါတယ်။ ဌာနတာဝန်ရှိသူတွေက သမိုင်းဆိုင်ရာ အချက်အလက်တွေကို ရှင်းပြပေးပါတယ်။ ဒီနေ့မှာ ရန်ကုန်က ရွှေစေတီ(အခမဲ့) ပညာဒါနကျောင်းက ၃၅၀ ကျော်လာရောက်လေ့လာကြပါတယ်" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ တာဝန်ရှိသူက ပြောသည်။

လေ့လာရေးအဖွဲ့သည် မန္တလေးမြို့ မြနန်းစံကျော်ရွှေနန်းတော်ရှိ အဆောင်များနှင့် မြနန်းစံကျော် ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်အတွင်းပြသထားသည့် ရှေးဘုရင်များလက်ထက် အသုံးအဆောင်နှင့် ဝတ်စားဆင်ယင်မှုများကိုလည်းကောင်း၊ ဆက်လက်၍ ရွှေကျောင်းကြီးသို့ သွားရောက်ကြပြီး ရှေးဟောင်းဗိသုကာလက်ရာများကိုလည်းကောင်း လေ့လာခဲ့ကြသည်။

"မန္တလေးကို တစ်ခါမှ မရောက်ဖူးသေးဘူး။ နန်းတော်မြို့ရိုးနဲ့ နန်းဆောင်တွေ၊ ဘုရင်အသုံးအဆောင်တွေကို မျက်မြင်လေ့လာခဲ့ရတာ ဗဟုသုတတွေ အများကြီးရပါတယ်။ ခုလို ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေကို ခေတ်အဆက်ဆက် ထိန်းသိမ်းထားတာကြောင့် ရှေးဟောင်းလက်ရာတွေကို ကြည့်ရှုလေ့လာနိုင်တာဖြစ်လို့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်"ဟု ရွှေစေတီ (အခမဲ့)ပညာဒါနကျောင်းသား တစ်ဦးက ပြောသည်။

ထိုသို့ လာရောက်လေ့လာမည့် ခရီးစဉ်အတွက် ရွှေစေတီ(အခမဲ့) ပညာဒါနကျောင်းက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ရုံးချုပ်)သို့ အကြောင်းကြားတင်ပြလာမှုအပေါ် မန္တလေးဌာနခွဲက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မောင်အေးချမ်း**

စာအုပ်စာပေ လူ့မိတ်ဆွေ စာပေမြင့်မှ လူမျိုးတင့်မည်

# ၂၀၂၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး ရှစ်ရာခိုင်နှုန်းကျော်အထိ ရောက်ရှိစေရေး ဆောင်ရွက်မည်



ဟနွိုင်း ဒီဇင်ဘာ ၂၃

၂၀၂၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး ရှစ်ရာခိုင်နှုန်းကျော်အထိ ရောက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်မည်ဟု ဗီယက်နမ်အစိုးရက ပြောကြားခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီ၏ ယနေ့ထုတ်ပြန်သည့် သတင်းအရ သိရသည်။

အဆိုပါရည်မှန်းချက်အောင်မြင်စေရေးအတွက် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ကာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေး ဟန်ချက်ညီမျှစွာ ကြိုးပမ်းဆောင်ရွက်မည်ဟု ဝန်ကြီးချုပ် ဖန်မင်ချင်းက ပြောကြားသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုချက်ကို ၂၀၂၅ ခုနှစ် ပထမသုံးလအတွင်း အစိုးရထံ တင်ပြမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ကထပ်လောင်းပြောကြားသည်။ ထို့ပြင်နိုင်ငံအတွက် ရေရှည်တည်တံ့မည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများကိုလည်း သတ်မှတ်ထုတ်ပြန်ကာ လုပ်ငန်းဆောင်ရွက်မည်ဟု ၎င်းက မှတ်ချက်ပြုပြောကြားသည်။ ၂၀၂၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးသည် ၆ ဒသမ ၅ ရာခိုင်နှုန်းအထိ ရောက်ရှိနိုင်ကြောင်း ကမ္ဘာ့ဘဏ်က မကြာသေးမီကာလက ခန့်မှန်းချက်ထုတ်ပြန်ခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# ဂါဇာဒေသ အလယ်ပိုင်းရှိ နျူဆာရတ် ဒုက္ခသည်စခန်းအား အစ္စရေးတပ်မတော်က တိုက်ခိုက်



ဂျေရုဆလင် ဒီဇင်ဘာ ၂၃

ဂါဇာဒေသ အလယ်ပိုင်းရှိ နျူဆာရတ် ဒုက္ခသည်စခန်းအား အစ္စရေးတပ်မတော်က တိုက်ခိုက်ခဲ့ရာ ပါလက်စတိုင်း ၅၀ ကျော် သေဆုံးခဲ့ကြောင်း ဟားမတ်စ်အဖွဲ့၏ မီဒီယာဆိုင်ရာရုံးက ယနေ့ပြောကြားသည်။

**ဆောင်ရွက်ပေးရန်ပန်ကြား**

အစ္စရေးတပ်မတော်၏ ၎င်းတိုက်ခိုက်မှုသည် ကြမ်းကြုတ်ရက်စက်သည့် ရာဇဝတ်မှုဖြစ်ကြောင်းနှင့် တိုက်ခိုက်ရာတွင် မြေတူးစက်များ၊ ဒရုန်းများ၊ တင့်ကားများ အသုံးပြု၍ အစ္စရေးတပ်ဖွဲ့ဝင်များက စခန်းကို စီးနင်းတိုက်ခိုက်ခဲ့သည်ဟု အဆိုပါရုံးက ထပ်လောင်းပြောကြားသည်။ ယင်းတိုက်ခိုက်မှုအတွင်း အမျိုးသမီးများနှင့် ကလေးများ အများအပြား သေဆုံးခဲ့သည်။

ယခု တိုက်ခိုက်မှုအတွက် အစ္စရေးတပ်မတော်နှင့်အမေရိကန်အစိုးရတွင် တာဝန်ရှိကြောင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ဂါဇာဒေသခံများအား ကာကွယ်ရေးအတွက် ဝင်ရောက်ဖျန်ဖြေဆောင်ရွက်ပေးရန် ၎င်းရုံးက ပန်ကြားခဲ့သည်။ ဒေသတွင်းရှိ ဆေးရုံများနှင့်စာသင်ကျောင်းများ တိုက်ခိုက်ခံရမှု များပြားလာသည့်အတွက် ၎င်းပဋိပက္ခ အဆုံးသတ်ရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီကတောင်းဆိုခဲ့သည်။

ဂါဇာဒေသတွင် လက်ရှိအချိန်အထိ ပါလက်စတိုင်းဒေသခံ ၄၅၃၁၇ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# တရားမဝင်ရွှေ့ပြောင်းလာသူများအား နေထိုင်ခွင့်ပြုခြင်းကြောင့် ဂျာမနီနိုင်ငံ၌ အကြမ်းဖက်မှုဖြစ်ပွားဟု ဟန်ဂေရီ ဝန်ကြီးချုပ်ပြောကြား

ဘူဒါပတ်စ် ဒီဇင်ဘာ ၂၃

ဂျာမနီနိုင်ငံရှိ ခရစ္စမတ်စျေးအတွင်း မကြာသေးမီက ဖြစ်ပွားခဲ့သည့် ဆော်ဒီနိုင်ငံသား၏ အကြမ်းဖက်မှုသည် ဂျာမနီနိုင်ငံ၌ တရားမဝင်ရွှေ့ပြောင်းလာသူများအား အများအပြားနေထိုင်ခွင့်ပြုခြင်းနှင့် တရားမဝင်ရွှေ့ပြောင်းလာသူများအပေါ် ဥရောပသမဂ္ဂ၏ ပေါ့လျော့သည့် စည်းကမ်းသတ်မှတ်ချက်များကြောင့်ဖြစ်ကြောင်း ဟန်ဂေရီ ဝန်ကြီးချုပ် ဗစ်တာအောဗန်းက ယနေ့ ပြောကြားခဲ့သည်။

**ထပ်လောင်းပြောကြား**

ယခုကဲ့သို့ ရက်စက်ကြမ်းကြုတ်သည့်မှုခင်းများ ဥရောပဒေသတွင် ယခင်က ဖြစ်ပွားလေ့မရှိသော်လည်း လက်ရှိအချိန်တွင်ဖြစ်ပွားလာသည်ကို တွေ့ရှိရကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယခုဖြစ်ပွားသည့် အကြမ်းဖက်မှုကို ထောက်ရှုခြင်းဖြင့် တရားမဝင်ရွှေ့ပြောင်းအခြေချနေထိုင်မှုနှင့် အကြမ်းဖက်မှုများဖြစ်ပွားလာခြင်းတို့ တိုက်ရိုက်ဆက်စပ်နေသည်ကို တွေ့ရှိရပြီး ဟန်ဂေရီနိုင်ငံအနေဖြင့်လည်း ယခုဖြစ်စဉ်ကို သင်ခန်းစာယူကာ မိမိနိုင်ငံတွင် အကြမ်းဖက်မှုများဖြစ်ပွားခြင်းမှ ကာကွယ်သွားမည်ဟု ၎င်းက ပြောကြားသည်။

မကြာသေးမီက ဂျာမနီနိုင်ငံရှိ ခရစ္စမတ်စျေးတစ်ခုအတွင်း ဆော်ဒီနွယ်ဖွား တာလတ်အေအမည်ရှိ ဆရာဝန်တစ်ဦးက ကားဖြင့် လူအုပ်အတွင်းသို့ဝင်တိုက်ခဲ့ရာ ငါးဦးသေဆုံးပြီး ၂၀၀ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ယခုအကြမ်းဖက်မှု ကျူးလွန်သူအား ပြီးခဲ့သည့်နှစ်များအတွင်းက ပြစ်မှုကျူးလွန်နိုင်ခြေရှိကြောင်းအထောက်အထားများ တွေ့ရှိခဲ့သဖြင့် ဂျာမနီနိုင်ငံမှ နှင်ထုတ်ရန် ဆော်ဒီတာဝန်ရှိသူများက သတိပေးခဲ့သော်လည်း ဂျာမနီနိုင်ငံက ၎င်းသတိပေးချက်ကို လျစ်လျူရှုခဲ့သည်။

ဟန်ဂေရီနိုင်ငံကို အကြမ်းဖက်မှုများမကြာခဏဖြစ်ပွားလေ့ရှိသည့် နိုင်ငံအဖြစ်သို့မရောက်ရှိစေရေး ဆောင်ရွက်မည်ဟု ဗစ်တာအောဘန်းက ပြောကြားသည်။

ကိုးကား - အာတီနယူးစ်
ဘာသာပြန် - စိုးသူရ

# ပနားမားတူးမြောင်းအား ပြန်လည်သိမ်းယူမည်ဟု ခြိမ်းခြောက်မှုသည် ဆင်ခြင်မှုကင်းမဲ့သည့် ပြောဆိုချက်ဖြစ်သည်ဟု ပနားမားပညာရှင်ပြောကြား

ပနားမားစီးတီး ဒီဇင်ဘာ ၂၃

ပနားမားတူးမြောင်းအား ပြန်လည်သိမ်းယူမည်ဟူသည့် အမေရိကန်ရွေးကောက်ခံသမ္မတထရမ့်၏ ခြိမ်းခြောက်မှုသည် ဆင်ခြင်မှုကင်းမဲ့သည့် ပြောဆိုချက်တစ်ရပ်ဖြစ်သည်ဟု ပနားမားတက္ကသိုလ်မှ ပါမောက္ခဖြစ်သူ ဂျူန်းကူးပါးက ဒီဇင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။ ပနားမားတူးမြောင်း၏ ပိုင်ရှင်အစစ်သည် ပနားမားနိုင်ငံသားဖြစ်ပြီး အမေရိကန်နိုင်ငံက ၎င်းတူးမြောင်း၏ စီမံခန့်ခွဲခွင့်ကို စွက်ဖက်၍ မရနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ပနားမားတူးမြောင်းအား အမေရိကန်နိုင်ငံက စီမံခန့်ခွဲ ဆောင်ရွက်သည့် ကာလအတွင်းက အမေရိကန်နိုင်ငံအနေဖြင့် လက်ဝါးကြီးအုပ်၍ အကျိုးအမြတ်များစွာ ရရှိခဲ့ကြောင်း ဂျူန်းကူးပါးက မှတ်ချက်ပြုပြောကြားသည်။

ပနားမားတူးမြောင်းသည် အမေရိကန်နိုင်ငံ၏ စီးပွားရေးနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ ကဏ္ဍများတွင် အရေးပါသည့် အခန်းကဏ္ဍ၌ တည်ရှိနေကြောင်းနှင့် ၎င်းတူးမြောင်းဖြတ်သန်းသွားလာမှုဆိုင်ရာ အခွန်ကောက်ခံခြင်းကို လျှော့ချရန်နှင့် လိုအပ်ပါက တူးမြောင်းကို အမေရိကန်နိုင်ငံက ပြန်လည်သိမ်းယူမည်ဟု လူမှုမီဒီယာမှတစ်ဆင့် ထရမ့်က ပြောကြားခဲ့သည်။

ပနားမားသမ္မတဟောင်း အိုမာတိုရီဂျို့စ်နှင့် အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာတို့အကြား ၁၉၇၇ ခုနှစ်တွင် ချုပ်ဆိုခဲ့သည့် စာချုပ်များအရ ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ပနားမားတူးမြောင်းဆိုင်ရာ စီမံခန့်ခွဲခွင့်ကို ပနားမားနိုင်ငံက ရရှိခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ




# အာဖရိကဒေသ၌ ယခုနှစ်အတွင်း မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ခုနစ်သောင်းနီးပါးရှိ

အဒစ်အဘာဘာ ဒီဇင်ဘာ ၂၃

အာဖရိကဒေသ၌ ယခုနှစ်အတွင်း မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၆၉၀၀၀ ကျော်ရှိလာပြီး ရောဂါကြောင့် သေဆုံးသူ ၁၂၆၀ ကျော်ရှိကြောင်း အာဖရိကဒေသ ကူးစက်ရောဂါထိန်းချုပ်ကာကွယ်ရေး စင်တာက ဒီဇင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

ယခုနှစ်အတွင်း အာဖရိကဒေသတွင် မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၆၉၂၁၁ ဦးရှိပြီး သေဆုံးသူ ၁၂၆၈ ဦးရှိကြောင်း အာဖရိကဒေသကူးစက်ရောဂါထိန်းချုပ်ရေး စင်တာ တာဝန်ရှိသူ အမ်အန်ရှီအမ်န်ဂွန်ဂိုက ပြောကြားသည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း မျောက်ကျောက်ရောဂါ ထပ်မံကူးစက်ခံရသူ ၃၀၉၅ ဦးရှိပြီး ရောဂါကြောင့်သေဆုံးသူ ၃၁ ဦးရှိကြောင်း သိရသည်။ ယခုနှစ်အတွင်း အာဖရိကဒေသ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူအရေအတွက်သည် ယမန်နှစ်ကထက် ရာခိုင်နှုန်းအားဖြင့် ၇၈၉ ရာခိုင်နှုန်း ပိုမိုများပြားကြောင်း အဆိုပါစင်တာက ပြောကြားသည်။

အာဖရိကဒေသအတွင်းရှိ ဂေဗွန်၊ တောင်အာဖရိက၊ မော်ရိုကို၊ ဇင်ဘီယာနှင့် ဇင်ဘာဘွေနိုင်ငံများတွင် ရောဂါကူးစက်မှုများ ရှိခဲ့သော်လည်း ထိန်းချုပ်နိုင်သည့် အခြေအနေသို့ရောက်ရှိခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ အာဖရိကဒေသနိုင်ငံများတွင် မျောက်ကျောက်ရောဂါထိန်းချုပ်ရေးအတွက် ထိရောက်သည့် အစီအမံများချမှတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ



# အထက်မင်းလှမြို့၌ ဆောင်းသီးနှံပဲတီစိမ်းများ စျေးကောင်းရနေ

**မကွေး ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့ အမှတ် - ၆ ရပ်ကွက်ရှိ တောင်သူများအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပဲတီစိမ်းသီးနှံများကိုလည်း စုစုပေါင်း ဧက ၃၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ပဲတီစိမ်းသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလ ဒုတိယပတ်တွင် စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ဘုံခုနစ်ဆင့် ပဲတီစိမ်း(အကြီးမျိုး)များကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုး ခြောက်ပြည်ခန့်ကုန်ကျကြောင်း၊ ပဲတီစိမ်း စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု စရိတ်၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၃၅၀၀၀၀ ခန့်ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၀-၁၁ တင်းခန့် ထွက်ရှိကြောင်း၊ စျေးကွက်အနေဖြင့် အထက်မင်းလှမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မကွေးမြို့နှင့် ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ပဲတီစိမ်းအထွက်နှုန်း ပိုမိုထွက်ရှိသည့်အပြင် စျေးနှုန်းကောင်းမွန်သည့် အတွက် ပဲတီစိမ်းစိုက် တောင်သူများအနေဖြင့် အကျိုးအမြတ်များ ပိုမိုရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

# ကျောက်ဆည်မြို့နယ်၌ ကီလိုမာလကာသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရ

**ကျောက်ဆည် ဒီဇင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်လွှဲ၊ တောင်နောက်၊ သံရွာ၊ သံနောက်နှင့် အရှေ့သပြေကုန်း ကျေးရွာတို့တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိပြီး စျေးကွက်ဝယ်လိုအားရှိသည့် ကီလိုမာလကာသီးနှံများကိုလည်း အများဆုံး စိုက်ပျိုးလာကြကြောင်း သိရသည်။



ကီလိုမာလကာပင်များကို ဩဂုတ်လနှင့် စက်တင်ဘာလများတွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ ကီလိုမာလကာစိုက်ပျိုးရာတွင် ကိုင်းကူးမျိုးစိုက်ပျိုးမှုနှင့် မျိုးစေ့စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီး ကိုင်းကူးမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ကီလိုမာလကာ တစ်ပင်နှင့် တစ်ပင်အကွာအဝေး ၁၅ - ၁၆ ပေခြား၍ တစ်ဧကလျှင် ၃၅၀ ခန့် စိုက်ပျိုးကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် သိန်း ၂၀ ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး နှစ်နှစ်ခန့်အကြာတွင် အသီးများစတင်ခူးဆွတ်ရောင်းချရပြီး ကီလိုမာလကာသီးများကို တစ်နှစ်ပတ်လုံး ရရှိနိုင်ကြောင်း၊ မြေအနေအထားနှင့် အပင်ဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ တစ်နှစ်လျှင် ကီလိုမာလကာ တစ်ပင်လျှင် ပျမ်းမျှအလုံးရေ ၁၀၀-၁၂၀ ခန့်ထွက်ရှိပြီး တစ်ဧကလျှင် ပျမ်းမျှအလုံးရေ ၃၅၀၀၀ ခန့် ထွက်ရှိကြောင်း၊ စျေးကွက်အနေဖြင့် ကျောက်ဆည်ဒေသတွင်း ရောင်းချမှုအပြင် အခြားမြို့နယ်များသို့လည်း တင်ပို့ရောင်းချကြောင်း သိရသည်။

# ပေါက်ခေါင်းမြို့နယ်၌ ရုံးပတီသီးနှံစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရ

**ပဲခူး ဒီဇင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံကိုလည်း စိုက်ပျိုးလျက်ရှိရာ ရုံးပတီသီးနှံကို မိသားစုတစ်နိုင်တစ်ပိုင်အနေဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ရုံးပတီသီးနှံကို ရာသီမရွေးစိုက်ပျိုးကာ စိုက်ပျိုးပြီး တစ်လခွဲခန့်အကြာတွင် အသီးများစတင် ခူးဆွတ်ရကြောင်း၊ ရုံးပတီမျိုးအနေဖြင့် အပင်ငယ်မျိုးကို စိုက်ပျိုးကြပြီး တစ်ပင်နှင့် တစ်ပင် အကွာအဝေး နှစ်ပေ သုံးပေခြား၍ စိုက်ပျိုးရကြောင်း၊ ရုံးပတီသီးနှံတစ်ဧကလျှင် ရုံးပတီမျိုးစေ့ ၁၀၀ ခန့် စိုက်ပျိုးနိုင်ပြီး မျိုးစေ့၊ သွင်းအားစု၊ အလုပ်သမားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ရှစ်သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ရုံးပတီသီး ပိဿာချိန် ၁၀၀၀ ခန့် ထွက်ရှိကြောင်း၊ စျေးကွက်အနေဖြင့် ပေါက်ခေါင်းမြို့နှင့် ပြည်မြို့ရှိ ကုန်စိမ်းသီးနှံဒိုင်များသို့ တင်ပို့ရောင်းချ၍ အကျိုးအမြတ်ရလျက်ရှိကြောင်း ရုံးပတီသီးနှံစိုက်တောင်သူများထံမှ သိရသည်။



# အထက်မင်းလှမြို့နယ်၌ ပဲနက် (ခေါ်) မောင်မခေါ်ပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မကွေး ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ဘွဲ့ကျေးရွာအုပ်စုရှိ ဇီးတောကျေးရွာ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ပဲနက်(ခေါ်) မောင်မခေါ်ပဲသီးနှံကို စိုက်ဧက ၄၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ပဲနက်(ခေါ်) မောင်မခေါ်ပဲသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး ငါးလအကြာတွင် ခူးဆွတ်ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် ပဲနက်(ခေါ်) မောင်မခေါ်ပဲမျိုး တစ်တင်းခန့်ကုန်ကျကြောင်း၊ မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် သုံးသိန်းခန့် ကုန်ကျကြောင်း သိရသည်။

**အကျိုးအမြတ် ပိုမိုရရှိနိုင်မည်**

စျေးကွက်အနေဖြင့် အထက်မင်းလှမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။ ယခုအချိန်တွင် ရာသီဥတုကောင်းမွန်၍ ပဲနက်(ခေါ်)မောင်မခေါ်ပဲ စိုက်ခင်းများမှာ အသီးအပွင့်များဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံထွက်ပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်၍ စျေးကောင်းရရှိပါက အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ပဲနက်စိုက် တောင်သူတစ်ဦးထံမှ သိရသည်။

သတင်း ရင်းမြစ်- စီးပွား/ကူးသန်း

## ၂၃-၁၂-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး စျေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နှမ်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၀၅၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၇၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၃၂၀၀၀ | ၄၅၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၈၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၂၀၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၆၀ | ၁၇၅၀၀ | ၄၅၀၀ | ၁၇၅၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လှိုင်ကော် | ၄၅၀၀ | | ၇၅၀၀ | ၂၀၀၀၀ | ၈၂၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | | | ၄၀၀၀ | ၇၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၈၀၅၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၃၀၀ | ၁၈၀၀၀ | ၈၀၃၀ | ၁၈၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၈၄၀၀ | ၁၉၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၈၀၀ | ၂၃၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၉၀၀၀ | ၈၅၆၀ | ၁၈၅၀၀ | ၄၈၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၉၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၁၀၅၀၀ | ၈၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၇၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၅၄၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၉၀၀၀ |
| ၁၀ | ပုသိမ် | ၃၃၅၀ | | ၅၃၀၀ | ၂၁၅၀၀ | ၈၁၀၀ | ၁၀၀၀၀ | ၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၁၇၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၆၃၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၈၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၄၃၀ | ၁၆၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၀၀၀ | ၈၄၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၅၀၀ | ၈၂၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၇၀၀ | ၉၀၀၀ | ၈၅၀၀ | ၁၃၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၀၇၅ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၁၅၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၁၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၄၀၀ | ၉၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၇၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၂၀၀ | ၁၄၈၀၀ | ၃၉၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၈၀၀ | ၆၀၀ | ၈၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၆၈၀၀ | ၅၁၅၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၁၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၂၀၀ | ၁၅၂၀၀ | ၄၂၀၀ | ၁၅၅၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၆၀၀ | ၉၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၇၅၀၀ | ၅၁၅၀ | ၁၉၀၀၀ | ၂၈၅၀၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၁၂၀၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၅၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၂၆၀၀၀ | ၃၂၀၀၀ | ၂၉၀၀၀ | | ၁၆၀၀၀ |

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ မကြာမီရောက်ရှိမည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုအစီအစဉ်အဖြစ် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် (သောကြာနေ့)ညတွင် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ကချင်တိုင်းရင်းသား/သူ တေးသံရှင်များ စုပေါင်းသီဆိုမည့် **"သံစဉ်ဝေဖြာ မနောအလှကဗျာ"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၂၇-၁၂-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ
"သံစဉ်ဝေဖြာ မနောအလှကဗျာ"တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့်
တေးသီချင်း(၁၃)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ချီဖွေမြို့လေးဆီသို့ | တိုင်းရင်းသားအဆိုရှင် |
| ၂။ | Byin Pu Pu Ten (ချယ်ရီပွင့်ချိန်) | တိုင်းရင်းသူအဆိုရှင် |
| ၃။ | Jaw Prat Du Hkra (သက်ဆုံးတိုင်) | တိုင်းရင်းသားအဆိုရှင် |
| ၄။ | Tung: Mung''Dain(တို့ရဲ့မြေ) | တိုင်းရင်းသူအဆိုရှင် |
| ၅။ | Lungdin Salum(မလှည့်စားနဲ့) | တိုင်းရင်းသူအဆိုရှင် |
| ၆။ | ချစ်သောဟေမာန် | တိုင်းရင်းသူအဆိုရှင် |
| ၇။ | မြစ်ကြီးနားကကြိုနေမယ် | တိုင်းရင်းသားအဆိုရှင် |
| ၈။ | မလိခချစ်သူစကား | တိုင်းရင်းသားအဆိုရှင် |
| ၉။ | အချစ်ပုံပြင် | တိုင်းရင်းသားအဆိုရှင် |
| ၁၀။ | အလည်လာပါမနောမြေမှာ | တိုင်းရင်းသူအဆိုရှင် |
| ၁၁။ | တောင်ပေါ်မြို့လေး | တိုင်းရင်းသားအဆိုရှင် |
| ၁၂။ | Marit Shingran (အိပ်မက်) | တိုင်းရင်းသူအဆိုရှင် |
| ၁၃။ | ပြည်ထောင်စု | Group Song |

❖ **MFF မှ**

SGF အသင်း ယှဉ်ပြိုင်မည်ဖြစ်သည်။

ဒီဇင်ဘာ ၂၉ ရက် ကျင်းပမည့် ပွဲစဉ်(၁)တွင် MIU အသင်းနှင့် YRG အသင်း၊ ဖူဆယ်ချစ်သူအသင်းနှင့် MH Dream Team အသင်း၊ VUC အသင်းနှင့် SGF အသင်း၊ Generations အသင်းနှင့် YCDC Marga အသင်း၊ Winner Soccer အသင်းနှင့် M2K အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပြိုင်ပွဲကို အပတ်စဉ်တနင်္ဂနွေနေ့နှင့် ကြာသပတေးနေ့တွင် ကျင်းပမည်ဖြစ်ပြီး ပထမအကျော့ကို ဒီဇင်ဘာ ၂၉ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ – MFF**



# တောင်ငူမြို့၌ ပဲခူးတိုင်းဒေသကြီး MSMEs ဒေသထွက်ကုန် တတိယမြောက် အရောင်းစင်တာ ဖွင့်လှစ်

**တောင်ငူ ဒီဇင်ဘာ ၂၃**

တောင်ငူမြို့ (၁၆)ရပ်ကွက် (၁) လမ်း၌ ပဲခူးတိုင်းဒေသကြီး MSMEs ဒေသထွက်ကုန်အရောင်းစင်တာ ဖွင့်လှစ်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**ဖွင့်လှစ်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် အရောင်းစင်တာအတွင်း ခင်းကျင်းပြသထားသည့် စားသုံးကုန်နှင့် လူသုံးကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။ ပဲခူးတိုင်းဒေကြီးအတွင်းမှ ထွက်ရှိသည့် ဒေသထွက်ကုန်များအား တစ်နေရာတည်း တစုတစည်းတည်းဖြင့် မူရင်းဈေးအတိုင်းဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးခြင်းဖြစ်ကာ ကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး အရောင်းစင်တာသို့ ဈေးဝယ်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဒေသထွက်ကုန်ကြမ်းပစ္စည်းများကို အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချခြင်း၊ ဈေးကွက်ယှဉ်ပြိုင်ရာဖွေခြင်း၊ အရည်အသွေးပြည့်မီသော ထုပ်ပိုးမှုစနစ်များဖြစ်ပေါ်လာစေရေးနှင့် MSMEs လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေး ရည်ရွယ်ချက်ဖြင့် တိုင်းဒေသကြီး ဒေသထွက်ကုန်အရောင်းစင်တာအား ပဲခူးမြို့၊ ပြည်မြို့အသီးသီး၌ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ယခုအခါ တောင်ငူမြို့၌ တိုင်းဒေသကြီး ဒေသထွက်ကုန်အရောင်းစင်တာအား တတိယမြောက်အနေဖြင့် ဆိုင်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ အရောင်းစင်တာတွင် စားဖိုဆောင်သုံးပစ္စည်း ၂၂ မျိုး၊ တိုင်းရင်းဆေးဝါး ၃၂ မျိုး၊ အဝတ်အထည်နှင့် လူသုံးကုန် ၁၃ မျိုးနှင့် စားသောက်ကုန်ပစ္စည်း ၁၈၉ မျိုး စုစုပေါင်း ၂၅၆ မျိုး နေ့စဉ်ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

○ **ကျောဖုံးမှ**

အခုပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူး ဆာလာဟာ လီဗာပူးအသင်းနဲ့အတူ ၃၇၃ ပွဲမှာ သွင်းဂိုး ၂၂၉ ဂိုးအထိသွင်းယူနိုင်ခဲ့ပြီဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ စပါးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယား ဒုတိယနေရာက ချယ်လ်ဆီးအသင်းထက် တစ်ပွဲလျော့ကစားထားချိန်မှာ ချယ်လ်ဆီးအသင်းကို လေးမှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းအနေနဲ့ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲဖြစ်တဲ့ နယူးကာဆယ်အသင်း၊ ဖူလ်ဟမ်အသင်းတို့နဲ့ပွဲစဉ်တွေမှာ သရေရလဒ်သာ ထွက်ပေါ်ခဲ့တာကြောင့် ရမှတ်ဆုံးရှုံးမှုတွေရှိခဲ့တာဖြစ်ပါတယ်။

စပါးအသင်းကတော့ လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၁၇) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၂၃ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၁၁ မှာ ရပ်တည်နေတာဖြစ်ပါတယ်။ **ငွေကြယ်**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရပ်ကွက်များအတွင်း မီးဘေးအန္တရာယ် မဖြစ်စေရေးအတွက် ဒီဇင်ဘာ ၂၂ ရက် ညပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်း ရပ်ကွက်များသို့ လှည့်လည်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး လိုက်လံနှိုးဆော်ခဲ့သည်။



အဆိုပါ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနက ဦးစီးအရာရှိ ဦးတင်ထွန်းအောင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်(၂၇) ရပ်ကွက်အတွင်းရှိ ပြည်သူများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး ပြည်သူလူထုအား အသိပညာပေးနှိုးဆော်ခဲ့ကြသည်။

**စဉ်ဆက်မပြတ်ဆောင်ရွက်**

မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် လောင်စာဆီဆိုင်များ၊ ဈေးများတွင် မီးသုံးစွဲမှုများအား အခါအားလျော်စွာ စစ်ဆေးဆောင်ရွက်ခြင်း၊ လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းစသည့် အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မြင့်ရီ(ပြန်/ဆက်)**

# ရေကြည်မြို့နယ်၌ နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**ရေကြည် ဒီဇင်ဘာ ၂၃**

ဧရာဝတီတိုင်း ဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကုသရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက် ၇ နာရီမှစတင်၍မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ကုသရေး ဦးစီးဌာနမှ မြို့နယ်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာ အေးအေးလင်း ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းပင်စင်စား ၂၇၉၈ ဦးတို့အား နှလုံး၊ သွေးတိုး၊ ဆီးချို၊ သွေးချို၊ ပန်းနာရင်ကြပ်စသည့် အခြေခံကျန်းမာရေး ရောဂါဆိုင်ရာများကို စစ်ဆေးပေးပြီး ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးသည့်အပြင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များက ဆန်၊ ဆီ၊ ကြက်ဥနှင့် အခြေခံစားသောက်ကုန်များအား သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေ (GRF)ဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot နံပါတ် | | လုပ်ငန်းအမည် | လုပ်ငန်းတည်နေရာ |
|---|---|---|---|---|
| (၁) | Lot-1 | (က) | တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာရေရရှိရေးအတွက် ထားဝယ်မြို့၊ ထိန်သစ်ရပ်ကွက်၊ မယ်ဇလီလမ်းဘေးတွင် (၆") PVC စက်ရေတွင်း(၃)တွင်း တူးဖော်ခြင်း (၂၃၀)ပေ၊ | ထားဝယ်မြို့ |
| | | (ခ) | ဂါလန် (၃၀၀၀၀)ဆံ့ရေစုကန် (၁၆'x၃၅'x၈') တည်ဆောက်ခြင်း၊ ဂါလန်(၈၀၀၀)ဆံ့ RC ရေစင် (၂၈'x၁၄'x၃၀')တည်ဆောက်ခြင်းနှင့် အုတ်ခြံစည်းရိုး(၂၀၀'x၆')ကာရံခြင်း၊ | |
| | | (ဂ) | ထားဝယ်မြို့သစ်(၁၃)လမ်းနှင့်(၄) လမ်းဆုံမှ ထွေ/အုပ်ဝန်ထမ်းအိမ်ရာအထိ ရေပိုက်လိုင်းသွယ်တန်းခြင်း (၈၈၄၀)ပေ၊ (90 mm) HDPE ပိုက် Pn10၊ | |
| | | (ဃ) | ရေစုကန်တွင် Solar စနစ်တပ်ဆင်ခြင်း၊ | |
| | | (င) | ရေစုကန်တွင် လျှပ်စစ်တပ်ဆင်ခြင်း၊ | |
| | | (စ) | ထားဝယ်မြို့၊ ဆန်းချီရပ်ကွက်ရှိ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် ဝန်ထမ်းအိမ်ရာတွင် ဂါလန်(၃၀၀၀၀)ဆံ့ ရေစုကန် (၁၆'x၃၅'x၈')တည်ဆောက်ခြင်း၊ ဂါလန် (၈၀၀၀)ဆံ့ RC ရေစင် (၂၈' x ၁၄' x ၃၀') တည်ဆောက်ခြင်းနှင့် လျှပ်စစ်သွယ်တန်းခြင်း၊ | |

၂။ အောက်ပါအစီအစဉ်အတိုင်း ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါစတင်ရောင်းချမည့် နေ့ရက်/အချိန် - (၂၀-၁၂-၂၀၂၄) ရက်နေ့ (၁၀:၀၀)နာရီမှ (၁၆:၀၀)နာရီထိ

(ခ) တင်ဒါပိတ်မည့်နေ့ရက်/အချိန် - (၃-၁-၂၀၂၅)ရက်နေ့ (၁၆:၀၀)နာရီ

(ဂ) တင်ဒါဖွင့်လှစ်မည့် နေ့ရက်/အချိန် - (ထပ်မံအသိပေးသွားပါမည်)

(ဃ) တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ - တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထားဝယ်မြို့

၃။ အသေးစိတ်သိရှိလိုပါက တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့၊ ဌာနခွဲ(၁)၊ ဌာနစု(၂)၊ အုပ်ချုပ်/ထောက်ပံ့ဌာနစိတ်၊ (ဖုန်း-၀၅၉-၂၀၂၃၅၅၈) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ထန်းပင်ဆိပ်(၈) ရပ်ကွက်နေ ဦးထန်ခန့်လမ်း-ဒေါ်ထန်ဇဝုန် တို့၏သား နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၅/ကလထ(နိုင်)၁၃၇၇၇၁] ကိုင်ဆောင်သူ မောင်ကျင့်ဆွမ်းခိုင် နှင့် မောင်ကျင့်ဆွင်းခိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၆)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်(၁၆၂၉)(က) အကျယ်အဝန်း (အလျား ၂၀ပေ x အနံ၆၀ပေ)အကျယ်အဝန်းရှိ ဦးလှကြည် အမည်ပေါက် နှစ်(၆၀)ဂရန်အမျိုးအစားမြေကွက်နှင့် ၎င်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ရှင်ဖြစ်သူ ဦးမျိုးမင်းဇော် [၁၂/လသယ(နိုင်)၀၃၉၁၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထားထားစိုး [၁၄/လမန(နိုင်)၀၆၃၄၉၈]နှင့် ဒေါ်မေနှင်းစိုး[၁၂/လသယ(နိုင်)၀၇၀၉၅၅]တို့က (၁၈-၁၂-၂၀၂၄)ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ပြုလုပ်သောနေ့မှစ၍ ဒေါ်ထားထားစိုး [၁၄/လမန(နိုင်)၀၆၃၄၉၈] နှင့် ဒေါ်မေနှင်းစိုး [၁၂/လသယ(နိုင်)၀၇၀၉၅၅]တို့ နှစ်ဦးကသာ တရားဝင်ပိုင်ဆိုင်သွားပြီးရောင်းချသူအပါအဝင် မည်သူတစ်ဦးတစ်ယောက်မှ ပိုင်ဆိုင်ခွင့်မရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထားထားစိုးနှင့် ဒေါ်မေနှင်းစိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်သက်အောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၁၆၄၀)**
**အမှတ်(၉/၁၁)၊ အခန်း(၂၀၄-B)၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၄၅၉၉၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ်(ဒ-၇၀၀၃)၊ မြေဧရိယာ(၀.၁၁၀)ဧကရှိ ဒေါ်မိမိမော် (ဘ) ဦးမှော် [၁၂/အစန(နိုင်)၀၀၉၆၂၃]အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်မိမိမော် ထံမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၂၈၀၄/၂၀၂၂)၊ (၅-၇-၂၀၂၂)ရရှိထားသူ ဒေါ်စုမြတ်စန္ဒီ (ဘ) ဦးအောင်ဝင်းဦး [၁၂/ရကန(နိုင်)၀၇၆၉၁၄]မှ ဒေါ်စန်းစန်းထွန်း(ဘ) ဦးတက်ထွန်း [၁၂/ရကန(နိုင်)၀၇၅၃၆၂]နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၁)ရပ်ကွက်၊ (၁၈)လမ်း၊ (၂၅ပေx ၅၀ပေ)အကျယ်အဝန်းရှိသည့် အမှတ်(၃၁/၃၃)၊ ၇-လွှာဟုခေါ်တွင်သော တိုက်ခန်းအပြင် ယင်းတိုက်ခန်းနှင့်ပတ်သက်ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိလက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်း၍ မိမိတို့သာလျှင်တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သည့် ဒေါ်သီရိလွင် [၁၀/ပမန (နိုင်)၂၁၉၂၂၅] နှင့် ဦးကျော်လင်းနိုင်[၁၀/ပမန(နိုင်)၂၁၉၂၂၆] တို့နှစ်ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဌေးမြင့်[၁၂/ဥကမ(နိုင်)၁၁၁၅၇၄]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်သောကြောင့် အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ရည်မွန်ဦး [LL.B, DBL, WIPO (Switzerland)]**
**အထက်တန်းရှေ့နေ (စဉ်- ၅၀၄၄၇)**
**အမှတ်-၈၂၄၊ တိမ်ညိုလမ်း၊ (၉)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၇၉၉၆၄၈၉၁၄**

## "မန်းရွှေစက်တော် ဘုရားပွဲတော် ကျင်းပမည်"

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၊ မန်းရွှေစက်တော်ရာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်အား (၂-၂-၂၀၂၅) ရက်၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း(၅)ရက်မှ (၁၇-၄-၂၀၂၅)ရက်၊ ၁၃၈၇ ခုနှစ်၊ နှစ်ဆန်း(၁)ရက်နေ့အထိ (၇၅)ရက်တိုင် ကျင်းပသွားမည်ဖြစ်ပါသည်။

ပွဲတော်ကာလအတွင်း တင်ဒါလုပ်ငန်းလုပ်ကိုင်ခွင့်များကို (၂၀-၁၂-၂၀၂၄ )ရက်မှ (၃၁-၁၂-၂၀၂၄)ရက်အထိ မင်းဘူးမြို့၊ ဂေါပကရုံးတွင် သတ်မှတ်ပုံစံဖြင့် လျှောက်ထားနိုင်ပါသည်။

(၃-၁-၂၀၂၅) ရက်နေ့တွင် တည်းခိုဆောင်တင်ဒါ လုပ်ငန်းဖွင့်ပွဲအား နံနက် (၁၀:၀၀) နာရီတွင်လည်းကောင်း၊ အထွေထွေအရပ်ရပ်လုပ်ငန်းများအား (၆-၁-၂၀၂၅) ရက်နေ့ နံနက် (၁၀:၀၀) နာရီတွင်လည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ မင်းဘူးမြို့၌ ကျင်းပသွားမည်ဖြစ်ပါသည်။

အခြားသိရှိလိုပါက မင်းဘူးမြို့၊ မန်းရွှေစက်တော်ရာဘုရား ဂေါပကရုံးသို့ လာရောက်စုံစမ်းမေးမြန်းနိုင်ပြီး အောက်ပါဖုန်းနံပါတ်များတွင်လည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၀၉-၄၄၁၁၀၂၇၀၄၊ ၀၉-၄၄၉၄၄၀၉၆၆**
**မန်းရွှေစက်တော်ရာဘုရား ဂေါပကအဖွဲ့၊ မင်းဘူးမြို့**

## (၁၅-၁၂-၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၂၆)တွင်ပါရှိသော အထက်တန်းရှေ့နေ ဦးနေဝင်းအောင်၏ ပြန်လည်ရှင်းလင်းကြေညာခြင်းအပေါ် ထပ်ဆင့်ရှင်းလင်းကြေညာခြင်းနှင့် သတိပေးတားမြစ်ခြင်းကြေညာချက်

ဒေါ်နယ်လီစိုး(ခ)မစ်ဘားစွလ်သွားနားဘီ [၁၂/ပဘတ(နိုင်)၁၀၃၉၁၉] ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ ထပ်ဆင့်ရှင်းလင်းကြေညာခြင်း-

၁။ ကျွန်ုပ်မိတ်ဆွေသည် မှန်ကန်တိကျသော အထောက်အထားများဖြင့် ဖြစ်ရပ်မှန်ကို ရှေ့နေမှတစ်ဆင့် ထည့်သွင်းကြေညာခဲ့ခြင်းဖြစ်ကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

၂။ ကျွန်ုပ်မိတ်ဆွေသည် ဦးစိုးဦး(ခ)မုဟမ္မဒ်ဟူစိုင်န်ကို အိမ်ထောင်ရေးကိစ္စအား အစ္စလာမ်တရားတော်နှင့်အညီ အပြီးအပြတ်ကွာရှင်းပေးပါရန် (၁၁-၉-၂၀၂၄) ရက်နေ့တွင် လျှောက်ထားလွှာနှင့်အတူ နိကာဟ်စာချုပ်မိတ္တူတို့ကိုပါ ပူးတွဲ၍ မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီများအဖွဲ့ချုပ်(ဗဟို)ထံ တင်ပြလျှောက်ထားခဲ့ရာ အဖွဲ့ချုပ်(ဗဟို)မှ လျှောက်ထားစာအားလက်ခံပြီး (၁၂-၉-၂၀၂၄)ရက်စွဲပါစာဖြင့် ဦးစိုးဦး(ခ)မုဟမ္မဒ်ဟူစိုင်န်အား တွေ့ဆုံဖြေရှင်းနိုင်ရန် အဖွဲ့ချုပ်(ဗဟို)မှ ပေးပို့ခဲ့ရာ ၎င်းမှာ ယခုနေထိုင်သောလိပ်စာတွင်မရှိကြောင်း စာတိုက်မှ ပြန်လည်ပေးပို့လာသောကြောင့် အဖွဲ့ချုပ်ဗဟိုမှ လျှောက်ထားစာနှင့်အတူ ပေးထားပါသောဖုန်းအား အကြိမ်ပေါင်းများစွာခေါ်ဆိုခဲ့သော်လည်း ကိုင်ဆောင်ခြင်းမရှိပါသောကြောင့် အဖွဲ့ချုပ်ဗဟိုမှ (၂၆-၉-၂၀၂၄) ရက်နေ့စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၂၅)၌ **"ဦးစိုးဦး(ခ)မုဟမ္မဒ်ဟူစိုင်န် (UMW-135250) သိစေရန်"** ခေါင်းစဉ်ဖြင့် ကြေညာခဲ့ပြီး တွေ့ဆုံမည့်နေ့ရက်၊ အချိန်၊ နေရာတို့ကို ထည့်သွင်း၍ လူကြီးမင်းအနေဖြင့် လာရောက်ဖြေရှင်းခြင်းမရှိပါက လျှောက်ထားစာအပေါ် တရားတော်နှင့်အညီ အိမ်ထောင်ရေးကိစ္စအား ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တစ်ပါတည်းသိစေအပ်ပါသည်ဟု ကြေညာထားသည်ကို ညွှန်ကြားချက်အရ သိရှိရပါသည်။

၃။ ကျွန်ုပ်မိတ်ဆွေသည် စောင့်ဆိုင်းခဲ့ပါသော်လည်း လူကြီးမင်းမှာ လာရောက်ရှင်းလင်းခြင်းမရှိသည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ် (ဗဟို)မှ (၂-၁၁-၂၀၂၄) ရက်နေ့တွင် ကျွန်ုပ်မိတ်ဆွေ၏ လျှောက်ထားချက်အပေါ် ဖသ်ဝ်ခမ္ဗသတ်ပြန်ကြားစာပေးအပ်ခဲ့သောကြောင့် (၃-၁၁-၂၀၂၄)ရက်နေ့တွင် ခင်ပွန်းအဖြစ်မှ အပြီးအပြတ်ကွာရှင်းပြတ်စဲကြောင်း မွှက်ဟကြေညာချက်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)တွင် ကြေညာချက်ပြုလုပ်ခဲ့ပြီး အဖွဲ့ချုပ်(ဗဟို)မှ ဒုဥက္ကဋ္ဌ(၁) မောင်လာနာမုဟမ္မဒ်ယူစွဖ်(ခ)ဆရာကြီးဦးရင်မောင် ရှေ့တွင် ကြေညာခဲ့ခြင်းဖြစ်ပြီး ဦးနေဝင်းအောင် (အထက်တန်းရှေ့နေ) အား ညွှန်ကြားချက်ပေး၍ ကြေညာခဲ့သူ ဦးစိုးဦး(ခ)မုဟမ္မဒ်ဟူစိုင်န်သည် စာချုပ်၏အဆုံး၌ ဘာသာရေးဘွဲ့ရ သာမန်ပုဂ္ဂိုလ်တစ်ဦး လက်မှတ်ရေးထိုးအတည်ပြုထားခြင်းဟု ကြေညာထားရှိသောကြောင့် သာမန်ဘာသာရေးပုဂ္ဂိုလ်တစ်ဦးမဟုတ်ဘဲ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး(၁)ဖွဲ့ဖြစ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို) ဒုဥက္ကဋ္ဌ(၁)၏ရှေ့တွင် ပြုလုပ်ထားသည်ကို ညွှန်ကြားချက်အရ သိရှိရပါသည်။

၄။ ကျွန်ုပ်မိတ်ဆွေသည် ဦးစိုးဦး(ခ)မုဟမ္မဒ်ဟူစိုင်န်နှင့် ကွာရှင်းရန် နည်းလမ်းတကျ ကွာရှင်းခွင့်တောင်းခံခဲ့ခြင်းဖြစ်ပြီး (၄-၁၁-၂၀၂၄)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၂၇)တွင်လည်း **"ဦးစိုးဦး(ခ)မုဟမ္မဒ်ဟူစိုင်န်နှင့် အများသိစေရန်ကြေညာခြင်းခေါင်းစဉ်"** ဖြင့် ကြေညာခဲ့ပြီးနောက် (၁)လပြည့်၍ ကျော်လွန်သည့်အခါ၌မှသာ သတင်းစာ၌ ပြန်လည်ရှင်းလင်းကြေညာ၍ ဦးစိုးဦး(ခ)မုဟမ္မဒ်ဟူစိုင်န်မှ ပန်းဘဲတန်းမြို့နယ်ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို) ထံသို့ ဆုံးဖြတ်ချက်ချမှတ်ပေးပါရန် လျှောက်ထားခဲ့သည်ဟု ကြေညာချက်တွင် ပါရှိသောကြောင့် ကျွန်ုပ်မိတ်ဆွေအား နည်းလမ်းတကျ ခေါ်ယူခဲ့ခြင်းမဟုတ်၍ ကျွန်ုပ်မိတ်ဆွေမှ သိရှိခြင်းမရှိသောကြောင့် အဆိုပါခမ္ဗသတ်ကို လက်မခံနိုင်သောကြောင့်လည်းကောင်း၊ (၂-၁၁-၂၀၂၄)ရက်စွဲပါ မော်လဝီအဖွဲ့ချုပ်(ဗဟို)မှ ဖသ်ဝ်ခမ္ဗသတ်ပြန်ကြားစာအရသော်လည်းကောင်း၊ (၄-၁၁-၂၀၂၄)ရက်စွဲပါ သတင်းစာကြေညာတွင် ထည့်သွင်းကြေညာခဲ့သောကြောင့်လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေနှင့် ဦးစိုးဦး(ခ)မုဟမ္မဒ်ဟူစိုင်န်မှာ လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းသွားပြီးဖြစ်သည်ကို ညွှန်ကြားချက်အရ သိရှိရပါသည်။

၅။ ဦးနေဝင်းအောင် (အထက်တန်းရှေ့နေ)အား ညွှန်ကြားချက်ပေး၍ ကြေညာခဲ့သူ ဦးစိုးဦး(ခ)မုဟမ္မဒ်ဟူစိုင်န်သည် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၃၈)လမ်း၊ အမှတ်(၃၄)၊ ၅-လွှာ ဟုခေါ်တွင်သော အကျယ်အဝန်း (၂၅ ပေ x ၄၂ ပေ)ရှိ တိုက်ခန်း(၁)ခန်းမှလွဲ၍ ကျန်တိုက်ခန်းများနှင့် မြေကွက်များမှာ ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သော တိုက်ခန်းများနှင့် မြေကွက်များဖြစ်၍ အဆိုပါတိုက်ခန်းများနှင့် မြေကွက်များကိုလည်း **"ဘီနာမီ"** အဖြစ်အမည်ခံ၍ ဝယ်ယူထားသော တိုက်ခန်းများမဟုတ်ကြောင်းကို ညွှန်ကြားချက်အရ သိရှိရပါသည်။

၆။ သို့ပါသောကြောင့် ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သော တိုက်ခန်းများနှင့် မြေကွက်များဖြစ်၍ အဆိုပါတိုက်ခန်းများနှင့် မြေကွက်များအား အမည်ပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပြင်ဆင်မွမ်းမံခြင်း၊ တစ်ခြားနည်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်းများကို ပြုလုပ်ပိုင်ခွင့်ရှိကြောင်းနှင့် ဤကြေညာချက်သတင်းစာမှ ဖော်ပြပါရှိသည်နေ့/ရက်မှစတင်၍ (၇)ရက်ပြည့်မြောက်သည့် နေ့/ရက် နောက်ဆုံးထား၍ ပြန်လည်ရှင်းလင်း ကြေညာခြင်းအား သတင်းစာမှ အတိအလင်း ပြန်လည်ရုပ်သိမ်းပေးပါရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ဖြူဖွေးသန့်**
**အထက်တန်းရှေ့နေ (စဉ်-၅၀၄၀၁)**
**အမှတ်(၂၈/၃၀)၊ ဒုတိယထပ်၊ ရွာမကျောင်းလမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၀၁၅၀၇၄၃**

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ၄၂-လမ်းရှိ အိမ်အမှတ်(၃၉)၊ H-5-လွှာ၊ (12'½"x50') ကျယ်ဝန်းသော တိုက်ခန်းတစ်ခန်း (မီတာ)အပါအဝင် အကျိုးခံစားခွင့်အားလုံးကို အပြီးအပိုင်ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သူ ဒေါ်စန်းမြင့်(DLA 015379) ကိုင်ဆောင်သူထံသို့ ဦးယာစ်အာမတ်[၁၁/မတန(ပြု)၀၀၃၀၀၇]က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ဥပဒေနှင့်အညီ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးယာစ်အာမတ် [၁၁/မတန(ပြု)၀၀၃၀၀၇]**
**အမှတ်(၃၇)၊ ပထမထပ်၊ ၄၂-လမ်း၊ ဗိုလ်တထောင်မြို့နယ်။**
**ဖုန်း-၀၉-၈၉၉၉၇၃၁၅၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဇာဒက်ကြီးကျွန်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈/D)၊ မြေကွက်အမှတ်-၁၁၄၈၊ ဦးသန်းဦး အမည်ပေါက် မြေပါမစ်အမျိုးအစားမြေကွက်ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ x ၆၀) ပေအနက်မှ (၁၀ x ၆၀) ပေ အလယ်ခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သော **ဒေါ်မြင့်မြင့်ကြည် [၁၂/လကန(နိုင်)၀၀၉၃၁၄]** ကိုင်ဆောင်သူမှ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ခံလျက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူထံ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် အိမ်နှင့်မြေကွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါအိမ်နှင့် မြေကွက်ကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အေးမြင့်ရီ BSc, DA, HGP, R.L, DBL, DML, DIL** | **ဦးသိန်းညွှန့် BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)** |
| **ဖုန်း - ၀၉-၇၉၈၈၂၇၅၉၀** | **ဖုန်း - ၀၉-၅၀၅၃၁၀၇** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ် (ဘယ်လင်း)
## လျှပ်စစ်သုံးယာဉ်ဆိုင်ရာပြစ်ချက်ရှာဖွေနည်းနှင့် ပြုပြင်ထိန်းသိမ်းမှုသင်တန်း (၁/၂၀၂၅)အတွက် သင်တန်းသားသစ်များခေါ်ယူခြင်း

(၁) EV မော်တော်ယာဉ် နည်းပညာများဆိုင်ရာ အသိပညာဗဟုသုတများနှင့် ကျွမ်းကျင်မှုများ ဖြည့်ဆည်းနိုင်ရန် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ ပြစ်ချက်ရှာဖွေ နည်းနှင့် ပြုပြင်ထိန်းသိမ်းမှုသင်တန်းအတွက် သင်တန်းသားသစ်များ ခေါ်ယူမည်ဖြစ်ပါသည်။

(၂) လျှောက်ထားသူသည်–
(က) နည်းပညာနှင့်သက်မွေးပညာ လုပ်ငန်းသဘာဝအရ ကျန်းမာရေး ကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းများအား အမှန်တကယ် လုပ်ကိုင်နိုင်သူဖြစ်ရမည်။
(ခ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနမှ G.T.H.S (AT,ET,EC), I.T.C (AT), A.G.T.I, B.Tech, B.E, M.E, Ph.D (Mech, EP, EC, MC) ဘွဲ့ရဝန်ထမ်းများ၊ လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်နေသော ပုဂ္ဂလိကကုမ္ပဏီများ၊ လုပ်ငန်းများမှ ဝန်ထမ်းများ၊ အနည်းဆုံး အခြေခံပညာအထက်တန်းအဆင့်တက်ရောက်ဖူးသူများ လျှောက်ထားနိုင်သည်။

(၃) ခေတ်မီ Lab ပစ္စည်းများ အသုံးပြု၍ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးပါမည်။

(၄) သင်တန်းကာလ(၃)ပတ်ကို ပြီးဆုံးသည်အထိ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သင်တန်းပြီးစီးကြောင်း အသိအမှတ်ပြုလက်မှတ် (Certificate) ရရှိပါမည်။

(၅) လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်–
(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
(ခ) ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံစာကို မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံစာ(မူရင်း)။
(ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော ပညာအရည်အချင်း အထောက်အထား (မိတ္တူ)။
(ဃ) လျှောက်ထားသူ၏အမည်ပါရှိသော အိမ်ထောင်စုစာရင်းဇယား (မိတ္တူ)။
(င) သက်ဆိုင်ရာ နယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာ (မူရင်း)။
(စ) ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

ဖွင့်လှစ်မည့်သင်တန်း – လျှပ်စစ်သုံးယာဉ်ဆိုင်ရာ ပြစ်ချက်ရှာဖွေနည်းနှင့် ပြုပြင်ထိန်းသိမ်းမှုသင်တန်း (Electric Vehicles Maintenance and Troubleshooting Training) (၁/၂၀၂၅)
ဖွင့်လှစ်မည့်နေ့ရက် – (၅-၁-၂၀၂၅) ရက်နေ့မှ (၂၃-၁-၂၀၂၅) ရက်နေ့အထိ၊ (၃)ပတ်၊ (၉၀)နာရီ
ဖွင့်လှစ်မည့်အချိန် – နံနက် (၉:၀၀) နာရီ မှ ညနေ (၄:၀၀) နာရီအထိ (တနင်္လာမှ သောကြာ)
ဖွင့်လှစ်မည့်နေရာ – နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ်(ဘယ်လင်း)၊ ဘယ်လင်း–ရဲရွာလမ်းမကြီး၊ စဥ့်ကိုင်မြို့နယ်၊ ကျောက်ဆည်ခရိုင်၊ မန္တလေးတိုင်းဒေသကြီး။
လက်ခံနိုင်မည့် သင်တန်းသားဦးရေ – (၂၅) ဦး
ဆက်သွယ်စုံစမ်းရန်ဖုန်း – ၀၉-၇၉၀၃၆၁၅၅၃/၀၉-၅၆၆၁၂၃၅/ ၀၉-၇၈၇၀၈၆၄၅၆

[လျှောက်ထားခြင်းကို (၂၄-၁၂-၂၀၂၄) ရက်နေ့မှ (၂-၁-၂၀၂၅) ရက်နေ့အထိ နံနက် (၉:၃၀) နာရီမှ ညနေ (၄:၀၀) နာရီအတွင်း လျှောက်ထားနိုင်ပါသည်။]

**မှတ်ချက်။ အစိုးရရုံးပိတ်ရက်များပိတ်မည်ဖြစ်ပါသည်။**

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## ပတ်စ်ပို့ပျောက်ဆုံး

(ဘ)ဦးကျော်ရွှေ၏သမီး မခိုင်သဇင်စိုး [၇/ဝကန(နိုင်)၂၂၃၇၇၆] ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉-၇၉၉၉၁၁၀၂၁**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးသောင်းညိမ်း၏သား ကျော်ဇင်အောင်[၁၄/မမန(နိုင်)၂၃၀၀၅၅] ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉-၂၅၀၃၇၀၇၇၆**

## "သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ်(၁၇)တွင်နေထိုင်သော ဒေါ်နုနုဖြူ [၁၄/ညတန(နိုင်)၁၉၃၄၉၁] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေနှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးအာကာဦးတို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်သဖြင့် (၇-၄-၂၀၂၄) ရက်နေ့တွင် နှစ်ဦး သဘောတူ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းခဲ့ကြသော်လည်း ဦးအာကာဦးမှ ကျွန်ုပ်မိတ်ဆွေ၏ ကိုယ်ရေးကိုယ်တာများ ဝင်ရောက်စွက်ဖက်ခြင်း၊ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ကျွန်ုပ်မိတ်ဆွေသူငယ်ချင်းနှင့် မိသားစုဝင်များအား ၎င်းနှင့်ပတ်သက်ဆက်နွယ်မှုများရှိသကဲ့သို့ ပြောဆိုပြုမူမှုများ ပြုလုပ်နေသည်ကို ကျွန်ုပ်မိတ်ဆွေမှ ပြန်လည်မြင်တွေ့ ကြားသိနေရပါသည်။ သို့ဖြစ်ပါ၍ ဦးအာကာဦးအနေဖြင့် ကျွန်ုပ်မိတ်ဆွေ၏ ကိုယ်ရေးကိုယ်တာများကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်းရှိသကဲ့သို့ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်နှင့် တရားဝင်ကွာရှင်းပြတ်စဲပြီးစီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မှ ဆက်စပ်သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ချိုမိုင်ဖုဏ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၁၁၇)**
**အမှတ်(၃၂၈)၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၄)ရပ်ကွက်၊ ညောင်တုန်းမြို့။**
**ဖုန်း–၀၉-၄၄၄၇၆၃၃၅၊ ၀၉-၈၇၄၃၃၂၇၂၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း။

ရန်ကုန်မြို့ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဩဘာလမ်း၊ တိုက်အမှတ်(၄၈)ဟုခေါ်တွင်သော မာတ်လှေကားတပ်ဆင်ထားသည့် (၂)ခန်းတွဲ (၈) ထပ်တိုက်၏(၄)လွှာ၊ တတိယထပ်၊ ခြေရင်းခန်း (တိုက်ကိုမျက်နှာမူကြည့်လျှင် ညာဘက်ခြမ်း)မီနီကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့်တို့အား ကန်ထရိုက်တာထံမှ ကြိုပွဲဝင့်စနစ်ဖြင့် ဒေါ်နီလာဦး (၁၄/မမန(နိုင်)၀၀၁၉၃၈)က တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ပိုင်ဆိုင်ပါကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက် အတွင်း တရားဝင်ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့် တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ– ဒေါ်နွယ်နီအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၃၉)**
အမှတ်(၃/၃၀၄)၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉-၂၅၂၂၁၀၈၀၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၅၊ မြေကွက်အမှတ်–၃၇၈/က၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၃၇၈/က)၊ သုမန(၂)လမ်း၊ ၅/ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးဇော်မင်း(ခ)မောင်မောင်[၁၂/သကတ(နိုင်) ၁၁၁၈၄၀] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဒေါ်ခိုင်ဇာထွန်း(ခ)ဒေါ်သူဇာခင်မှ တရားလိုပြုလုပ်၍ အမည်ပေါက် ဦးဇော်မင်း(ခ)ဦးမောင်မောင်အား တရားပြိုင်ထားကာ သာကေတမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်–၅၉/၂၀၂၄ ဖြင့် ပဋိညာဉ်စာချုပ်ပါအတိုင်း အိမ်နှင့်မြေ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုအပေါ် အနိုင်ဒီကရီချမှတ်သည့် (၁၆-၉-၂၀၂၄) ရက်စွဲပါ စီရင်ချက်၊ တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ်–၅၉/၂၀၂၄ ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၁၅-၁၀-၂၀၂၄)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း တာဝန်ခံမိတ္တူမှန်၊ ထုံးပုံကျ အပြီးသတ်အမိန့်၊ သာကေတမြို့နယ်တရားရုံး၏ (၂၂-၁၀-၂၀၂၄)ရက်စွဲပါ စာအမှတ်–၉၄၅/ဇာရီ–၅၉/၂၀၂၄ ဖြင့် တရားရှုံးကိုယ်စား မြေပုံ၊ မြေရာဇဝင်ကူးယူနိုင်ရန် တရားရုံးအရာရှိအဖြစ် ဘီလစ်ဒေါ်မိုးပပမျိုး [၁၂/ဥကတ(နိုင်)၁၄၈၈၅၇] အား တာဝန်ပေးအပ်ပြီးဖြစ်ပါ၍ လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ပါရန် ဌာနသို့ အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ဘီလစ်ဒေါ်မိုးပပမျိုးမှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင် ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ (၇)ရပ်ကွက်၊ ရွှေဂျိုးဖြူ(၄)လမ်း၊ မြေကွက်အမှတ် (၁၅၀/က) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ x ၆၀) ပေရှိ ဦးကြံတင်အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၉ x ၆၀) ပေရှိ မြေကွက်နှင့် မြေကွက်အမှတ်(၁၅၀/ခ) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၂ x ၆၀) ပေရှိ ဦးမြသန်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ချိုချိုစုဟန် [၁၂/ရပသ(နိုင်)၀၄၈၂၈၃] ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ပြည့်ပြည့်ဖြိုး [၁၀/မလမ(နိုင်)၂၄၄၈၅၂]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏ မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပြည့်ပြည့်ဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ မဉ္ဇူသကလမ်းသွယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၂)၊ မြေကွက်အမှတ်(၁၀၉၀)၊ အကျယ်အဝန်း( ၄၀ x ၆၀)ပေ၊ ဧရိယာ(၀.၀၅၅)ကေရှိ ဒေါ်ခင်ထားဝေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အမျိုးစားနှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (ရေ/မီးအစုံပါ) (၁)ထပ်အဆောင်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

အထက်ပါမြေနှင့်အိမ်အား ဂရန်အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းဝင်းထွန်း [၁၂/သဃက(နိုင်)၀၀၁၃၂၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရာ မြေနှင့်အိမ်ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို ဤမြေနှင့်အိမ်အရောင်းအဝယ်ကို ကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးမောင်မောင် [၁၂/အစန(ပြု)၀၀၁၀၂၂] ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငြိမ်းငြိမ်း (LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၈၉၇)**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉-၄၂၅၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆**

ထွန်းတောက်ကြယ်
အိမ်ခြံမြေ အကျိုးဆောင်
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ ရောင်း/ဝယ်ရေးကို ထွန်းတောက်ကြယ် အကျိုးဆောင်မှ ဆောင်ရွက်ပေးပါသည်။
မိတ်ဆွေတို့ စိတ်တိုင်းကျအောင်ဆောင်ရွက်ပေးပါသည်။
09-443777598

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၅၂၈)၊ ဧရိယာ(၀.၀၈၂) ကေရှိ ဒေါ်အိမ့်မိုမိုချို အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်စုမြတ်စန္ဒီ (ဘ) ဦးအောင်ဝင်းဦး [၁၂/ရကန(နိုင်)၀၇၆၉၁၄]မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၅၆၃/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်စန်းစန်းထွန်း (ဘ) ဦးတက်ထွန်း [၁၂/ရကန(နိုင်)၀၇၅၃၆၂]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၁၂ )၊ မြေကွက်အမှတ်( ၁၁၈/က )၊ ဧရိယာ( ၀.၀၃၁ )ကေ၊ အကျယ်အဝန်း( ၂၂'.၆" × ၆၀' ) ( ၁၃၅၀–စတုရန်းပေ )ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်( ၁၁၈/က )၊ တောင်ငူလမ်း၊ ( ၁ )ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်မ ဒေါ်တူး မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပြီး ၊ မိမိသည် အဆိုပါမြေကွက်၊ နေအိမ်အား မိမိ၏သမီးအရင်းဖြစ်သူ ဒေါ်သီတာ (၁၂/လသယ (နိုင်) ၀၃၀၈၈၈) ထံသို့ အပိုးစားနားတစ်ပြားတစ်ချပ်မျှရယူခြင်းမပြုဘဲ မေတ္တာဖြင့်အပြီးအပိုင်ပေးကမ်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍( ၇ )ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ မိမိထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တူး
၁၂/သကတ (နိုင်) ၁၀၈၂၂၅
အမှတ်( ၁၁၈/က )၊ တောင်ငူလမ်း၊ ( ၁ )ရပ်ကွက်၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၁၀)လမ်း၊ အမှတ်(၁၂၈)၊ (၅)ထပ်တိုက်၊ (၅–လွှာ)၊ ဒါဘာ(ခြေရင်းခန်း)၊ (အလျား ၁၁.၅ ပေ x ၅၀ ပေ) အကျယ်အဝန်းရှိ လူနေတိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ရှင်ဖြစ်သူ ဒေါ်ဆုမွန်ထက်(ခ)ဒေါ်ဆုမြတ်ရည်နိုင် [၁၄/ကကန(နိုင်)၀၈၈၇၃၆]မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရာဇာစိုးထက် [၅/ပလန(နိုင်)၀၈၅၁၀၉] မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများ စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်လိုသူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးရာဇာစိုးထက်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်သက်အောင် (LL.B) အထက်တန်းရှေ့နေ(စဉ်–၃၁၆၄၀)**
**အမှတ်(၉/၁၁)၊ အခန်း(၂၀၄–B)၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း–၀၉-၄၂၀၀၄၅၉၉၉**

## Nang Win Win Kyu Account ပိုင်ရှင်နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ စီးပွားရေး၊လူမှုရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များအား Nang Win Win Kyu Account ပိုင်ရှင်မှ လူမှုကွန်ရက်စာမျက်နှာပေါ်၌ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေမည့် အကြောင်းအရာများအား တင်ခြင်း၊ ပြောဆိုခြင်း၊ နှောင့်ယှက်ခြင်းများ မပြုလုပ်ပါရန်နှင့် ထိုကဲ့သို့ပြုလုပ်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေး၍ Nang Win Win Kyu Account ပိုင်ရှင်နှင့်တကွ အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ဘရဏီကိုကို [၉/ပမန(နိုင်)၂၃၆၄၇၅]၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းချိုမာခိုင်**
**အထက်တန်းရှေ့နေ(စဉ်–၃၄၈၀၈)**
**အမှတ်(၁၃)၊ တိလောကရပ်ကွက်၊ စိတ္တလမ်း၊**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉-၇၈၀၅၉၃၄၅၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ လူနေရပ်ကွက်အမှတ်–(ရွှေဘုံသာအိမ်ရာစီမံကိန်း)၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ်–၅၀ ဧရိယာ(၀.၂၅၁)ကေရှိ ဣန္ဒိတံကုမ္ပဏီလီမိတက် [မှတ်ပုံတင်အမှတ်–၄၁(၁၉၉၅-၉၆)] အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဒေါ်ယုံရွှေ [၁၃/နဆန(နိုင်)၀၂၅၆၃] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄) ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဦးသက်ပိုင်ကို (LL.B)** | **ဦးမင်းခန့်ကျော် (LL.B)** | **ဒေါ်ဝင်းဇင်ဖြူ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၂၆၂)** | **အထက်တန်းရှေ့နေ (စဉ်–၅၅၈၁၉)** | **အထက်တန်းရှေ့နေ (စဉ်–၅၂၅၁၂)** |

**အမှတ် (၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊(၁၇)ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉-၂၅၄၆၀၈၅၉၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ စိမ်းလဲ့သာယာလမ်း၊ အမှတ်(၁၃၀)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျားxအနံ) (၆၀ပေx ၄၀ပေ)ရှိ မြေကွက်ပေါ်၌ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ အကျယ်အဝန်း (၁၇ပေx၅၄ပေ)ရှိ တတိယထပ်၊ ၄–လွှာ၊ အခန်းအမှတ် (၄/A) (ခေါင်းရင်းခန်း)တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော အိမ်သုံးမီတာ(၁)လုံး၊ ရေမော်တာ (၁)လုံး၊ ရေတိုင်ကီ၊ ရေပူ၊ ရေအေးအပါအဝင် ယင်းတိုက်ခန်းနှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၁၅-၃-၂၀၂၄) ရက်စွဲပါ "တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်" အရ တရားဝင်လက်ရောက်ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်နှင်းအိသက်လွင် [၁၂/လမန(နိုင်)၁၂၆၈၇၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက (၂၀-၁၂-၂၀၂၄) ရက်စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်" ဖြင့် တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ၍ ဝယ်ယူထားပါသည်။ အဆိုပါပစ္စည်းနှင့်ပတ်သက်၍ အပြီးသတ်ငွေအပြေအကျေပေးချေပြီး တရားဝင်လက်ရောက်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်အေးသန္တာမြင့်** | **ဒေါ်ခင်နီလာဦး** |
| **LL.B,W.I.P.O (Switzerland)** | **LL.B, D.B.L, B.D.S (MOFA)(Dip in English), W.I.P.O (Switzerland)** |
| **အထက်တန်းရှေ့နေ (စဉ်–၅၅၀၃၇)** | **အထက်တန်းရှေ့နေ (စဉ်–၃၉၁၁၃)** |

**အမှတ်–၁၁၀၆/ခ၊ အဏ္ဏဝါလမ်းနှင့်ကန်သာယာ(၂)လမ်းထောင့်၊ (၃၅) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း–၀၉-၂၆၄၅၀၉၉၄၅၊ ၀၉-၂၅၉၄၆၄၂၅၅**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တံ့တေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း ဧရိယာ၊ ကွင်းအမှတ်(၀၂)၊ အုပ်စုအမှတ်(RA-2)အတွင်းရှိ-

(၁) အကွက်အမှတ်(တ-၀၂)၊ မြေကွက်အမှတ်(၂၃၄၃)၊ ဧရိယာ(၄၀'× ၆၀')ရှိသည့်မြေကွက်။ ယာယီမြေပေးမိန့်အမှတ်(၂၃၈၅/၂၀၂၀)။

(၂) အကွက်အမှတ်(တ-၀၂)၊ မြေကွက်အမှတ်(၂၃၄၄)၊ ဧရိယာ(၄၀'× ၆၀')ရှိသည့်မြေကွက်။ ယာယီမြေပေးမိန့်အမှတ်(၂၃၈၆/၂၀၂၀)။

အထက်ပါမြေကွက်(၂)ကွက်ကို ယာယီမြေပေးမိန့်(၂)စောင်တွင် တရားဝင်အမည်ပေါက်သူ-ဦးမြင့်စန်းကြိုင်(၁၂/တတန(နိုင်)၀၉၇၂၇၂)(ဘ)ဦးမောင်ပို ကအရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်(၂)ကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက်(၂)ကွက် အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

( လွှဲအပ်ညွှန်ကြားချက်များအရ )

**ဦးသန့်ဇင်** (LL-B) အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်**(LL-B) အထက်တန်းရှေ့နေ(စဉ်-၂၇၃၄၄) Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၀)ရွှေလီလမ်းသွယ်(ထောင့်ကွက်)မြေကွက်အမှတ်(၂၅၃၂)+မြေကွက်အမှတ်(၂၅၃၃)၊ မြေတစ်ကွက်လျှင်(၄၅'×၆၀')စီရှိသည့်၊ နှစ်(၆၀)မြေငှါးဂရန်တွင် ဒေါ်စန္ဒာအေး(၁၃/မမတ(နိုင်)၀၃၀၂၅၂)အမည်ပေါက်မြေကွက်(၂)ကွက်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်း

အထက်ပါမြေကွက်(၂)ကွက်ကို နှစ်(၆၀)မြေငှါးဂရန်တွင် အမည်ပေါက်သူ ဒေါ်စန္ဒာအေး ထံမှအရောင်းအဝယ်သဘောတူကတိစာချုပ်ဖြင့်ဝယ်ယူထားသူ-ဒေါ်ကျန်ပေါက်ဂျီ(၁၃/လရန(နိုင်)၀၀၄၀၇၆)က အရှုပ်အရှင်းကင်းစွာဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း နှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။အဆိုပါမြေကွက်(၂)ကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ)

**ဦးသန့်ဇင်** (LL-B) အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်**(LL-B) အထက်တန်းရှေ့နေ(စဉ်-၂၇၃၄၄) Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူတိုက်နယ်၊ လူနေရပ်ကွက်အမှတ်-၁၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂ ကေ(12K)၊ ပဋ္ဌမတန်းမြေကွက်အမှတ်(၁၀၉)၊ အကျယ်အဝန်း ၅၀'x၃၆' ရှိ နှစ်(၉၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ခန်းတွဲ (၇)ထပ်တိုက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ရှင် ဒေါ်စန်းစန်းသိန်း [၁၂/မဂတ(နိုင်)၀၃၂၈၀၄]ထံမှ ကျွန်မ ဒေါ်ဌေးဌေးနှင့် ကျွန်တော် ဦးထူးကျော်ရှိန်ဝင်းတို့က အပြီးဝယ်ယူထားပါသည်။ ဤမြေကွက်ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**၁။ ဒေါ်ဌေးဌေး** [၁၂/ဗတထ(နိုင်)၀၂၀၄၃၃]

**၂။ ဦးထူးကျော်ရှိန်ဝင်း** [၁၂/ဗတထ(နိုင်)၀၄၀၀၉၈]

**အမှတ်-၂၈၊ သိမ်ဖြူဈေးဖြတ်လမ်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-09-448010730**

## “အများသိစေရန်ကြေညာခြင်း”

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်မင်းထက်[၁၄/ဟသတ(နိုင်)၂၄၂၀၇၈]၊ ဒေါ်ဆွေဆွေမြင့် [၁၂/မဂဒ(နိုင်)၁၁၀၈၈၈]တို့က (၁၃-၁၁-၂၀၂၄)ရက်နေ့တွင် “ဒေါ်စန်းစန်းသိမ့်အမည်ဖြင့် လုပ်ကိုင်ခွင့်ရရှိသော **Title** အမှတ်တံဆိပ်သောက်ရေသန့်လုပ်ငန်းအပါအဝင် ရေသန့်လုပ်ငန်းထုတ်လုပ်မှုနှင့်ပတ်သက်သော ဆက်စပ်ပစ္စည်းများကို နှစ်ဦးသဘောတူ အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်” ဖြင့် ဒေါ်စန်းစန်းသိမ့်[၁၂/မဂဒ(နိုင်)၁၀၁၃၈၂]၊ ဒေါ်ညိုညိုလှိုင်[၁၂/မဂဒ(နိုင်)၁၀၆၆၈၆]တို့ထံမှ ကျွန်ုပ်မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားပြီးဖြစ်ပါကြောင်းနှင့် နောက်နောင်တွင် ဒေါ်စန်းစန်းသိမ့်အမည်ဖြင့် ငွေကြေးပြဿနာအရှုပ်အရှင်းများ ပေါ်ပေါက်လာပါက ဒေါ်စန်းစန်းသိမ့်နှင့် ဒေါ်ညိုညိုလှိုင်တို့၏ တာဝန်သာဖြစ်ပြီး ကျွန်ုပ်၏မိတ်ဆွေဝယ်ယူထားသော **Title** ရေသန့်လုပ်ငန်းဖြင့်သော်လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေတို့နှင့်သော်လည်းကောင်း လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
**ဦးကျော်မင်းထက်** [၁၄/ဟသတ(နိုင်)၂၄၂၀၇၈]
**ဒေါ်ဆွေဆွေမြင့်** [၁၂/မဂဒ(နိုင်)၁၁၀၈၈၈]

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာအောင်(ခ)ဒေါ်နှင်းပွင့်ဇင် (LL.B)**
**(တရားလွှတ်တော်ရှေ့နေ) စဉ်-၁၈၀၃၀**
**အမှတ်-၂၇/၂၉၊ ဒုတိယထပ်၊ (၃၅)လမ်းအောက်၊**
**ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၂၆၀၄၀၁၀၇၁**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ စက်မြေရပ်ကွက်၊ ဆရာစံလမ်းသွယ်၊ မြေတိုင်းရပ်ကွက်(၂)၊ မြေကွက်အမှတ် -၁၂၃/က ဟုခေါ်တွင်သော ဧရိယာ အကျယ်အဝန်း (၂၀ × ၆၀)ပေအနက်မှ ကမ်းနားဘက်မျက်နှာမူလျှင် ဘယ်ဘက်အခြမ်း (၁၀ × ၆၀)ပေပေါ်ရှိ မြေနှင့်အိမ်အား ရောင်းချသူ ဦးမာမက်ဆလင်း(AI - ၁၅၃၇၀၁)ထံမှ (၂၀.၁၂.၂၀၂၄)ရက်စွဲပါ နှစ်ဦးသဘောတူ မြေနှင့်အိမ် အပြီးငွေချေအရောင်း အဝယ်ကတိ စာချုပ်ဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးလှဝင်း (၁၂/ကခက(နိုင်)၀၆၃၅၅၇)မှ ဝယ်ယူပိုင် ဆိုင်ထားပြီးဖြစ်ပါ၍ ဦးမာမက်ဆလင်း အမည်ပေါက်ဂရန်အား ကျွန်ုပ်၏မိတ်ဆွေ ဦးလှဝင်း နှင့် ဦးမာမက်ဆလင်းတို့မှ ပူးတွဲပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ဖြိုးနန္ဒာဦး (LL.B) အထက်တန်းရှေ့နေ (စဉ် ၅၂၉၅၁/၂၀၂၀)

လွှဲအပ်ညွှန်ကြားသူ ဦးလှဝင်း

အမှတ်(၁၅၃)၊၅လွှာA၊ ဆိပ်ကမ်းသာလမ်း၊ရန်ကုန်မြို့၊ ဖုန်း ၀၉ - ၉၇၉၃၄၄၂၇၄၊

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ပျော်ဘွယ်ကြီးကျေးရွာ၊ စာတိုက်ပိုင်း၊ အမှတ်(၄) ဟုခေါ်တွင်သော ဧရိယာ အကျယ်အဝန်း (၆၀ × ၉၅)ပေ ပေါ်ရှိ ရွာမြေနှင့် နှစ်ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချသူ ဦးအေးကျော် (၁၂/တတန(နိုင်)၀၂၂၄၈၆)ထံမှ (၂၂.၁၂.၂၀၂၄)ရက်စွဲပါ နှစ်ဦးသဘောတူ မြေနှင့်အိမ် အပြီးငွေချေအရောင်း အဝယ်ကတိ စာချုပ်ဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းဇော်ဦး (၁၂/တတန(နိုင်)၀၆၀၅၂၆)မှ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါ၍ ၎င်းအကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်၏မိတ်ဆွေ တစ်ဦးတည်းသာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြိုးနန္ဒာဦး (LL.B) အထက်တန်းရှေ့နေ (စဉ် ၅၂၉၅၁/၂၀၂၀)

လွှဲအပ်ညွှန်ကြားသူ ဦးမင်းဇော်ဦး

အမှတ်(၁၅၃)၊၅လွှာA၊ ဆိပ်ကမ်းသာလမ်း၊ရန်ကုန်မြို့၊ ဖုန်း ၀၉ - ၉၇၉၃၄၄၂၇၄၊

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ စက်မြေရပ်ကွက်၊ ဆရာစံလမ်းသွယ်၊ မြေတိုင်းရပ်ကွက်(၂)၊ မြေကွက်အမှတ် -၁၂၃/က ဟုခေါ်တွင်သော ဧရိယာအ ကျယ်အဝန်း (၂၀ × ၆၀)ပေအနက်မှ ခြေရင်းဘက် အခြမ်း (၁၀ × ၆၀)ပေပေါ်ရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချသူ ဒေါ်လွင်လွင်ဦး (၁၂/ဒလန(နိုင်)၁၁၄၀၅၅)ထံမှ (၂၁.၁၂.၂၀၂၄) ရက်စွဲပါ နှစ်ဦးသဘောတူ မြေနှင့်အိမ် အပြီးငွေချေအရောင်း အဝယ်ကတိ စာချုပ်ဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးမာမက်ဆလင်း (AI - ၁၅၃၇၀၁)မှ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါ၍ ၎င်းအကျိုးခံစား ခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်မိတ်ဆွေနှင့်သာ သက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ဖြိုးနန္ဒာဦး (LL.B) အထက်တန်းရှေ့နေ (စဉ် ၅၂၉၅၁/၂၀၂၀)

လွှဲအပ်ညွှန်ကြားသူ ဦးမာမက်ဆလင်း

အမှတ်(၁၅၃)၊၅လွှာA၊ ဆိပ်ကမ်းသာလမ်း၊ရန်ကုန်မြို့၊ ဖုန်း ၀၉ - ၉၇၉၃၄၄၂၇၄၊

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ စမ်းရေတွင်းလမ်း၊ အမှတ်(၇)၊ တည်ရှိရာ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇စီ[၂])၊ မြေကွက်အမှတ်(၁၁၂)၊ မြေအမျိုးအစား-နှစ်(၆၀) မြေငှားဂရန် (သက်ကုန်)၊ မြေအမည်ပေါက် ဒေါ်သက်ရှည်[၁၂/စခန(နိုင်)၀၀၅၆၂၇]၊ ဒေါ်ကြည်လှ[၁၂/စခန(နိုင်) ၀၀၇၀၂၀] တို့၏ မြေကွက်ဖြစ်ပါသည်။ ပူးတွဲအမည်ပေါက်ဖြစ်သူ (မိခင်)ဒေါ်သက်ရှည် သည် (၁၀-၇-၂၀၀၄) ရက်နေ့တွင်လည်းကောင်း (ဖခင်)ဦးဘသန်းသည် (၁၁-၆-၁၉၉၅) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ကြပြီး ၎င်းတို့တွင် သားသမီးများအဖြစ် ဦးတိုးလွင်၊ ဒေါ်စိုးစိုးသန်း(ခ)စုစုအောင်တို့(၂)ဦးသာ မွေးဖွားခဲ့ကြောင်း၊ အခြားသော မွေးချင်းများမရှိကြောင်း၊ ကိတ္တိမသား/သမီးများလည်း မွေးစားထားခဲ့ခြင်းမရှိကြောင်း၊ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အနက်မှ ဒေါ်သက်ရှည်၏ ပိုင်ဆိုင်ခွင့်အစုကို ၎င်းတို့သားသမီး(၂)ဦးကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် အခြားသော အမွေဆက်ခံပိုင်ဆိုင်မည့်သူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ဦးတိုးလွင်[၁၂/စခန(နိုင်)၀၀၇၂၂၀]၊ ဒေါ်စိုးစိုးသန်း(ခ)စုစုအောင်[၁၂/အလန(နိုင်)၀၃၈၇၂၉] တို့မှ ကျောက်တံတားခရိုင်တရားရုံးတွင် ကျိန်ဆိုသည့်ကျမ်းကျိန်လွှာအမှတ်-၂၅၁၅/၂၀၂၄(၁၆-၉-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ မြေငှားဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ကြည်လှ[၁၂/စခန(နိုင်)၀၀၇၀၂၀]နှင့် အတူပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ ပဲခူးစုလမ်း၊ အကွက်အမှတ်(၁၈)၊ ဇရစ်စမ်းတောင်ကွက်၊ ဦးပိုင်အမှတ် (၁၅+၁၆)၊ ဧရိယာ (၀.၁၇၇) ဧကအကျယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှတ်တွဲ အမှတ်-RPNO - 63 V/ 94-95 အရ ဒေါ်မြသန်း အမည်ဖြင့် မြေငှားဂရန်ရရှိထားသည့် မြေကွက်အတွင်းမှ ယခုရောင်းချသူများမှ အမွေဆက်ခံပိုင်ဆိုင်၍ လက်ရှိထားပိုင်ဆိုင်သည့် ဧရိယာ (၅၀ x ၈၀) ပေအကျယ်ရှိ မြေကွက်အတွင်းမှ မြေကွက်၏ ခေါင်းရင်းဘက်ခြမ်း (၂၀ x ၈၀) ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားနေထိုင်ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်ကြသည့် ၁။ ဒေါ်မေရီသန်း (ဘ) ဦးကျော်သန်း [၁၂/ဗဟန(နိုင်)၀၆၉၂၆၀]၊ ၂။ ဦးစိုးသန်း (ဘ) ဦးကျော်သန်း [၁၂/သလန(နိုင်)၀၅၄၂၅၈] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်တို့မိတ်ဆွေ ဦးအောင်သိန်း (ဘ) ဦးမန်နီကျွန်း [၁၂/သလန(နိုင်)၁၉၂၄၂၇] မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်း အထောက်အထား၊ စာရွက်စာတမ်း(မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဖြူမြတ်သွယ် (LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၇၇/၂၀၁၃) ဖုန်း-၀၉-၅၁၃၂၆၄၇

**ဒေါ်အေးသန္တာ (LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၉၉/၂၀၁၄) ဖုန်း-၀၉-၄၂၀၁၉၂၈၂၅

**(ရုံးခန်း) သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ဈေးကြီးလမ်း၊ အမှတ်-၂၀ ဟုခေါ်တွင်သော လိပ်စာတွင်ရာတွင်ရှိသည် (၁)ခန်းတည်း(၈ ၁/၂)တိုက်အဆောက်အဦ၏ အကျယ်အဝန်း(၂၃ပေx၅၀ပေ)ရှိ တတိယထပ်(၄-လွှာ) အခန်းအား လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း တာဝန်ယူဝန်ခံကတိပြုသည့် **ဦးအောင်သိန်းထွဋ်** [၁၂/မဂဒ(နိုင်)၀၉၄၂၅၉] ထံမှဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ငြိမ်းချမ်းဝေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၇၃၀)**
**အမှတ်-၅၀၊ အခန်း(D-10)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၆၃၀၀၆၁၆**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဦးဘိုးသင်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၁၈၄)ပေါ်တွင် ဆောက်လုပ်ထားသော တိုက်အမှတ်(၅၆)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ (၆-လွှာ) ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၇ပေx၅၄ပေ)ရှိသော ရေမီးအစုံ တိုက်ခန်း(၁)ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ဇင်ဦး[၁၂/ဥကတ(နိုင်)၁၆၃၁၆၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြင့်စိုး(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၅၂၀)**
**အမှတ် (၆၆)၊ အောင်မင်္ဂလာ(၂)လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၅၂၈၄၄၅၃၊ ၀၉-၄၂၀၉၂၆၆၉၄**

## အများသိစေရန်ကြေညာခြင်း

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ဦးပုညလမ်း၊ အိမ်အမှတ်-၉၈၁/က ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်-၃၅၊ မြေကွက်အမှတ်-၉၈၁၊ (၂၀x၆၀)ပေအကျယ်ရှိ ဦးမင်းကြည် အမည်ပေါက် ဂရန်မြေနှင့်အိမ်သည်** ဦးမင်းကြည်၏ဇနီး ဒေါ်ဝင်းမေနှင့် ဒေါ်ယဉ်ယဉ်ခိုင်တို့အကြား၌ ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်တွင် ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်(၁၉၈) နှင့် (၃၄၇) တို့ ပိုင်ရေးဆိုင်ခွင့်အငြင်းပွားမှုဖြစ်ပွားလျက်ရှိပါသည်။ ဒေါ်ယဉ်ယဉ်ခိုင်က မြေဂရန်မူရင်းကို ရယူထားသည့်အတွက် ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ဦးမင်းကြည်၏ဇနီး ဒေါ်ဝင်းမေ[၁၂/အစန(နိုင်)၀၈၆၃၇၆] ၏ စာနှင့်ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ မည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လဲလှယ်၊ လှူဒါန်း၊ စွန့်လွှတ်၊ ငှားရမ်းခြင်း ကဲ့သို့ လွှဲပြောင်းခြင်းတစ်ရပ်ရပ်မပြုလုပ်ကြရန်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာ၊ မြေ/ယာဌာနတွင်လည်း ရောင်းချရန်၊ ဘဏ်မှငွေချေးရန်၊ ပိုင်ဆိုင်ကြောင်းကြေညာရန် မြေပုံကူးခြင်းမှစ၍ မည်သည့်မြေယာကိစ္စကိုမျှ ဆောင်ရွက်ခြင်းမပြုကြစေရန် ကန့်ကွက်တားမြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဒေါ်အိန္ဒြာသန်းအောင်(LL.B)** အထက်တန်းရှေ့နေ (စဉ်-၅၅၆၉၂) ဖုန်း-၀၉-၄၂၁၂၁၈၁၂၁

**ဦးလှသိန်း B.Sc.,H.G.P,E.T.E.C,R.LII,D.B.L** အထက်တန်းရှေ့နေ(စဉ်-၂၁၉၇၀) ဖုန်း-၀၉-၄၅၅၀၇၀၆၄၉

**အမှတ်-၂၂၊ ၉၆-လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ်(၃၄)နေ ဒေါ်အေးသီတာ [၁၂/သဃက(နိုင်)၂၀၉၅၄၈] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

မောင်ဝေယံထွန်း[၁၂/သဃက(နိုင်)၂၁၇၈၃၆]သည် ကျွန်ုပ်မိတ်ဆွေ၏သားဖြစ်ပြီး အိမ်ထောင်ခွဲထွက် နေထိုင်သူဖြစ်ပါသည်။ မောင်ဝေယံထွန်းသည် မိခင်၏ပြောဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိခင်အား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်စေရန် အနှောင့်အယှက်ပေးလျက်ရှိနေသည့်အပေါ် မိခင်ဖြစ်သူက တားမြစ်ပြောဆိုသည်ကို နာခံမှုမရှိပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ မောင်ဝေယံထွန်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို မိခင်ဖြစ်သူမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းကိုလည်း မောင်ဝေယံထွန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်အေးသီတာ**
**[၁၂/သဃက(နိုင်)၂၀၉၅၄၈]**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ရာဘီရာဘီ(LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၂၂)**
**တိုက် (၄၄)၊ (၄)လွှာ (အေ)၊ နတ်စင်လမ်း၊ (က)ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၇၂၂၉၆၉၁၉**

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးကျော်ဇေလင်းသည် ၂၁-၁၂-၂၀၂၄ ရက်နေ့တွင် ပြင်ဦးလွင်၌ (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တပ်မတော်နည်းပညာတက္ကသိုလ်**
**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁)မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်သန်းဦး (မဦး)
**B.Sc (Physics), B.Ed (အထပြ-ငြိမ်း)**
### အသက်(၆၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီး စိုးညွန့်လွင်(ငြိမ်း)၏ ချစ်လှစွာသောဇနီးဖြစ်သူ ဒေါ်ခင်သန်းဦး (အထပြ-ငြိမ်း) [ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)ကျောင်းသူဟောင်း၊ ၁၉၈၄ ခုနှစ် ဗန်းမောက်မြို့နယ် စာတတ်မြောက်ရေးလှုပ်ရှားမှု လုပ်အားပေးကျောင်းသူ] အသက်(၆၀)နှစ်သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့ (စနေနေ့) နံနက် ၀၀:၂၂ နာရီတွင် ဗဟိုရ်စည်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**

**စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ် (၁၁၅) ရှိ (၂) ခန်းတွဲ (၈)ထပ်တိုက်၏ ပထမထပ်၊ (၂) လွှာ၊ ခြေရင်းခန်း၊ အကျယ်အဝန်း (၁၂ ပေခွဲ x၅၀ ပေ) ခန့်ရှိ ကိုယ်ပိုင်မီတာ(၁)လုံး၊ ကိုယ်ပိုင်မော်တာ(၁)လုံး၊ ရေမီးစုံ ပါဝင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်**

အထက်ပါတိုက်ခန်းအား မြေရှင်များနှင့် ကန်ထရိုက်တို့ အကျိုးတူ ကန်ထရိုက်တိုက် ဆောက်လုပ်ရာမှ ကန်ထရိုက်တာပိုင်ဆိုင်လာသော တိုက်ခန်းဖြစ်ပြီး ကန်ထရိုက်တာထံမှ ဒေါက်တာဒေါ်ခင်စန်းဝင်းက ဝယ်ယူခဲ့ပြီး ဒေါက်တာခင်စန်းဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်း၊ အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**Japan - ဘုန်းမြင့် (ငါးသိုင်းချောင်း) (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၄၈/၃၁-၅-၁၉၈၅)**
**အမှတ်(၂၂)၊ (၄+၅+၆) လွှာ၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph: 09-767772099, 09-789877799, 09-799933939**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(JW-၀၄၃)၊ မြေဧရိယာ(၁.၀၇)ဧကရှိ ဦးသန်းစိုး(ဘ)ဦးစိုးလွင် [၉/မနတ(နိုင်)၁၀၅၈၅၂]နှင့် ဦးစိုးအောင်နိုင်(ဘ) ဦးစိုးလွင်[၉/မနတ(နိုင်)၁၀၅၈၅၃] အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား ဦးသန်းစိုး(ဘ)ဦးစိုးလွင်[၉/မနတ(နိုင်)၁၀၅၈၅၂]မှ ဦးစိုးအောင်နိုင်(ဘ)ဦးစိုးလွင်[၉/မနတ(နိုင်)၁၀၅၈၅၃] နှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေငှားစာချုပ် မူရင်းတင်ပြ၍ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ အင်းဝအိမ်ရာစုပေါင်းပိုင် အဆောက်အအုံအမှတ်(၁၆)၊ (၂)ခန်းတွဲ၊ (၄)ထပ်တိုက်၊ မြေညီထပ်၊ အခန်း(၀၀၂)၊ စတုရန်းပေ(၁၁၇၅)ရှိ တိုက်ခန်းနှင့်တကွ ဆက်နွှယ်နေသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်မျိုးကြည် [၅/မရန(နိုင်) ၀၄၂၉၁၆]ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးဝင်းမင်းသန်း [၅/တဆန(နိုင်)၀၈၇၇၁၈]နှင့် ဒေါ်နှင်းစုခိုင်[၅/အရတ(နိုင်)၀၈၆၉၈၉] က အပြီးအပိုင် ဝယ်ယူရန် သဘောတူညီ၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မည်သူမဆို အဆိုပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုဆိုင်ရာ မူရင်းအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နှင်းအိဇာ LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၂၇)**
**အခန်း(၄၀၄)၊ တိုက်(၂၃)၊ အင်းဝအိမ်ရာ၊ မြိတ်လမ်းမကြီး၊ (၆၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၈၉၃၅၁၄၅၆၄**

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးခင်မောင်မောင်(ခ)ဦးချို(ပျဉ်းမနား)
### အသက်(၉၀)နှစ်

ပျဉ်းမနားမြို့နေ (ဦးကောက်-ဒေါ်ဖွားယု)တို့၏သား၊ ရန်ကုန်မြို့နေ(ဦးလှရွှေ-ဒေါ်တိုး)တို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း(၈)ရပ်ကွက်၊ လှည်းတန်းလမ်းမ၊ အမှတ်(၁၀၅)၊ လေးလွှာနေ ဒေါ်ခင်မညို၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးဇေယျာမောင်မောင်)-ဒေါ်ယဉ်ယဉ်ထွန်း၊ Mr.Koh War Ann-ဒေါ်ဇာခြည်မောင်မောင်(ခေတ္တ-စင်ကာပူ)၊ ဦးဝင်းမြင့်-ဒေါ်ဇာနည်မောင်မောင်၊ ဦးသီဟမောင်မောင်-ဒေါ်တင်ဖြိုးဝေတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်ဟိန်းခန့်ဇင်၊ မောင်မင်းသန့်ဇင်၊ မသက်ဆုမြင့်၊ မောင်မင်းမင်းသိုက်တို့၏ချစ်လှစွာသော အဘိုးဖြစ်သူသည် ၂၃-၁၂-၂၀၂၄(တနင်္လာနေ့) နံနက်(၆:၄၅)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၂၅-၁၂-၂၀၂၄ (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၂-၂၀၂၄ (တနင်္ဂနွေနေ့) နံနက်တွင် လှည်းတန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ညိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း**
### ဦးစိုးဝင်း(၂)
**ဦးစီးအရာရှိ(ငြိမ်း)**
### အသက်(၈၅)နှစ်

ရာသက်ပန်အသင်းဝင်အမှတ်(ရာ/၆၉၄) ဦးစိုးဝင်း(၂)သည် ၂၂-၁၂-၂၀၂၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၂၄ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈၊ မြေကွက်အမှတ်-၆၈၅၊ မြေကွက်တည်နေရာ- အမှတ် (၆၈၅)၊ ကျွန်းရွှေမြိုင် (၉) လမ်း၊ (၁၈) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ဦးကျော်သိန်း [၁၂/တမန(နိုင်) ၀၇၆၉၄၉] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးကျော်သိန်း [၁၂/တမန (နိုင်) ၀၇၆၉၄၉] မှ နှစ် (၆၀) ဂရန်မူရင်း ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ မြို့မရဲစခန်း ထောက်ခံချက်၊ နှစ် (၆၀) မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားသည်မှာမှန်ကန်ကြောင်း၊ အဆိုပါမြေကွက်၏ မြေငှားဂရန်မူရင်းမှာ ရောင်းချ၊ ပေါင်နှံ၊ အာမခံတင်သွင်းထားခြင်း၊ ပေးကမ်းထားခြင်းမရှိပါကြောင်း၊ ၎င်းမြေငှားဂရန်မူရင်းနှင့် ပတ်သက်၍ ပြဿနာ တစ်စုံတစ်ရာ မရှိပါကြောင်း၊ မိမိကသာ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကတိသစ္စာပြုလွှာအမှတ် - ၂၃၈၃/၂၄ (၈-၅-၂၀၂၄)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ မိတ္တူလျှောက်ထားလာခြင်းအား မြေပြင်တွင် ကွင်းဆင်းစစ်ဆေးရာ မြေကွက် (၁) ခြမ်းတွင် (၁) ထပ် RC အဆောက်အဦ တစ်လုံးရှိပြီး၊ ကိုယ်တိုင်နေထိုင်ကာ ဦးကျော်သိန်းမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပါသည်။ ကျန် (၁) ခြမ်းတွင် ဦးပြည့်ဖြိုးအောင်တို့ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ရောင်းချထားပြီး၊ ၎င်းမှ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်မရှိ သဘောတူကြောင်း ဝန်ခံကတိပြု ဝင်စာတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ငါ၊ လူနေရပ်ကွက်အမှတ် – စက်မှုလက်မှု၊ မြေကွက်အမှတ် – ၁၉၃၊ အကျယ်အဝန်း (အလျား ၁၁၅' X အနံ $\frac{၁၃၂}{၁၄၆}$ ')၊ ဧရိယာ (၀. ၃၆၇)ဧကရှိ ဦးခင်မောင်ဝင်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် အဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်မောင်ဝင်း (၈/မထန (နိုင်) ၀၄၈၄၉၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေတစိတ်တဒေသအား ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အဆောက်အဦး အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက မြေနှင့်အဆောက်အဦး အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ချိုချိုဝင်း LL.B, D.B.L**
တရားလွှတ်တော်ရှေ့နေ (စဉ် – ၆၉၁၂)
အမှတ်–၅၀၊ အခန်း (A-၂၀)၊ ပ–ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉–၅၁၄၅၁၃၂၊ ၀၉ ၇၆၂၄၇၄၁၅၆

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

### ဦးအောင်ပို့
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ အမှတ်-၃၃(A)၊ ဘောက်ထော်ဘူတာရုံလမ်းနေ (ဦးလှတင်-ဒေါ်သန်းတင်)တို့၏ချစ်လှစွာသော သား၊ (ဦးစိန်ဝင်း)-ဒေါ်ခင်ဆွေအေး၊ (ဦးအုန်းကျော်)-ဒေါ်အေးအေးအောင်၊ ဦးသန်းအောင်၊ ဦးဉာဏ်ထူး-ဒေါ်ဘေဘီတို့၏ ချစ်လှစွာသောညီ/မောင်၊ ဦးအောင်ဘ-ဒေါ်ခင်မာမာရီ၊ ဦးကျော်ဝင်း-ဒေါ်ဥမ္မာနိုင်တို့၏ ချစ်လှစွာသောအစ်ကို၊ ဒေါ်ကြည်ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စိုင်းမင်းအောင်(ခ) မောင်ဉာဏ်လင်း-မနန်းခမ်းအေး၊ မဇင်ဇင်ထက်၊ မဇင်မာထက်-မောင်ကျော်ဖြိုးဝင်းတို့၏ ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏ အဘိုးဖြစ်သူ ဦးအောင်ပို့သည် ၂၃-၁၂-၂၀၂၄ (တနင်္လာနေ့) နံနက် ၁၀:၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၂-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ စိန်ပဒေသာလမ်း၊ မြေကွက်အမှတ်-၇၆၁/ခ၊ အကျယ်အဝန်း (၂၂' ၆"x ၆၀') ပေ၊ ဧရိယာ (၀.၀၃၁) ဧကရှိ နှစ် (၆၀) မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံး**သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် **ရောင်းသူဒေါ်မိုမိုအောင် [၁၂/မရက (နိုင်) ၀၃၀၃၂၁]**အမည်ပေါက်ပြီး တရားဝင်ပိုင်ဆိုင်လက်ရှိထားခြင်းဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုပြီး ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်၍ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ ( ၇ ) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်သူ၏ညွှန်ကြားချက်ဖြင့် -**
**ဒေါ်နေရီရီလင်း LL.B, D.B.L, D.I.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၃၈)**
**အမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၈၆၃၃၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (ဇ-၆၀၃၆)၊ ဧရိယာ(၀.၁၁၆)ဧကရှိ၊ ဦးဇော်ဝင်းမင်း၊ ဒေါ်အေးကြည်မြင့်၊ အမည်ပေါက်နှစ်(၃၀)မြေငှား စာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်စန်းစန်းထွန်း၊ (ဘ)ဦးတက်ထွန်း[၁၂/ရကန(နိုင်)၀၇၅၃၆၂]မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၉၉/၂၀၂၃) နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်စုမြတ်စန္ဒီ(ဘ) ဦးအောင်ဝင်းဦး[၁၂/ရကန(နိုင်)၀၇၆၉၁၄]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ(၀.၁၀၀) ဧကရှိ၊ ဦးငွေစိုး မှတ်ပုံတင်အမှတ် [၉/ပမန(နိုင်)၁၇၂၃၆၇] အဖအမည်၊ ဦးလှအောင် အမည်ပေါက်နှစ်(၃၀)မြေငှား စာချုပ်မြေကွက်အမှတ်(ပ-၂၄၁၄၄)ကို နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၁၁၆/၂၀၁၅(၂၄-၉-၂၀၁၅)ဖြင့် မြေကွက်အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးမျိုးဝင်း မှတ်ပုံတင်အမှတ် [၁၂/ရကန(နိုင်)၀၄၁၀၁၂]၊ အဖ အမည်၊ ဦးမြမှ ဒေါ်သန်းသန်းဝေ၊ မှတ်ပုံတင်အမှတ် [၁၂/ပဘတ(နိုင်)၀၂၅၁၉၂]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၁၊ မြေကွက်အမှတ်-၁၃၉၃၊ ဧရိယာ(၄၀ ပေ x ၆၀ ပေ)အကျယ်အဝန်းရှိ ဦးမြင့်ဆွေနှင့် ဒေါ်ဆန်းနွဲ့တို့ ပူးတွဲအမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်အနက် တရားဝင်မခွဲစိတ်ရသေးသည့်(ခြေရင်းခြမ်း) (၂၀ ပေ x ၆၀ ပေ) အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၌ ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်ကို မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးအောင်ဇော်ထက် [၁၂/စခန(နိုင်)၀၆၅၆၀၆]နှင့် ဒေါ်သဲသီရိဇော်[၁၂/ရကန(နိုင်)၀၇၅၁၃၁] တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးတင်မော်အောင် [၁၂/ရကန(နိုင်)၀၁၅၃၂၁) က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။


**လွှဲအပ်ညွှန်ကြားချက်အရ-**


| | |
|---|---|
| **ဦးကိုကိုဇော်** | **ဒေါ်နှင်းဇာခြည်မြင့်** |
| **LL.B., W.I.P.O (Switzerland)** | **LL.B, D.B.L, D.M.L, D.I.L, D.I.P.L** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၇၇၆၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၂၄၁)** |

**အမှတ်- ၆၂(ပထမထပ်)၊ အခန်း(၁၆)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၉၃၉၇၀၊ ၀၉-၄၄၃၁၀၅၅၈၃၊ ၀၉-၂၅၄၅၄၆၃၆၅**

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။





**သက်ရှိကမ္ဘာ**
**ရှင်သန်ဖို့**
**အိုဇုန်းလွှာကို**
**ထိန်းသိမ်းစို့**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လည်းလို...**

❖ **နိုင်ငံတော်ကချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံသားကောင်းများအဖြစ် နိုင်ငံကို အကျိုးပြုနိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

**ထောင်ဝန်ထမ်းများက နည်းမျိုးစုံဖြင့် ငွေတောင်းကာ မပေးသူများကို ရိုက်နှက်သည်ဟု မဟုတ်မမှန် သတင်းရေးသားဖြန့်ဝေ**

စာမျက်နှာ » ၂၀

**အာဖရိကဒေသ၌ ယခုနှစ်အတွင်း မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ခုနစ်သောင်းနီးပါးရှိ**

စာမျက်နှာ » ၂၁

**တောင်ငူမြို့၌ ပဲခူးတိုင်းဒေသကြီး MSMEs ဒေသထွက်ကုန် တတိယမြောက် အရောင်းစင်တာ ဖွင့်လှစ်**

စာမျက်နှာ » ၂၃

## စပါးအသင်းကို ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး လီဗာပူးအသင်း ဇယားထိပ်၌ လေးမှတ်ဖြတ်ဦးဆောင်နိုင်ခဲ့

ပရီမီယာလိဂ်ပွဲစဉ်(၁၇)ရဲ့ အကောင်းဆုံးနဲ့ နောက်ဆုံးပွဲစဉ်အဖြစ် ဒီဇင်ဘာ ၂၂ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပါးအသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်မှာ လီဗာပူးအသင်းက ခြောက်ဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

**သွင်းယူ**

အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၂၃ မိနစ်နဲ့ ၈၅ မိနစ်မှာ လူးဝစ်ဒိုင်ယက်က နှစ်ဂိုး၊ ၃၆ မိနစ်မှာ အဲလစ်စတာက တစ်ဂိုး၊ ၄၅ မိနစ်မှာ ဇိုဘိုဇလိုင်းက တစ်ဂိုး၊ ၅၄ မိနစ် နဲ့ ၆၁ မိနစ်တို့မှာ မိုဟာမက်ဆာလာက နှစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပြီး စပါးအသင်းအတွက် သွင်းဂိုးတွေကိုတော့ ၄၁ မိနစ်မှာ မက်ဒီဆင်က တစ်ဂိုး၊ ၇၂ မိနစ်မှာ ကူလူဆက်ဗ်စကီးက တစ်ဂိုး၊ ၈၃ မိနစ်မှာ ဆိုလန်စကီးက တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ○




လီဗာပူးအသင်းနှင့် စပါးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ဒီဇင်ဘာ ၂၉ ရက်တွင် စတင်ကျင်းပမည်




ပြီးခဲ့သည့် MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ကျင်းပစဉ်။

ရန်ကုန် ဒီဇင်ဘာ ၂၃

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက်မှ စတင်၍ ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

လာမည့်ရာသီ MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် လက်ရှိချန်ပီယံ VUC အသင်း အပါအဝင် MIU အသင်း၊ ဖူဆယ်ချစ်သူအသင်း၊ MH Dream Team အသင်း၊ Generations အသင်း၊ YCDC Marga အသင်း၊ Winner Soccer အသင်း၊ M2K အသင်း၊ တန်းတက်နှစ်သင်းဖြစ်သည့် YRG အသင်း၊

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❖

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၂၃

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း(အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းလွန်-တမီးလ်နာဒူးမြောက်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားနိုင်ပြီး ဒီဇင်ဘာ ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း(အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေအနီး)သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

